
www.burmeseclassic.com



www.burmeseclassic.com

## ပုံနှိပ်မှတ်တမ်း

စာမူခွင့်ပြုချက်အမှတ် ၅၁၁၆၂၀၀၃၁၀၊ မျက်နှာဖုံးခွင့်ပြုချက်အမှတ် ၅၀၀၀၇၅၀၅၁၀၊

**ထုတ်ဝေသူ**

ဦးအောင်မြင့်၊ အမှတ်(၇)၊ သီတာလမ်း၊ ကျောက်မြောင်း၊ ရန်ကုန်မြို့။

**အတွင်းနှင့်မျက်နှာဖုံးပုံနှိပ်**

ဦးအောင်မြင့်၊ အောင်မြင်ပုံနှိပ်တိုက်၊အမှတ်(၁၆)၊ သစ်ရာပင်လမ်း၊ သုဝဏ္ဏ၊ ရန်ကုန်မြို့။

**ဖြန့်ချိရေး**

အောင်မြင်စာပေ၊ အမှတ်(၁)၊ ဓအောင်ဘာလေလမ်း၊

ကျောက်မြောင်း၊ တာမွေ၊ ရန်ကုန်မြို့။

၅၄၁၇၄၅၊ ၅၅၂၁၀၃၊ ၀၉ ၈၀ ၃၄၅၈၁၊ ၀၉ ၅၀ ၂၁၃၅၄ ။

ပထမအကြိမ် - ၂၀၁၀ ခုနှစ်၊ (အောက်တိုဘာလ)၊ အုပ်ရေ(၅၀၀)၊ တန်ဖိုး(၂၀၀)ကျပ်

၈၉၅.၈၃

ဝိဇ္ဇာ

တစ်ပတ်ရစ် / ဝိဇ္ဇာ။ - ရန်ကုန်၊

အောင်မြင်စာပေ၊ ၂၀၁၀။

၁၅၄ - စာ၊ ၁၃.၅ × ၂၁ စင်တီ။

(၁) ဝိဇ္ဇာ



www.burmeseclassic.com

www.burmeseclassic.com



# အခန်း(တစ်)

BURMESE CLASSIC

"ဒူးပေါ်...တက်...တက်...လာ၊ ဒူးပေါ်...တက်..တက်...လာ..."

"တုံ...ပတုံး..တုံ..ပတုံ..တုတ်တုတ်..."

"ဟား...ဟားဟားဟား....× × × × ×...."

ခြေရင်းဘက် အပနားတို့အိမ်က သီချင်းဖွင့်သံနှင့် ရယ်မော ပြောဆိုသံတွေကြောင့် လပြည့် ဆတ်ခနဲ ခေါင်းထောင်လာကာ နားစွင့်ကြည့်သည်။



www.burmeseclassic.com

www.burmeseclassic.com



သီချင်းက အိန္ဒိယ ပေါက်စနလေးတွေ အိန္ဒိယကြီးများ၏ ဂီတဝတ်မှုန်ကူးခွင့်ရသောသီချင်းဇတ္တဖြစ်ကာ တကယ်လေ့ကျင့်ထားပြီး တကယ်အရည်အချင်းမိစ္စာ သီဆိုထားသဖြင့် ကောင်းပါသည်။

ခုတလော သူနေထိုင်ရာရပ်ကွက်ထဲ ကုလားအိမ် တော်တော်များများ ထိုကုလားလေး သီချင်းဆိုပြိုင်ပွဲ သီချင်းခွေ ဝယ်ကာ ဖွင့်ကြည့်ကြသည်။ သူအပါအဝင် မြန်မာအိမ် အတော်နည်းနည်းသာ မဖွင့်ဖြစ်ပါ။

မကြိုက်လို့မဟုတ်၊ မဖွင့်လည်း နားကွဲအောင် ကြားနေရ၍ မဖွင့်ဖြစ်ကြခြင်းပင်။ အိမ်ခြေနှစ်ရာခန့်ရှိသော သူတို့ရပ်ကွက်ထဲ မြန်မာအိမ်ဆိုလို့ ဆယ်အိမ်ပင် မပြည့်ချင်။

အဆိုးဆုံးက ပညာတတ်ဘွဲ့ရ လူပျိုလူလွတ်ဖြစ်သော သူ့အား ရာအိမ်မှူး ခန့်ထားပြီး ကုလားလူကြီး လုပ်ခိုင်းထားခြင်းဖြစ်လေသည်။






www.burmeseclassic.com

www.burmeseclassic.com



ညက ခေါင်းရင်းက ဒေါ်ရှာဘီ၏သားနှစ်ယောက် ရန်ဖြစ်ကြ၍ သူထွက်ရှင်းပြီး ဆိုပ်မကြာ ဆယ်အိမ်မှူး ဦးဟာရှင် လာခေါ်၍ လိုက်သွားရပြီး လမ်းထိပ်က ဂျနဂျီရောင်းသော ဦးဟာမက်နှင့် ကွမ်းယာရောင်းသော ကားမနီးတို့လင်မယား ရန်ဖြစ်ကြသော ပြဿနာကို ရှင်းပေးရခြင်းဖြစ်သည်။

ပြဿနာက ဦးဟာမက်ဆီမှာ ကားမနီးယောက်ျား ရာကွတ်က ဂျနဂျီ အကြွေးဝယ်ကာ အရက်နှင့် အမြည်းလုပ်သည်။ သူ အကြွေးဝယ်စားတာ သူ့မိန်းမ မသိပါစေနဲ့ဟု မှာထားသဖြင့် ဦးဟာမက်လည်း နှုတ်လုံစွာ ရောင်းချပေးထားသည်။

တစ်ရာနှစ်ရာဖိုးလောက်ထိ ပြဿနာမရှိ။ တစ်ထောင်နှစ်ထောင်ဖြစ်လာတော့ ပြဿနာရှိလာသည်။ ရာကွတ် အကြွေးမဆပ်ဘဲ ထပ်ထပ်ပြီး ယူစားနေသဖြင့် ဦးဟာမက်က မရောင်းတော့ဘဲ ကြွေးဆပ်ရန် ပြောပါသည်။ ရာကွတ်က မဆပ်သည့်အပြင် မူးလာလျှင် ရစ်သေးသဖြင့်. . .

ဦးဟာမက် စကားနည်းရန်စဲသဘောမျိုး ကားမနီးဆီမှာ ကွမ်းယာအကြွေးဝယ်စားသည်။ ရာကွတ်ဆီက ရစရာရှိသော နှစ်ထောင်ဖိုး ပြည့်အောင် ဝယ်စားမည်ဟု ဆုံးဖြတ်ထားသော်လည်း ထောင့်ငါးရာဖိုးမှာတင် ကားမနီး ထပ်မရောင်းတော့ဘဲ အကြွေးတောင်းခြင်းမှ ပြဿနာကို စတင်လိုက်လေသည်။

ဦးဟာမက်က ရာကွတ်အကြွေးနဲ့ ချေပြီး ငါးရာထပ်ပေးပါဟု ပြန်တောင်းသည်။ စကားများကာ ရန်တွေ ဖြစ်ကြသည်။

ရာကွတ်ကလည်း သူ့မိန်းမ ရှေ့မှာဖြစ်၍ ဘူးခံငြင်းသည်။ ရိုက်ကြပုတ်ကြဖြစ်၍ ဦးဟာမက် ဖွဲ့ပြေကုန်ကာ ဦးဟာမက်သား မရန်း



www.burmeseclassic.com

www.burmeseclassic.com



သီး ပါလာသည်။ မရန်းသီး၏လက်သီးမိုးကြောင့် ရာကွတ် သွားကျွတ် သွားပါသည်။

ဒါကို ရာကွတ်၏သောက်ဖော်သောက်ဖက်တွေက မတရား ဘူးဟု ယူဆသဖြင့် မရန်းသီးကို ဝိုင်းရိုက်ကြသည်။ မရန်းသီး ခံနေရ၍ စောင့်ကြည့်နေသော မရန်းသီး၏ယောက်ဖနှစ်ယောက်နှင့် မရန်းသီး သူငယ်ချင်းအုပ်စု ပါလာကာ ရိုက်ကြသည်။

တစ်ချို့ ဓါးပါ ပါလာသဖြင့် ခုတ်ကြသည်။ လမ်းထိပ်မှာ မည်းမည်းတွေကြား ရဲရဲနီသောသွေးတွေ လူးကုန်သည်။ သို့ဖြင့် သူ့လူ ငါ့လူဖြစ်ကုန်ကာ ဒီဖက်လမ်းနှင့် ဟိုဖက်လမ်းဖြစ်သွားပြီး အကြီး အကျယ် ရိုက်ကြခုတ်ကြလေတော့သည်။

ဒီပြဿနာကို သူရှင်းခွင့်ရတဲ့အချိန်မှာ လူစုကွဲပြီး အကွဲအပြဲ များနှင့် ဟိုဖက်စုစု ဒီဖက်စုစု ဖြစ်နေကြသောအချိန် ဥက္ကဋ္ဌပါ ရောက် လာပြီး အားလုံးကို ရယကရုံးထဲ ဆင့်ခေါ်လိုက်သည်။ သို့သော်. . .

လူအရမ်းများကာ ရုံးနှင့် မဆံ့၍ ရုံးပေါ်မှာ နှစ်ဖွဲ့ခွဲ ငုတ်တုတ် ထိုင်ခိုင်းပြီး အမှုရှင်းကြသည်။ ရှင်းတော့ အထက်က ဆိုခဲ့ပြီးသည့် အတိုင်း ပြဿနာရဲ့အခြေအမြစ်ကို ရောက်သွားပါသည်။

ဥက္ကဋ္ဌ ဦးချန်ဒရားက. . .

"ကဲ. . . ကိုလပြည့် ဒီပြဿနာကို ဘယ်လိုရှင်းကြမလဲ"

"ရဲစခန်းကို အကြောင်းကြားလိုက်ပါ"

"မဖြစ်သေးဘူးလေ ရာအိမ်မှူးရဲ့၊ အကုန်ဒုက္ခရောက်ကုန်မှာ ပေါ့"

လပြည့် နားလည်ပါသည်။ ဒီရပ်ကွက်ထဲ အနေကြာသူ သူ့ အတွက် ဥက္ကဋ္ဌသဘောကို သိသည်။ သူတို့တတွေ ပြဿနာဖြစ်ရမှာ



www.burmeseclassic.com

www.burmeseclassic.com



သာ မကြောက်တာ။ ရုံးပြင်ကန္တား ထွက်ရမှာတော့ ကြောက်ကြသည်။ ယခုလည်း ရဲစခန်းအကြောင်းကြားမည်ဆိုတော့ ဥက္ကဋ္ဌကအစ သဘောမကျ။

"မဟုတ်ဘူးလေ ဥက္ကဋ္ဌ. . . ရဲစခန်းက သူတို့ကို ဒုက္ခပေးမှာမဟုတ်ဘူး၊ သူတို့ရှာထားတဲ့ဒုက္ခကို ဖြေရှင်းပေးမှာ"

"မှန်တယ်. . . ဘယ်သူမှ မသွားချင်ဘူး"

"ကောင်းပြီ. . . ဥပဒေနဲ့ ဖြေရှင်းခံရမှာ ကြောက်ရင် ဥပဒေဘောင်ထဲမှာပဲ နေလေ၊ အခု ပြဿနာက သာမန်ထိုးကြကြိတ်ကြရုံတင်မဟုတ်ဘူး. . . ခုတ်ကြထစ်ကြတာ၊ ရထားတဲ့ဒဏ်ရာတွေ လွယ်လွယ်ကူကူ ပျောက်ရင် အကြောင်းမဟုတ်ဘူး၊ သွေးထွက်လွန်ပြီး သေမယ်၊ အတွင်းဒဏ်ရာနဲ့ သေမယ်. . ကဲ. . အဲသလိုဖြစ်လာရင် ဘယ်သူတာဝန်ယူမလဲ၊ ဥက္ကဋ္ဌ တာဝန်ယူမလား"

လပြည့်မေးခွန်းကြောင့် ဥက္ကဋ္ဌ တွန့်သွားသည်။ ဒီလိုတော့လည်း သူ့နားရွက် အညပ်မခံချင်။ သူ့အမျိုးတွေလည်း သူ မပို့ချင်ဖြစ်နေ၍ အားလုံးကြားအောင် သူတို့ဘာသာစကားနှင့် ခပ်ကျယ်ကျယ်အော်ကာ ပြောဆိုလိုက်သည်။ အားလုံးနားလည်ပြီး လှုပ်လှုပ်ရွရွ ဖြစ်ကုန်သည်။

သူကတော့ ဘာမှနားမလည်သဖြင့် ဒီအတိုင်း ငြိမ်နေသေးသည်။ ခဏကြာတော့ လူအုပ်ထဲမှ ဒဏ်ရာရထားသူများ အသီးသီးထွက်လာကာ ဥက္ကဋ္ဌကို ရရှိထားသောဒဏ်ရာများ လာပြကြသည်။

ဥက္ကဋ္ဌက ငါးတောင့်ထိုးဓါတ်မီးကြီးနှင့် ထိုးကာ ကြည့်သည်။ ဒီတော့မှ သူလည်း သဘောပေါက်သည်။ စောစောက ဥက္ကဋ္ဌ ပြောလိုက်သော ရာလွတ်ပလွတ် ဒညင်းသီးက ဒဏ်ရာရသူများ လာရောက်

www.burmeseclassic.com



အစင်းခံနိုင် ဒဏ်ရာကြီးလျှင် ရဲစခန်းမှာ ဖြေရှင်းကြရန် ဖြစ်လေသည်၊

ရဲစခန်း မသွားချင်ကြ၍ အားလုံးလာပြီး အစစ်ခံကြခြင်း ဖြစ်သည်။ ထိုအထဲမှာ ဦးဟာမက်ရဲ့သား မရန်းသီးတော့ မပါ။ ဒဏ်ရာမရလို့ပဲတဲ့ ဆင်လိုက်သည်။

ဥက္ကဋ္ဌက ရထားသောဒဏ်ရာများ မသေလောက်ဟု ယူဆပြီး ပြဿနာဖြစ်သူများအား နောင်မဖြစ်တော့ပါဟု ရယက ရုံးမှတ်တမ်းစာအုပ်တွင် တစ်ယောက်စီ ခေါ်ကာ ဝန်ခံကတိထိုးခိုင်းသည်။ ထိုးကြသည်။ လူများသဖြင့် ညတစ်နာရီမှာ အားလုံးပြီးစီးသွားလေသည်။

သူလည်း ဝတ္တရားရှိနေ၍ ခြင်ကိုက်ခံကာ ထိုင်စောင့်ပေးနေရပြီးမှ ပြန်လာခဲ့သည်။ လမ်းထဲ ဝင်မှ မရန်းသီးကို သူ့မိသားစုက ဆိုက်ကားနှင့် တင်ကာ ခေါ်ထုတ်သွားတာ တွေ့ရသည်။

သူ ဒီအတိုင်း ငြိမ်နေလို့ မဖြစ်တော့မှန်း သိကာ နယ်မြေခံရဲစခန်းသို့ သွားရောက်ပြီး အဖြစ်မှန်ကို သတင်းပို့ကာ အကြောင်းကြားရတော့၏။

တာဝန်ရှိသူများ ညတွင်းချင်း ဝင်ရောက်စစ်ဆေးကာ ဖမ်းဆီးသင့်သူများ ဖမ်းဆီးကာ ခေါ်သွားသည်။ မရန်းသီးကတော့ ဓါးထိုးဒဏ်ရာနှင့် ဆေးရုံမရောက်ဘဲ လမ်းမှာပင် ဆုံးပါးသွားခဲ့သည်။ သူအိမ်ပြန်ရောက်တော့ (၄)နာရီ။ အိပ်ရေးပျက် လူပင်ပန်းသော်လည်းအတွေးမှန်. . . အပြေးမြန်ကာ သတင်းပို့နိုင်၍ တော်တော့သည်။ မဟုတ်လျှင် တာဝန်ရှိသူ ထိမ်ချန်မှုဖြင့် ဘုန်းကြီးအမှု ရွာမပတ်ဘဲ ကုလားအမှု မြန်မာပတ်ပြီး ကုလားလူကြီးဘဝက ဂျွမ်းပြန်ကျသွားဘဲ မာလကီးယားတော့မလို့ သီသီလေးပင်။



www.burmeseclassic.com

www.burmeseclassic.com



သီချင်းသံနှင့် ရယ်မောသံတွေကြောင့် သူဆက်အိပ်လို့မရတော့သဖြင့် နာရီကြည့်လိုက်သည်။

(၈)နာရီ။ ထို့ကြောင့် မျက်နှာသစ်၊ အဝတ်လဲကာ လွယ်အိတ်ဆွဲ၍ ငမိုးရိပ်ဘူတာသို့ ထွက်လာခဲ့တော့၏။

၅. ၅. ၅. ၅.

www.burmeseclassic.com



ပန်း ဆိုးတန်း စူပါကင်း ရောက်တော့ (၉)နာရီ။ အထွက် ပေါက် ထောင့်ဝိုင်းမှာ ကိုထွန်းကြည်နှင့် ကိုဝင်းဖေတို့ ရောက်နေကြ ပြီဖြစ်၍ သူလည်း ဝင်ထိုင်လိုက်သည်။

"ဘယ်လိုဖြစ်တာလဲ. . . လပြည့်၊ မင်းမျက်နှာကြီးကလည်း လင်ပုပ် ဖမ်းထားပါလား"

"အိပ်ရေးမဝလို့ပါဗျာ"

"ဟေ. . . လူပျိုလုပ်စားနေတဲ့ကောင်က အိပ်ရေးမဝဘူးတဲ့ လား"

လပြည့် လက်ဖက်ရည် လှမ်းမှာပြီး ညက သူကြုံရသော ပြဿနာနှင့် အိပ်ရေးမဝသည့်အကြောင်းအား ပြောပြလိုက်သဖြင့် ကိုထွန်းကြည်က. . .

"ငါပြောပါတယ် လပြည့်ရာ၊ မင်း. . အဲ့ဒီအိမ်ကို ရောင်းပြီး



www.burmeseclassic.com

www.burmeseclassic.com



ငါတို့ဖက်မှာ ပြန်ရှာပြီးဝယ်၊ ငွေတောင် ပိုထွက်လာဦးမယ်၊ ပိုတဲ့ငွေကို လိုင်းထဲမှာ အရင်းထပ်ဖြည့်ပြီး နေရာကောင်းလေးတစ်နေရာ ရှာယူလိုက်ဆိုတာ မင်းမှ နားမထောင်ဘဲ. . . ခံပေါ့”

လပြည့် လက်ဖက်ရည်တစ်ငုံ သောက်ပြီး ပန်းကန်ပြန်ချရင်း

“အစ်ကိုပြောတဲ့ အစီအစဉ်က ကောင်းပါတယ်၊ ခက်တာက အဖေ သူ့ချွေးနည်းစာလေး စုဆောင်းပြီး ဝယ်သွားတဲ့အိမ်လေးဖြစ်နေလို့ ကျွန်တော်မလုပ်ရက်တာပါ”

“ဟာ. . . မင်း အဲဒါတွေ ခက်တာပေါ့၊ စာတွေလည်း အများကြီး ဖတ်ထားပြီး ဒီလောက်ညံ့တဲ့အတွေးမျိုး မတွေးသင့်ဘူးကွာ၊ လပြည့်. . . ဒီမှာ ရှင်းရှင်းပြောရရင် ငါတို့ကလည်း မင်းအဖေကို မင်းထက်တောင် ပိုချစ်တယ်ကွ၊ ဘာပဲဖြစ်ဖြစ် ပန်းဆိုးတန်း စာအုပ်အဟောင်းတန်းထဲမှာ မင်းအဖေဟာ ငါတို့ဆရာပဲ၊ ဒီလောကထဲ အတူတူ လုပ်စားပြီး အချင်းချင်း လှိုးကြပတ်ကြ ခုတ်ကြတဲ့အထဲမှာ မင်းအဖေ မပါဘူး၊

ငါတို့ ဒီလောကထဲ မျက်စိသူငယ် နားသူငယ်နဲ့ ရောက်လာချိန် အချဉ်ဆိုပြီး ဝိုင်းထည့်ကြတဲ့အချိန်မှာ မင်းအဖေက ငါတို့ကို ကယ်ခဲ့တူညီခဲ့တယ်၊ ရောင်းတတ်ဝယ်တတ်အောင်လည်း သင်ခဲ့တယ်၊ လမ်းကြောင်းရှိရင် ပြေးတတ်လွှားတတ်အောင်လည်း သင်ခဲ့တယ်၊ ကုန်တုန်ပြောရရင်ကွာ. . . နွေပူရင် ဘယ်လိုစာအုပ်မျိုးခင်း၊ မိုးရွာရင် ဘယ်စာအုပ်တွေ နောက်ကခင်းဆိုတာကအစ သင်ခဲ့တဲ့ဆရာကွ၊ သူဆုံးသွားတာ မင်းအတွက် ဖခင်တစ်ယောက် ဆုံးရှုံးသွားသလို ငါတို့အတွက်လည်း ဆရာတစ်ယောက် ဆုံးရှုံးတာပဲ၊ ဒီတော့ ကိုယ့်ဆရာ ဖွတ်ဆရာဖွတ်စီးကြောင်း ငါတို့က တိုက်တွန်းပါ့မလား၊ အခုဟာက ငါ်းလည်း

www.burmeseclassic.com



စိတ်ရှုပ်သက်သာအောင်၊ မင်းအဖေ ထားပေးခဲ့တဲ့ အမွေအနှစ်ကို လည်း တိုးပွားအောင် ဝိုင်းအကြံပေးတာ ရှင်းရဲ့လား"

ကိုထွန်းကြည် ပါးစပ်အမြှုပ်ထွက်မတတ် ရှင်းပြပြီး မောသွားသလို စကားဖြတ်ကာ ရေနွေးငှဲ့သောက်သည်။ သူလည်း ခေါင်းတညိတ်ညိတ် လုပ်ရင်းက စဉ်းစားပါသည်။ အဖေ ဘာကြောင့် ဒီရပ်ကွက်ထဲမှာ အိမ်ဝယ်ခဲ့ရသနည်း။ ဒါကလည်း တွေးကြည့်ရင် ရှင်းပါသည်။ အဖေ အိမ်ဝယ်တုန်းက ထို ၂၀×၄၀ ပျဉ်ထောင်သွပ်မိုးလေးအား တစ်သိန်းခွဲ ပေးရသည်။ ထိုစဉ်က ငမိုးရိပ်ရပ်ကွက် စံပြရပ်ကွက်တွေမှာ ထိုအိမ်မြေအနေအထားလောက်ကို ငါးသိန်းနှင့် ဆယ်သိန်းကြားမှာ ရှိသည်ဟု အဖေပြောပြဖူးပါသည်။

ထို့ကြောင့် သားအဖနှစ်ယောက် အိမ်ငှားဘဝမှ လွတ်ကျွတ်အောင် စုမိဆောင်းမိ ရှိထားသည့်ငွေလေးနှင့် ပြည့်မီသော ဤအိမ်အား ဖျစ်ညှစ်ကာ ဝယ်လိုက်ပုံရသည်။

မည်သို့ဆိုစေ သူ့အတွက် လူမှုန်းသိစ အရွယ်ကတည်းက ကြန္တေရှိစွာ သိက္ခာရှိစွာ နေလာနိုင်ခဲ့သည်။ စာပေဗဟုသုတ ပြည့်စုံသောဖခင်ကြောင့် ရပ်ကွက်ထဲ ရိုသေကြီးမြတ်စွာ နေခွင့်ရခဲ့သည်။ သူကျောင်းပြီး၍ နောင်တစ်နှစ်မှာ ဖခင်ဆုံးပါးသွားခဲ့သော်လည်း ဖခင်ကြီး ထားခဲ့သော အရိပ်အာဝါသ အရှိန်အဝါနှင့် လက်ငုတ်လက်ရင်း အဟောင်းလိုင်း စီးပွားရေးလေးနှင့် သူ့တစ်ကိုယ်စာ မပူပင် မကြောင့်ကျစွာ ရပ်တည်နိုင်ခဲ့သည်။

ကိုဝင်းဖေ သူ့ပခုံးကို လှမ်းပုတ်၍ သူအတွေးပြတ်ကာ မော့ကြည့်သည်။ ကိုဝင်းဖေက. . .

"ဒီမှာ. . . မင်းအဖေ ငါတို့ကို အမြဲတမ်း ဆုံးမလေ့ရှိခဲ့တဲ့



www.burmeseclassic.com

www.burmeseclassic.com



စကားတစ်ခွန်းရှိတယ်၊ 'ကိုယ့်ဘဝ ကိုယ်ကျောင်းတာ ကိုယ့်ခေါင်းကို သုံး၊ ကိုယ့်မျက်လုံးကို ကိုယ်ယုံ၊ ကိုယ့်ပုံစံခွက်လောက် အနေချောင်တာ မျိုး တခြားမရှိဘူး' တဲ့ကွ. . . ကြားလား၊ ဘာမှတွေဝေမနေနဲ့၊ မင်း လည်း တတ်ထားတဲ့ပညာနဲ့ သိအောင်ကြိုးစားပြီး ကြိုက်တာလုပ်၊ ဆယ်နာရီ ထိုးတော့မယ်၊ ဆိုင်ခင်းမယ်. . . သွားစို့"

သူ ကိုဝင်းဖေကို ကျေးဇူးတင်သလို ကြည့်ပြီး ပြုံးကာ လက် ဖက်ရည်ဖိုး ရှင်းလိုက်သည်။ အားလုံးအတွက်တော့ မဟုတ်၊ လိုင်းသမား တွေ၏ထုံးစံအတိုင်း ကိုယ့်အတွက် ကိုယ်ရှင်းကြေး။



www.burmeseclassic.com

www.burmeseclassic.com

ကိုထီး ဆိုရှူးတယ်

ဘာသာမတူ

လူမျိုးမခွဲဘဲ ချစ်တာ

ကိုယ်တို့နှစ်ယောက်ရဲ့အဖြစ်လား...တဲ့

ကျွန်တော်လည်း

ဘာသာမတူ

လူမျိုးခြား

ရှရွတ်ခန်းတို့ရပ်ကွက်ထဲ...

ဇွဲကောင်းကောင်းနဲ့ ကုတ်ကတ်ပြီးနေတာ...

အဖြစ်မဟုတ်ပါဘူးနော...



www.burmeseclassic.com

www.burmeseclassic.com



# အခန်း(နှစ်)

ဒီနေ့တစ်နေကုန် သူရိန်မင်းနှင့် ဝဿန်မင်းတို့ သူတစ်ပြန် ကိုယ်တစ်ပြန် စစ်ခင်းနေကြသည်။ မနက်လင်းပါပြီဆိုကတည်းက မိုးနဲ့ နေက ပြိုင်တူထွက်လာကြသည်။ ဩကာသ လောကကြီးတစ်ခုလုံးကို မျှော်စင်ကျွန်း လက်ဝှေ့စင်အမှတ်နဲ့လား၊ ဘောလုံးကွင်းအထင်နဲ့လား ဆိုတာတော့ သူတို့ဘာသာ သိကြလိမ့်မည်။ ဆော်တာတော့ အပြိုင် ဆော်နေသည်။ နေကလည်း ပူသည်၊ လုံးဝမလျော့။ မိုးကလည်း ရွာသည်။ လုံးဝအလွတ်မပေး။ ရာသီကတော့ မိုးရာသီ ဖြစ်သဖြင့် ပဓိ



www.burmeseclassic.com

www.burmeseclassic.com



မီးယားလိဒ် လက်သုံးစကားနှင့် ပြောရလျှင် ဝဿန်မင်းအတွက် အိမ်ကွင်းဖြစ်ပြီး သူရိန်မင်းအတွက် အဝေးကွင်းဖြစ်ပါသည်။ တစ်ချို့. . . တစ်ချို့. . . နေမင်းကြီးပဲ ရှုံးတော့မလို၊ မိုးက အံ့ညို့ကာ သည်းပစ်သည်။ ကြာလွန်းလှ တစ်နာရီ၊ နေက ပြန်ပွင့်လာခဲ့သည်။ နေပူတော့လည်း ရေနုတ်မြောင်းထဲ ဆင်းကြဖို့ အနော်ရထာလမ်းထဲ တန်းစီနေတဲ့ မိုးရေတွေ ပွက်ပွက်ပဲ ဆူတော့မလို။

မိုးရေက အနော်ရထာလမ်းနှင့် ရွှေဘုံသာလမ်း ဆုံရာထောင့်နှင့် အနီးဆုံးဖြစ်သည့် (၂၈)လမ်း အဟောင်းတန်းအောက် ရေနုတ်မြောင်းမှ လျှံတက်လာသည့် မိုးရေများနှင့် ပေါင်းကာ ကုန်စျေးတန်းကားမှတ်တိုင်တစ်လျှောက်လုံး ညစ်တစ်တစ်နှင့် စီးဆင်းနေကြသည်။ ရွှေဘုံသာမီးပွိုင့် စိမ်း၍ ကားကြီးကားငယ်တစ်အုပ် ဖြတ်မောင်းလာတိုင်း ဒီလှိုင်းများသဖွယ် ပလက်ဖောင်းသို့ တက်ရိုက်ပစ်သည်။

"ဗွမ်း. . . ဝေါ"

"ဟား. . . ဒီနေ့တော့ စမုံတုံးပါပြီကွာ၊ အလုပ်မဖြစ်လို့ စိတ်ညစ်ရတဲ့အထဲ လူတစ်ကိုယ်လုံးလည်း နံစော်နေပြီ"

ရွှေဝါဆပ်ပြာပုံးဟောင်းလေးပေါ် ပလတ်စတစ်ခြုံပြီး ငုတ်တုတ်ထိုင်နေသော စူလတီး၏ညည်းအော်သံကြောင့် စိုးဝင်း တီဗွီဗီဒီယို အပိုပစ္စည်း ရောင်းဝယ်ရေးအောက် မြေညီထပ်နံရံတွင် ကပ်ထိုင်နေသော ကိုလှသိန်းက သူ့ရှေ့မျက်နှာကို အုပ်ကျနေသော မိုးကာခြုံထည်ကို လှပ်ကာကြည့်သည်။

ထို့နောက် ပေါင်ကြားထဲ ထည့်ထားသော ဂတ်စ်မီးခြစ်ကို ခလုတ်နှိပ်၍ ပါးစောင်မှာ ကိုက်ခဲထားသော သူဇာဆေးပေါ့လိပ်တိုအား မီးညှိသည်။ မီးခြစ်မောင်းတံ အရည်ပျော်ပြီး မီးညွန့်သာ ကျွံသွားသည်။



www.burmeseclassic.com

www.burmeseclassic.com



မီးညှိလို့မရ။ ထို့ကြောင့် ဆေးလိပ်တိုကို ချွတ်ကိုင်ကာ ကြည့်သည်။ ဆေးလိပ်ခေါင်းက ရှုံ့ရစ်နေချေပြီ။

"တောက်. . ."

ကိုလှသိန်း ဒေါပွကာ ဆေးလိပ်တိုကို လွှင့်ပစ်ပြီး မီးကာခြစ်ထည်ကို ဖွားခနဲ ဖွင့်ပစ်သည်။ မီးစိုမှာစိုး၍ ရင်ဘတ်ရှေ့ ချလွယ်ထားသော စစ်သုံးဘေးလွယ်အိတ်ထဲ နှိုက်ကာရှာသည်။ ဆေးလိပ်မရှိတော့ပြီ။ မနက်က ထည့်ယူလာသော သူဇာဆေးလိပ်ငါးလိပ် တစ်လိပ်စီပေးပြီး ကျန်တာ သူ့ဆီမှာ။

ရောင်းသူလည်း မရှိ၊ ဝယ်သူလည်း မလာ၊ ရာသီဥတုကလည်း တစ်နေကုန် ပူလိုက်အေးလိုက်နှင့် လူတွေလည်း ပြာနှမ်းညစ်ပတ်ကာ ဆေးလိပ်ကြီး တွင်တွင်ထိုင်ဖွာနေမှဖြင့် ကုန်လောက်ပြီပေါ့။ ဟုတ်တာပေါ့။

"ဖွမ်း. . . ဝေါ. . ."

"ဟာ. . . (. . . .)မသားတွေရဲ့၊ ဖြည်းဖြည်းမောင်းကြပါဟ"

ယခုမှပင် ကိုလှသိန်း ဒေါသက တကယ်ထွက်လာသည်။

"ဟေ့ကောင်. . ."

"ဗျာ. . . ဆရာ"

"အာချောင်မနေနဲ့ကွ. . . ရေစင်မှာ ကြောက်ရင် ဒီဖက်လှည့်ထိုင်"

"ဒီမှာ ပစ္စည်းဘန်းနဲ့လေ ဆရာ"

"ထားခဲ့. . . မင်းစောက်စုတ်တွေ ဘယ်သူမှ မယူဘူး"

ဆိုတော့မှ စူလတီ ဆပ်ပြာပုံးလေးပေါ်က ခပ်ကုပ်ကုပ် ဆင်းလာကာ ကိုလှသိန်းဘေး လာရပ်သည်။ စူလတီဈေးဘန်းနားက မချွာ



www.burmeseclassic.com

www.burmeseclassic.com



တာလည်း အကြောင်းရှိသည်။ ဟိုဖက်လ,က ဈေးဘန်းထဲကနေ ကွန်ပျူတာ UPS စနစ်သုံး ဘက်ထရီခြောက်နှစ်လုံး အနှိုက်ခံလိုက်ရသည်။ ထိုနေ့က ကိုလှသိန်း အကြီးအကျယ် ဒေါ်ပွပြီး နေ့တွက်ခ မပေး။ နောက်ထပ် တစ်ပတ်လုံးလုံး ဈေးရောင်းမခေါ်တော့သဖြင့် အိမ်မှာ အတော်ပျာယာခတ်သွားသည်။ ထို့ကြောင့် နောက်မဖြစ်စေရပါဘူးဟု ကတိအတန်တန် ပေးကာ ကိုလှသိန်းအိမ်မှာ ရေခပ်လိုက်၊ ထင်းခွဲလိုက်နှင့် သုံးရက်လောက် လုပ်ကိုင်ပေးလိုက်မှ စိတ်ပြေကာ ဈေးရောင်းပြန်ခေါ်ခြင်းဖြစ်သည်။ သည်နောက်ပိုင်း စူလတီ မှိုးပြိုပြို မြေပြိုပြို ဈေးဘန်းဘေးက လုံးဝမခွာ။

ခုတော့. . . အုံနာထံမှ အမိန့်ရသဖြင့် ခွာခဲ့သည်။ သို့သော် မည်းနက်သောမျက်နှာပေါ်က မျက်လုံးသေးသေးကျင်ကျင်လေးအစုံကိုတော့ ဈေးဘန်းထဲ ထည့်ထားသည်။

"မင်းမှာ ဆေးလိပ်ကျန်သေးလား. . ."

စူလတီ ခေါင်းညိတ်ပြပြီး အင်တာနာ ပိုက်ပြတ်လေးနှင့် ဟိုဖက်သည်ဖက် ဖော့ဆို့ပိတ်ထားသောအထဲမှ လက်လေးသစ်ခန့်ကျန်နေသော ဆေးလိပ်တိုကို တရိုတသေ ထုတ်ပေးလိုက်သည်။

ကိုလှသိန်းက ဆေးလိပ်တိုကို မီးညှိရှိုက်ဖွာပြီး ယခုမှပင် အလိုပြည့်သလို မျက်နှာကြည်သာသွားကာ လက်က နာရီကို ကြည့်လိုက်သည်။ လေးနာရီခွဲတော့မည်။

ဒီအချိန် မီးပွိုင့်ထောင့်မှာ လူစုနေကြပြီဖြစ်၍ သူ၏ပစ္စည်းဘန်းပေါ် အုပ်ထားသော ပလတ်စတစ်စကို လှပ်ကာ ဆမ်ဆောင်း သုံးခွေထိုး ဗီစီဒီစက်ကို မ,ထုတ်လိုက်သည်။

"ရော့. . . စူလတီ၊ မီးပွိုင့်ထောင့်ခွင် သွားကွာ၊ အပိုင်ရောင်း



www.burmeseclassic.com

www.burmeseclassic.com



နော်၊ ဘယ်သူမေးမေး အကောင်းလို့ပြော၊ မီးစမ်းပြမယ်လို့ ပြောကွာ"

"ဟာ. . . ဆရာ. . . မနေ့က ဆရာ့အိမ်မှာ စစ်တာ ပါဝါမီးပဲ လင်းတယ်လေ. . ."

"တယ်. . . ဒီလဒ၊ ခုချိန်ထိကို သဘောမပေါက်သေးဘူး၊ မှတ်ထား၊ (၂၈)လမ်းအပေါင်းတန်းမှာ ထက်ခြမ်းကွဲပြီး သံချေးကိုက်နေပစေ၊ ပွတ်ပြီးချတ်ပြီး ပြန်ဆက်ထားနိုင်ရင် အကောင်းပဲ. . . သဘောပေါက်လား"

"ပေါက်ပါပြီဆရာ. . . ဘယ်လောက်နဲ့ ထုတ်ရမလဲ. . ."

"နှစ်သောင်းနဲ့ခေါ်. . . တွေ့တွေ့ဆိုင်ဆိုင် ယူမယ်၊ စျေးဆစ်ချင်သေးတယ်ဆိုရင် ငါ့ဆီ ခေါ်လာခဲ့. . ."

စူလတီ ခေါင်းညိတ်ပြီး ဗီစီဒီစက်အား မိုးကာထဲ သွင်းပိုက်ကာ လိမ်ဖယ်လိမ်ဖယ်နှင့် ထွက်သွားမှ ကိုလှသိန်းဆေးပေါ့လိပ် ဖွာရင်းသူ နေရာမှာ ပြန်ထိုင်လိုက်ပါသည်။ မီးသေသွားသဖြင့် မီးညှိသည်။ ဆေးလိပ်ရေစိုသွားပြန်ပါချေပြီ။

"တောက်. . . ဒီနေ့တော့ အဆင်ကို မပြေပါဘူးကွာ"

၅ ၅ ၅ ၅



www.burmeseclassic.com

www.burmeseclassic.com



"ကိုလှသိန်း. . ."

"ဩော. . . ဖိုးလပြည့် လာကွာ"

ကိုလှသိန်းအိမ်ရှေ့ ဝရန်တာဘေး ထန်းပက်လက်ထိုင်ခုံပေါ် ဆေးလိပ်တစ်တိုနှင့် မှေးမှိန်းနေရာမှ လပြည့်ခေါ်သံကြောင့် ခေါင်းငဲ့ကြည့်ပြီး ခေါ်လိုက်သည်။

ထို့နောက် ကိုယ်ကို ပြန်ထိုင်ပြီး သူ၏ဘေးက ထန်းလက်ခုံပေါ် တင်ထားသော ရေဒီယိုလေးကို လှမ်းယူကာ ပိတ်၍ လပြည့် ထိုင်နိုင်ရန် စီစဉ်ပေးသည်။

လပြည့် အိမ်ရှေ့လေသာဆောင်မှ အိမ်ထဲ လှမ်းချောင်းကြည့်ရင်း ဝင်ထိုင်သည်။

"တိတ်ဆိတ်နေပါလား. . . အစ်မတို့ရော"

"ဈေးသွားတယ်လေ. . . မင်းတူမနှစ်ယောက်ကတော့



www.burmeseclassic.com

www.burmeseclassic.com



အရောင်းစာရေး လျှောက်ထားတာ ဒီနေ့ လူတွေ့ခေါ်တယ်ဆိုလား သွားကြတယ်"

"အစ်ကိုလည်း ဒီနေ့ နားတယ်ပေါ့. . ."

"အင်း. . . နားတယ်ပဲ ပြောပါတော့ကွာ"

ကိုလှသိန်း၏အင်းဆိုသော စကားထောက်သံကြီးက ထွေးမရ အန်မရ ပင့်သက်ကျသံနှင့် ရောထွေးနေကာ မျက်နှာပေါ်မှာလည်း စိတ်ရှုပ်ထွေးမှုများ သိသာထင်ပေါ်နေကြောင်း လပြည့် သတိထားမိသွားသည်။

ကိုလှသိန်းနှင့်သူလည်း ညီအစ်ကိုလို ခင်မင်နေကြသဖြင့် အားမနာဘဲ မေးမိလေ၏။

"ဘာတွေ အဆင်မပြေလို့လဲ အစ်ကိုရ"

"ဟူး. . . မပြေတာကို ဘယ်ကနေ စပြောရမှန်း မသိအောင်တို မပြေတာပဲ လပြည့်ရာ၊ ဟိုကောင်. . . စူလတီတို့အိမ်ဘက်ကရော ဘာသံကြားသေးလဲ"

ကိုလှသိန်းတပည့် စူလတီနှင့် သူက အိမ်ချင်းကပ်လျက် ဖြစ်၍ မေးခြင်းဖြစ်သည်။

"ဘာသံမှတော့ မကြားရဘူး အစ်ကို၊ မနက်က. . . စူလတီ့ အမေဒေါ်ရှာဘီတော့ အိမ်ပေါက်ဝ ထွက်ထိုင်ပြီး ငိုနေတာတော့ တွေ့တယ်၊ မီနားကြည်နဲ့ စလင်းတို့မောင်နှမ ဈေးရောင်းထွက်သွားပြီးမှ အလတ်ကောင် ဒေါ်မနစ်နဲ့ စကားနည်းနည်းများကြသေးတယ်၊ သူတို့ စကားနဲ့ ပြောနေကြတော့ ဘာဖြစ်မှန်း ကျွန်တော်လည်း မသိဘူး၊ ဒေါ်မနစ် အထမ်းနဲ့ ထွက်သွားပြီး အဘွားကြီး အိမ်ပေါက်ဝထွက်ငိုနေ တော့တာပဲလေ၊ စူလတီတော့ မတွေ့မိဘူး အစ်ကို"



www.burmeseclassic.com

www.burmeseclassic.com



ကိုလှသိန်း အတန်ကြာအောင် နှုတ်ဆိတ်နေပြီး ဆေးပေါ့လိပ်တို မီးညှိကာ မီးခိုးထောင်းလမောင်း ထအောင် ဖွာထုတ်နေလိုက်သည်။ ထို့နောက်မှ. . .

"မနေ့က စူလတီ အဖမ်းခံရတယ်"

"ဟင်"

"ပြဿနာက ဒီလိုကွ၊ မနေ့က ဒီကောင့်ကို ဗီစီဒီတစ်လုံးနဲ့ ပို့ခိုင်းခွင်ထဲ ထည့်လိုက်တာ (၆)နာရီထိုးခါနီးမှ ပြန်ရောက်လာတယ်၊ ဗီစီဒီလည်း ငါပြောတဲ့ဈေးနဲ့ အချဉ်တွေ့လို့ ရိုက်ထည့်ပြီး ရလာတယ်၊ အဲဒီ့အပြင် ရိုးလက်စ်နာရီတစ်လုံး နှစ်ထောင်နဲ့ ရလာတယ်၊ ပစ္စည်းက အမှန်အကန်လေး၊ ကောက်တဲ့ဆိုင်မှာ သွားပြန်ထည့်ရင် အနည်းဆုံး နှစ်သောင်းလောက် ကျန်တယ်. . .၊

နောက်ထပ် အပေါ်စက် အောက်စက်တစ်စုံ၊ အပေါ်က တိုရှီဘာ (၂၁)လက်မ တူးတွမ်တီး၊ အောက်က ကိုအီးကို ဒီဗီဒီ၊ မဟုတ်ဘူး အီးဗီဒီ၊ နောက်. . . ဝပ်ထောင့်ငါးရာ မီးအားမြှင့်စက်တစ်လုံး၊ ကွန်ပျူတာ ပီဖိုးတစ်စုံ၊ မတ်တတ်ပန်ကာတစ်လုံး၊ အွဲဒါအားလုံး တစ်ပုံးနဲ့ ဖြတ်မယ်၊

စိတ်ကြိုက်စစ်ကြည့်. . . အားလုံးအကောင်း၊ လုံးဝ အမှန်တွေ ရှိတယ်၊ ကြည့်မြင်တိုင်မှာ လိုက်ယူရမယ်ဆိုတော့ ငါလည်း လမ်းထဲက ပစ္စည်းကြည့်တတ်တဲ့ ဘာဘူလေးနဲ့ စူလတီကို ပိုက်ဆံပေးပြီး လွှတ်လိုက်တယ်၊ ဘာဘူကို အလုပ်ဖြစ်ရင် တစ်ပုလင်း ပေးမယ်၊ စူလတီ ပစ္စည်းရရင် ကားငှားပြီး အိမ်ပြန်သယ်လာခဲ့ပေါ့၊ ငါလည်း စူလတီဘန်းရော ငါ့ဘန်းပါ သိမ်းပြီး အိမ်ပြန်လာခဲ့တယ်၊

ည(၈)နာရီခွဲလောက်မှ မမူတို့အိမ်က ဖုန်းလာတယ်ဆိုလို့ ငါ

www.burmeseclassic.com



သွားကိုင်တော့ စူလတီ ကြည့်မြင်တိုင်စခန်းမှာ အချုပ်ခံထားရတယ်လို့ ဘာဘူလေး ငါ့ဆီ ဖုန်းဆက်တာ၊ ဖြစ်ပုံမေးကြည့်တော့ သူ ဈေးဖြတ်ပေးပြီး ပြန်အထွက် လမ်းထိပ်မှာ ကွမ်းယာဝယ်နေတုန်း ရဲကားတစ်စီး ဝင်သွားတာ တွေ့တယ်တဲ့၊ အဲဒါနဲ့ စူလတီကို စိတ်မချလို့ ကွမ်းဝယ်ပြီး လမ်းထဲ ပြန်ဝင်လာတော့ စူလတီရော ပစ္စည်းတွေ ရောင်းတဲ့လူရော မ,ပြီး ပြန်ထွက်လာကြပြီတဲ့"

ကိုလှသိန်း စကားဖြတ်ပြီး စိတ်ရောလူပါ မောသွားသလို ပက်လက်ထိုင်ခုံအုံးတန်းပေါ် ခေါင်းမှီချလိုက်သည်။

"အဲ့ဒါနဲ့ အစ်ကိုလိုက်သွားလား"

"ဘယ်လိုလုပ် လိုက်မှာလဲကွ. . . မနေ့က ငါ့အိတ်ထဲ ရှိသမျှ အကုန်ခြစ်ချုပ်ပြီး စူလတီနဲ့ ထည့်ပေးလိုက်တာ မိန်းမ ဒီမနက် ဈေးဖိုးတောင် ခေါင်းရင်းအိမ်ကနေ နေ့သွင်းနဲ့ တစ်သောင်းယူလာပြီး သုံးထောင်ပေးလိုက်တယ်၊ ဟိုကောင်မနှစ်ကောင် လမ်းစရိတ် တစ်ထောင်ပေးလိုက်တယ်၊ အငယ်နှစ်ယောက် ကျောင်းမုန့်ဖိုးပေး၊ မနက်တ ထမင်းစားဖို့ မုန့်ဟင်းခါးနှစ်ပွဲ ဝယ်တာနဲ့ အခု ငါ့အိတ်ထဲမှာ ငါးထောင်ပဲ ကျန်တော့တယ်၊

ငါလိုက်သွားရင် ဘာဖြစ်လာမလဲ၊ ငါ့ကိုပါ ဖမ်းထားမလား စူလတီကရော ဘယ်လိုထွက်ဆိုချက် ပေးထားသလဲ၊ အဲ့ဒါတွေ စဉ်းစားနေတာနဲ့ ညကလည်း တစ်ညလုံး အိပ်မပျော်ဘူး၊ ခုမနက်လည်း လူတစ်ကိုယ်လုံး ဆင်ကို ဖမ်းထားရသလို လှုပ်ကို မလှုပ်နိုင်တော့ဘူး ကွာ"

သည်တစ်ကြိမ်တော့ လပြည့် ဦးအောင် ပင့်သက်ရှိုက်သွားသည်။ သူတို့လုပ်ငန်းက 'အမှိုက်ထဲကရွှေ' ဟု ဆိုသော်လည်း အမှိုက်ထဲ



www.burmeseclassic.com

www.burmeseclassic.com



က ရွှေရအောင်ရှာရသလို အမှိုက်ဈေးနှင့် ရွှေဖိုးရအောင် ရင်းရသည် လည်း ရှိသည်။ အမှိုက်ထဲက ရွှေရအောင် ရှာတဲ့နည်းကတော့ ရိုးရှင်းသည်။

အခုတော့ မဟုတ်၊ ဟိုတုန်းက အမှိုက်တွေ ရွှေဖြစ်သော ခေတ်တုန်းက ကိုလှသိန်းက အမှိုက်ပွဲစား၊ အလုံ၊ ဗိုလ်တထောင် အမှိုက်ပုံကြီးတွေမှာ ကိုလှသိန်းတို့လို အမှိုက်ပွဲစားတွေ ခြေချင်းလိမ်ကာ သူ့ထက်ငါ အလုအယက် စီးပွားရှာကြသည်။ ထိုကာလက ၁၈/၇၉ ဂျွန်စီမံချက်ဖြင့် မြို့တော်စည်ပင်သာယာရေးအတွက် အရှိန်အဟုန်မြင့်လှုပ်ရှားမှု ရှိသလို ခေါင်းလောင်းတီးစနစ်ဖြင့် အမှိုက်သိမ်းကားများ ရှိနေသဖြင့် ရပ်ကွက်ထဲမှ စနစ်တကျ စွန့်ပစ်သောအထုပ်ကြီးများ ပိန်းအိတ်ကြီးများအား အခြားသောအမှိုက်များနှင့်အတူ ကားပေါ် ပါလာတတ်သည်။

အမှိုက်ကွင်းကြီးထဲ အမှိုက်ကား ဝင်လာသည်နှင့် ကွင်းစပ်၌ ယာယီသဘောမျိုးခင်း ကျင်းသော လက်ဖက်ရည်ဆိုင်၊ ထမင်းဆိုင်၊ ကွမ်းယာဆိုင်များမှ ပွဲစားများ ထွက်လာကာ ဝိုင်းကြသည်။ ထိုအခါ ကားပေါ် ပါလာသော ဆရာယာဉ်မောင်းက သူ့အလုပ်သမားများအား အထုပ်ကြီးဘယ်လောက်၊ အထုပ်သေး ဘယ်လောက်လဲဟု မေးကာ ပွဲစားများအား ကြားနာစေသည်။ ပြီးမှ ပွဲစားများကို ဈေးပေးခိုင်းသည်။

အထုပ်ထဲမှာ ဘာတွေပါသလဲတော့မသိ၊ ချိတ်ပိတ်တင်ဒါသဘောမျိုး ကံစမ်းမဲဖောက်ကာ ဈေးပြိုင်ပေးကြသည်။ ဈေးအများဆုံးပေးနိုင်သူက ထိုကားပေါ်မှ အမှိုက်ကို ရသွားသည်။

ထိုကာလက ငါးရာတစ်ထောင်မှာ အများဆုံးပေးသောနှုန်းဖြစ်သည်။ ခေတ်ကလည်း ငွေတစ်ရာနှင့် တက်ထိုက်၊ ပလေကစ်



www.burmeseclassic.com

www.burmeseclassic.com



စမတ်ကျအောင် ဝယ်ဝတ်နိုင်သောခေတ်၊ ထိုသို့ဈေးပေးပြီး အမှိုက်အားလုံး အိမ်ကို ကျုံးသွားသည်တော့ မဟုတ်။ ဈေးဖြတ်ပြီး အမှိုက်ကားက အမှိုက်ပုံသည့်နေရာမှာပင် ပုံလိုက်သည်။

ပွဲစားက ကွင်းစပ်ရှိ ဆိုင်တန်းအား တစ်ခေါက်ပြန်လာကာ အလုပ်သမား ခေါ်ရသည်။ တစ်ယောက်တစ်ဆယ်ပေးပြီး လေးယောက်လောက်ခေါ်၊ အလုပ်သမားဆိုသော ပုဂ္ဂိုလ်တို့ကလည်း သူတို့အလုပ်အတွက် လိုအပ်သော ပေါက်တူး၊ ဂေါ်ပြား၊ ထွန်ခြစ်ကို အိမ်ကထွက်လာကတည်းက အသင့်ယူဆောင်လာပြီးသား၊ ပွဲစားက လူရသည်နှင့် သူဆောင်ယူလာသော ပီနံအိပ်ခွံများ ပေးကာ အမှိုက်ပုံနေရာသို့ ခေါ်လာသည်။

အပုံထဲမှ ကော်၊ ပလပ်စတစ်၊ သံတိုသံစ၊ ဒါန်သတ္တု၊ ကြေးဓါယာ၊ အိမ်သုံး လူသုံးကုန် ပစ္စည်းအဟောင်း၊ အကျိုးအပျက်အားလုံး ရှာဖွေစေသည်။

အလုပ်သမားများကလည်း သူတို့ ရထားသော လုပ်အားခနှင့် ညီညွတ်အောင်၊ နောက်နေ့မှာလည်း ကိုယ့်ကို ခေါ်ခိုင်းချင်လာအောင် တို့နွံစွာ လုပ်ကိုင်ပေးကြသည်။ အမှိုက်ပုံကို ကြက်ယက်သလို ယက်ရှာတာ တွေ့မြင်သမျှ ကောက်ထည့်စုဆောင်းပေးကြသည်။ စိတ်ကြိုက်မွှေနှောက်စုဆောင်းပြီး ရလာသောအထုပ်များနှင့် အမှိုက်ကားပေါ် အသင့်ပါလာသောအထုပ်များအား အလုပ်သမားများကပင် ကွင်းစပ်သို့ ထမ်းပို့ရွှေ့ပေးကြရသည်။ ထိုအဆင့်သို့ ရောက်လျှင် အလုပ်သမားများ တစ်ဆယ်ဖိုး တာဝန်ကျေချေပြီ။

နောက်ထပ် ဝင်လာမည့်အမှိုက်ကားနှင့် နောက်ထပ်ခေါ်မည့် ပွဲစားအား ဆက်ကာ မျှော်ကြသည်။ သူတို့လည်း တစ်နေ့တုန်လျှင်



www.burmeseclassic.com

www.burmeseclassic.com



သုံးလေးဆယ်လောက် တွက်ချေကိုက်ပါသည်။ မရသည့်နေ့လည်း ရှိသည်ပေါ့။

ပွဲစားကတော့ အထုပ်တွေ ရသည်နှင့် သုံးဘီးခေါ် ကာ တင်ပြီး (၂၈)လမ်းအပေါင်းတန်း၊ အင်္ဂလိပ်ခေတ်က ဘိန်းစားတန်းဟု ခေါ်သော ရန်ကုန် ပက်တီကုတ်စျေးတန်းသို့ ပြေးလာသည်။

ရန်ကုန်ပက်တီကုတ်ဆိုသည်မှာ လန်ဒန်မြို့ အောဂိတ် ရပ်ကွက်ရှိ ပက်တီကုတ် လမ်းသွယ်လေးရှိ တစ်ပတ်ရစ်ပစ္စည်း အပေါင်းရောင်းသောဆိုင်တန်းများကဲ့သို့ တင်စားခေါ် ဝေါ်ခြင်း ဖြစ်ပါသည်။ ခြားနားသည်မှာ ဟိုမှာတော့ အမှန်အကန်တွေ များပြီး ဒီမှာတော့ အကြံအဖန်တွေ များပါသည်။ ဒီမှာ ယခုအချိန်ထိ လမ်းကြားဈေး အဆင့်ထက် မပို၊ ဟိုမှာတော့ မြို့မဈေးကြီးသဖွယ်ဖြစ်နေပြီ။

ထားတော့. . . ကိုရွှေပွဲစားသုံးဘီးကားနှင့် (၂၈)လမ်းရောက် လာသည်နှင့် (၂၈)လမ်းမှ ဘန်းခင်းရောင်းသူများ ဝိုင်းလာကြသည်။ ပွဲစားက အထုပ်တွေ ဆွဲချကာ တစ်ထုပ်ချင်း ဖွင့်ကာ သွန်ချသည်။ ဒီတော့မှ ရောင်းသူရောဝယ်သူပါ ဒီအထုပ်က ဘာပစ္စည်းဆိုတာ မြင် ကြသည်။

တစ်ချို့အထုပ်တွေက ပစ္စည်းကောင်း ပါတတ်သည်။ ပိုက်ဆံ ချမ်းသာသောရပ်ကွက်မှ ထွက်လာသော အမှိုက်ထုပ်ဖြစ်သည်။ ရေဒီယို ကက်ဆက်အပေါင်း၊ အောက်စက်၊ ဝါယာကြိုးများ၊ လျှပ်စစ်မီးပူ မီးဖိုအပေါင်းများ၊ မီးခလုတ်အပေါင်းများ ပါတတ်သည်။ ပေါင်း သော်လည်း မရှိသုံးအတွက် အကောင်းတွေဖြစ်သည်။ တစ်ချို့သော သူဌေးများက ပစ္စည်းဘယ်လောက်ကောင်းနေပါစေ၊ ကုမ္ပဏီ ညွှန်ကြား ချက်အတိုင်း သုံးကြသည်။ ပစ္စည်းတစ်ခုအတွက် သတ်မှတ်ထားသော



www.burmeseclassic.com

www.burmeseclassic.com



နှစ်ကာလပြည့်လျှင် ဆက်လက်မသုံးစွဲတော့ဘဲ အသစ်လဲလှယ်ကာ ကောင်းနေသောအဟောင်းတွေကို စွန့်ပစ်ကြလေသည်။

ထိုပစ္စည်းကား (၂၈)လမ်းဈေးကွက်တွင် အမြင့်ဆုံး နေရာယူသော ဈေးကွက်ဝင်ပစ္စည်းများဖြစ်တော့သည်။ ပွဲစားက အထုပ်ဖွင့်ပြီး ပစ္စည်းအနေအထားပေါ် မူတည်၍ ဈေးအနည်းအများ သတ်မှတ်ပေးထားသဖြင့် အရင်းအနှီး တတ်နိုင်သူက ပစ္စည်းကောင်း ပါသောအထုပ်တို့ ယူ၍ မတတ်နိုင်သူက တတ်နိုင်သောအထုပ်ကို ယူကြသည်။ တချို့လေးငါးယောက်စုပြီး အထုပ်ဆွဲကြသည်။ ပြီးမှ ကိုယ့်ဘာသာ ပြန်ခွဲယူကြသည်။

ဘယ်သူမှ မယူဘဲ ကျန်သောအထုပ်အား ပွဲစားပွဲပြန်သိမ်းကာ အရည်ကျိုဆိုင်သို့ ပို့လေသည်။ သို့ဖြင့် ထိုပွဲစားအတွက် မျိုးမျိုးမြက်မြက် ရသွားသည်။ ဟိုမှာ တစ်ထောင်နှင့် ဖြတ်ယူလာသော ပစ္စည်းထုပ်များအား (၂၈)လမ်းမှာ တစ်ထုပ်ချင်းဈေး၊ ပစ္စည်းပေါ် မူတည်သောဈေးကြောင့် အနည်းဆုံး တစ်ထောင်ရင်းလျှင် သုံးလေးထောင်တော့ မြတ်သည်ချည်းပင်။ သူ့ဆီမှ ပြန်ခွဲယူသောသူများကလည်း ပစ္စည်းရသည်နှင့် လမ်းထဲမှာ ဂုံနီအိတ်၊ ပိန်အိတ်များ ခင်းကာ သွန်ချ၍ ရောင်းကြသည်။

ပစ္စည်းကောင်းလျှင်ကောင်းသလို လူအခြေအနေ ကြည့်ပြီး ချဉ်လျှင်ချဉ်သလို ဈေးတင်ရိုက်ကာ ရောင်းကြသည်။ တစ်ခါတစ်ရံ ပစ္စည်းတစ်ခုတည်းနှင့် အရင်းရသွားသည်မျိုးလည်း ရှိတတ်သည်။ သူတို့၏လက်သုံးစကားမှာ 'အကောင်း' ဟူ၍ဖြစ်သည်။ ငည်သို့ဆိုစေ ထက်လီထိုင်ရောင်းသော သူတို့အတွက်လည်း အမြတ်တျန့်တာ နင့်ခုတ်ထဲမှ ရွှေဖြစ်ကြလေသည်။



www.burmeseclassic.com

www.burmeseclassic.com



ဤသို့သော အမှိုက်သံသရာထဲ ကိုလှသိန်း မျှောလာတာ အနှစ်သုံးဆယ်ကျော်ခဲ့ပြီ၊ အမှိုက်ပွဲစားခေတ် အရင်လောက် မကောင်းတော့၍ ကိုလှသိန်း ပွဲစားမလုပ်တော့ဘဲ လမ်းထဲမှာပဲ နဝလီ ကောက်တာ ရောင်းဝယ်ရင်း သူ၏လုပ်ငန်းအား အသက်ရှည်စေခဲ့သည်။ ဆိုတော့ကာ တစ်ချို့ ကိုယ့်ပစ္စည်းကိုယ် ရိုးသားစွာ လာရောက်ရောင်းချသူလည်း ရှိသလို၊ တစ်ချို့ ခိုးဝှက်ကာ လုကာ ဖောက်ကာ ရလာသော ပစ္စည်းအား လာရောင်းသည်။ တစ်ချို့ဆိုင်ကြီးတွေမှ ဆိုင်ကျန်ရှင်းသော ပစ္စည်းတွေ ကျန်တာ ပြဿနာ မရှိပေမယ့် မသမာသူ၏ပစ္စည်းကတော့ ပြဿနာရှိသည်။

ခက်နေသည်က ကျွန်တော် သူခိုးပါ၊ ဒါ ခိုးရာပါပစ္စည်းပါဟု ဘယ်သူခိုးမှ မပြော။ ကိုလှသိန်းတို့လည်း မခွဲခြားတတ်။

ထို့ကြောင့် ဖြစ်ခါမှဖြစ်၊ ရောင်းလျှင် ဝယ်သည်၊ ဝယ်လျှင် ရောင်းသည်။ သူတို့လောကထုံးစံအတိုင်း မချိမဆံ့ ခုနှိမ်ဝယ်ကာ မတန်တဆ ပြန်ရောင်းကြသည်။ ဒါပင် စီးပွားရေးဖြစ်၍ ဒီအတိုင်းပဲ လုပ်ကာ ကိုင်ကြသည်။ ပြဿနာတက်တော့လည်း ခံကြသည်။

ယခု ကိုလှသိန်း ပြဿနာတက်နေချေပြီ။ ခိုးရာပါပစ္စည်း ဝယ်မိ၍ ငွေလည်းဆုံး၊ တပည့်လည်းဆုံး၊ စိတ်ရောလူပါ ချုံးချုံးကျနေသည်။

"ငါ့ကို အကြံဉာဏ်လေးဘာလေး ပေးပါဦး လပြည့်ရာ၊ ငါ ဘာလုပ်ရမလဲ"

ကိုလှသိန်းထံမှ စကားသံ ပြန်ကြားလာရမှ လပြည့်လည်း အတွေးပြတ်ကာ. . . ခေါင်းတစ်ချက် ဆတ်ညိတ်ပြလိုက်သည်။ ထို့နောက်. .

"လောလောဆယ် စူလတို့အမေ ဒေါ်ရှာဘီကို ဈေးဖိုးပိုက်ဆံ



www.burmeseclassic.com

www.burmeseclassic.com



သွားပေးသင့်တယ်"

ကိုလှသိန်း အံ့အားသင့်သွားဟန်ဖြစ်ပြီး လပြည့်ကို လှမ်းကြည့်သည်။

"ဒါတော့ မဖြစ်နိုင်ဘူးကွာ. . . ငါတောင် နေ့သွင်းနဲ့ ယူသုံးထားရတာ"

"မှန်တယ် အစ်ကို. . . ဒါပေမယ့် သူတို့က ဘာသွင်းမှ ယူလို့မရလို့ ငုတ်တုတ်ထိုင်နေရမှာလေ၊ သူတို့အိမ်မှာ စူလတီတစ်ယောက်ပဲ ရသမျှအကုန် အမေကို ပြန်အပ်တာ၊ မီနားကြည်တို့မောင်နှမ ပဲသုတ်ရောင်းတာလဲ သူများအရင်းနဲ့ ရောင်းရတာဆိုတော့ မောင်နှမ နှစ်ယောက်အတွက် တစ်နေ့ကို ရှစ်ရာပဲ ရတယ်၊ အလတ်ကောင်က မောင်လုပ် မောင်စားကောင်ဆိုတော့ စူလတီးဝင်ငွေကိုပဲ မှီနေရတာ"

"အေးကွာ. . . ဒါတွေ ငါမသိလို့ မဟုတ်ပါဘူး၊ အခုး . ငါ ဘယ်လိုမှ မတတ်နိုင်ဘူး၊ ဟိုကောင့်ကိစ္စကိုတောင် ဘယ်ကစလို့ ဘာလုပ်ပေးရမှန်းတောင် မသိတော့ဘူး"

လပြည့်ရင်ထဲ မကောင်း၊ ရှေ့ဆက်ပြီး ဘာမှပြောလို့ ရနိုင်မည် လည်း မထင်တော့သဖြင့် နှုတ်ဆက်ပြန်ရန် ထ,ရပ်လိုက်သည်။

"လပြည့်ရောက်နေတာလား"

လှည့်ကြည့်လိုက်တော့ ကိုလှသိန်းဇနီး မခင်မိုး ဈေးခြင်းတောင်း ဆွဲလျက် အိမ်ပေါ် တက်လာသည်။

"ဟုတ်ကဲ့ အစ်မ၊ ဘာတွေဝယ်လာတုန်း ဟင်းကောင်းရင် လည်း ဧည့်သည်လုပ်ရအောင်"

"ရပါတယ် မောင်လေးရယ်၊ မင်းအစ်ကိုအတွက် ကြက်သား နည်းနည်းပါတယ်၊ အစ်မက သားကြီးငါးကြီး မစားတော့ ငါးလေး အိုးကပ် ချက်မယ်လေ၊ မင်းတူတွေတူမတွေကတော့ အသားမှ ဟင်း



www.burmeseclassic.com

www.burmeseclassic.com



ထင်တာ၊ အဲ့ဒါကြောင့် သူတို့အတွက် အမဲသား. . .”

“ဟား. . . သွားရည်တောင် ယိုလာပြီ အစ်မရာ၊ ဒါပေမယ့် ကျွန်တော် ဒီနေ့ အလုပ်ကိစ္စရှိသေးတယ်၊ ကဲ. . နောက်မှပဲ. . ”

“ဟဲ့. . . သွားတော့မှာလား”

“ဒီမှာ လက်ဖက်ရည် ပါတယ်၊ သောက်သွားဦး”

“ရပါပြီ အစ်မ. . . နေပါစေ”

“လာ. . ဟဲ့. . ပါဆယ်ကြီး ဝယ်လာတာ”

“ကျေးဇူးပဲ အစ်ကိုရေ. . . ကျွန်တော်လစ်ပြီဗျာ”

“အေး. . အေး”

လပြည့် အပြင်ရောက်မှ ဘာမှန်းမသိဘဲ မောလာကာ သက်ပြင်းချပစ်သည်။

ကိုလှသိန်းတို့မိသားစုကတော့ စိတ်ညစ်နေတာတောင် ဟင်းကောင်းကျွေးကောင်းလေးနှင့် ညစ်နိုင်သည်။

စူလတီတို့ မိသားစုကတော့. . .။





www.burmeseclassic.com

www.burmeseclassic.com

အသစ်တိုင်းမကောင်းသလို
အဟောင်းတိုင်းလည်းမစုတ်
အရောင်းဆိုင်းလို့ပုပ်သွားတာတောင်
သုံးနည်းသုံးဟန်နဲ့အလုပ်ဖြစ်
ဪ...ဒီခေတ်ကြီးထဲ
ကျုပ်ချစ်သူလည်း တစ်ပတ်ရစ်ပါပဲ
လျှော်လို့..(အဲလေ...)
ချစ်လို့ကောင်းပါတယ်။



www.burmeseclassic.com

www.burmeseclassic.com

အပေါင်းဖြစ်ပစေ
မဖတ်ရသေးရင် အသစ်ပဲ မဟုတ်လား။
အချစ်လည်း ဒီလိုပါပဲ
ဘယ်သူတွေနဲ့ ဘယ်လိုပဲ ချစ်ခဲ့ချစ်ခဲ့
ကိုယ်နဲ့ မဖြစ်ဘူးဆိုရင်
အသစ်ပေါ့။



www.burmeseclassic.com

www.burmeseclassic.com



# အခန်း(သုံး)

ဒီလိုမိုးရာသီထဲ စာအုပ်တွေ ရေမစိုအောင် ဂရုစိုက်ရတာ တစ်ခုကလွဲလို့ အရောင်းအဝယ် မဆိုးလှချေ။ ပုံမှန်အားဖြင့် စာဖတ်ရာသီဟု ပြောရမည်။ မိုးအေးအေးနှင့် စောင်ခြုံလေးထဲ ကွေးပြီး စာဖတ်ရသည့်အရသာကို သူကိုယ်တိုင်လည်း နှစ်သက်သည်။ စာဖတ်သူအများစုလည်း နှစ်သက်ကြမည် ထင်ပါသည်။ သို့သော်လည်း သူ့အတွက် ထိုမျှ ဇိမ်ကျနိုင်သော အခွင့်အရေး မရှိသဖြင့် စာအုပ်တန်းထဲနောက်မှ ရောင်းရင်းနှင့်ပင် ဖတ်ရသည်။ အဖေတော့ ပြောဖူးသည်။

ငါတို့ စာအုပ်အဟောင်း ရောင်းတဲ့သူတွေ အနှစ်နာဆုံးတာ



www.burmeseclassic.com

www.burmeseclassic.com



ကိုယ်ရောင်းနေတဲ့စာအုပ် ကိုယ်မဖတ်လိုက်ရတာပဲဟု ဆိုပါသည်။ ထို့ကြောင့် သူလည်း ဖတ်ဖြစ်သည်။



တစ်ခါတစ်ရံ ကိုယ်ဖတ်နေတဲ့စာအုပ်ကို ဝယ်သူလာမေးလျှင်တောင် ဖတ်လို့မပြီးသေး၍ မရောင်းဖြစ်ဘဲ အတ္တကြီးစွာ ချန်လှပ်ထားမိသည်။ ယခုလည်း ဆရာကြီးဦးသုခ၏ ဝတ္ထုတိုပေါင်းချုပ်ကို သူဖတ်နေခိုက် ဝယ်သူမိန်းကလေးတစ်ယောက် လာမေးနေသဖြင့် သူမော့မကြည့်ဘဲ ခေါင်းခါပြလိုက်သည်။

တစ်ခါတုန်းက အဲ့ဒီလို ဖတ်လက်စ စာအုပ်ကို လာမေး၍ သူရောင်းချခဲ့ဖူးသည်။ ထိုစဉ်က အဖေရှိနေသေးသည်။ ဝယ်သူရှေ့မှာတော့ အဖေဘာမှမပြော။ ဝယ်သူထွက်သွားမှ အဖေက. . .

“အဖေပြောမယ်ကွ. . . လူတွေ ကိုယ့်ဝမ်းစာအာဟာရအတွက် ရှာဖွေစားသောက်ကြသလိုပဲ၊ လူမဟုတ်တဲ့ တိရစ္ဆာန် သတ္တဝါတွေလည်း ဝမ်းရေးအတွက် ဖြည့်တင်းကြတာပဲ၊ ဒါပေမယ့် လူတွေက စာဖတ်တတ်တယ်ကွ၊ တိရစ္ဆာန်တွေက စာမဖတ်တတ်ဘူး၊ စာပေသုတ



www.burmeseclassic.com

www.burmeseclassic.com



က ဝမ်းစာလောက် အရေးမကြီးဘူးလို့ သတ်မှတ်ရင် လူလည်း တိရစ္ဆာန်နဲ့ ဘာမှမထူးဘူးဟ”

ထိုအချိန်မှစ၍ သူဖတ်နေသောစာအုပ်ကို ဖတ်လို့မပြီးမချင်း မရောင်းဖြစ်တော့ပါချေ။

“ဒီမှာ . . ဒီမှာရှင့် . . စာအုပ်ရောင်းတဲ့လူကြီး”

ဒီတစ်ခါတော့ စာအုပ်ကို စာမျက်နှာနံပါတ်မှတ် ညှပ်ပြီး မော့ကြည့်သည်။ သူမော့ကြည့်မှ မိန်းကလေးက အလိုမပြည့်သောမျက်လုံးတွေနှင့် . . .

“ရှင့်လက်ထဲက စာအုပ်က ဆရာဦးသုခ ဝတ္ထုတိုပေါင်းချုပ် မဟုတ်လား”

“အင်းလေ . .”

“အဲဒါ စောစောက မေးတာ ဘာဖြစ်လို့ ခေါင်းခါတာလဲ”

“ဪ . . . အဲ့ဒါက ကျွန်တော်ဖတ်လို့မပြီးသေးလို့ပါ”

“ဘာ . . . ရှင်က ရောင်းတဲ့လူ မဟုတ်ဘူးလား”

“ဟုတ်တယ်လေ . .”

“ဟုတ်ရင် . . အဲ့ဒါရောင်းလေ . . ဘယ်လောက်လဲ”

အထက်စီးဆန်သောလေသံနှင့် အဖက်မတန်သော အမူအရာမျိုးကို ဖယ်ခွာလိုက်လျှင် ပြစ်မျိုးမှဲ့မထင် လှရက်နိုင်သော မိန်းမတစ်ယောက်ဟု သူမှတ်သားမိမှာ သေချာသည်။ သူမ၏အဆောင်အယောင်နှင့် ဝတ်စားဆင်ယင်မှုကလည်း မောက်မာဝင့်ထည်နိုင်သော အဆင့်အတန်းလောကဆိုတာ သိသာသည်။ သူ အမြင်ကတ်ကတ်နှင့် စာအုပ်တန်ဖိုး တစ်သိန်းဟု ပြောလျှင်လည်း ငွေကြေးမာနအတွက်ပိုက်ဆံ တစ်အုပ် ဖုတ်ခနဲ ပစ်ချပြီး ဝယ်သွားမယ့်မိန်းမမျိုးဆိုတာ လမ်းဘေး

www.burmeseclassic.com



ဈေးသည်ဘဝ အတွေ့အကြုံအရ သိနေပါသည်။ သို့သော်. . . အဖေ့သွေး အပြည့်ပါသော လပြည့်မှာ ဒီလို အပေါစားဆန်သောစိတ်ဓါတ်မျိုး မပါ။

"စာအုပ်တန်ဖိုးက သုံးထောင်ပါ၊ ဒါပေမယ့် ကျွန်တော်က ဖတ်လို့မပြီးသေးတဲ့အတွက် မရောင်းသေးပါဘူးခင်ဗျာ၊ တခြားဆိုင်တွေမှာလည်း ရနိုင်ပါတယ်"

"ကျွန်မလိုက်ရှာပြီးပြီ. . . မရှိဘူးရှင့်"

"အဲ့ဒါဆိုလည်း မနက်ဖြန် ဝယ်ပါဗျာ. . . ဒီနေ့ ကျွန်တော်ပြီးအောင်ဖတ်ထားပါ့မယ်"

ထိုအခါ သူမက မျက်ခုံးလေးမြှင့် မျက်လုံးအကြည့်ပါ ဝင့်တက်လာပြီး. . .

"ကျွန်မမှာ အဲ့သလောက် အချိန်ဖြုန်းဖို့ အခွင့်အရေး မရှိဘူးရှင့်၊ ဒီလိုလုပ်လေ. . . အဲ့ဒီစာအုပ်ကို အခုလိုချင်တယ်၊ ရှင်ကြိုက်ဈေးတောင်း"

"မဖြစ်ပါဘူးခင်ဗျာ. ."

"တစ်သောင်းပေးမယ်"

". . . . ."

"နှစ်သောင်း"

". . . . ."

"ငါးသောင်း"

". . . . ."

"တစ်သိန်း"

". . . . ."



www.burmeseclassic.com

www.burmeseclassic.com



"တောက်. . . နှစ်သိန်း"

လပြည့် ဂရုမစိုက်တော့ဘဲ စာအုပ်ပြန်ဖွင့်ပြီး ဖတ်နေတော့သဖြင့် သူမက. . .

"ရှင်ဟာ အရူးပဲ"




သူ ပြုံးရုံသာပြုံးနေပြီး မော့မကြည့်တော့ပါချေ။ ထို့နောက် ဘာစကားသံမျှ ထပ်မကြားရတော့သဖြင့် သူမ ထွက်သွားပြီဟု သိကာ စာထဲ ဆက်၍ စိတ်ကို နှစ်ထားခိုက် သူနှင့် ဘေးချင်း ယှဉ်ခင်းထားသော ကိုထွန်းကြည်က သူ့ခေါင်းကို စာအုပ်ထူထူတစ်အုပ်နှင့် ထုပစ်သည်။

"အား. . . ဘာလုပ်တာလဲ အစ်ကိုရ"

"အသည်းယားလို့ကွ. . ငတုံး. . မဟုတ်ဘူး. . ဟိုကောင်မလေး ပြောသလို အရူး. . မင်းမှ တကယ့်အရူးပဲ. . . ထွီ"

သူ ပင့်သက်ရှိုက်ကာ ဆက်၍ဖတ်နေလိုက်သည်။ ကိုထွန်းကြည်



www.burmeseclassic.com

www.burmeseclassic.com



လည်း ဆက်၍ပြောပါသည်။

"လပြည့်ရာ. . . ငါတို့ နှစ်သိန်းဖိုး ရောင်းရဖို့ဆိုတာ လွယ်လို့လားကွာ၊ ပြီးတော့ တစ်အုပ်ထဲ အသားချည်းပဲ စားရမှာ၊ မင်း ဘာအရှုံးထတာလဲ၊ ငါ တကယ်ကို နားမလည်နိုင်တာ၊ ဘေးက ရပ်ကြည့်ရင်း မင်းကို ပြေးပြေးပြီး ကန်ပစ်ချင်စိတ်ကို ပေါက်နေတာ၊ တကယ်ပြောတာ"

ထိုစဉ် ကိုဝင်းဖေ ရောက်လာပြီး. . .

"ဘာကိုလဲဗျ"

"ဒီကောင်လေဗျာ. . . ဝယ်သူက ဦးသုခ ဝတ္ထုတိုပေါင်းချုပ်ကို နှစ်သိန်းအထိ ပေးမယ်လို့ ပြောတာတောင် ဒီကောင် မရောင်းလိုက်ဘူး"

"ဟုတ်လို့လားဗျာ"

"ဩော်. . . မေးကြည့်၊ ရေရေလည်လည် စားတဲ့ကောင်"

သူ ဆက်ဖတ်လို့ မရတော့သဖြင့် စာအုပ်ပိတ်ပြီး လွယ်အိတ်ထဲ ထည့်ကာ ထရပ်၍ ခါးကြောဆန့်လိုက်သည်။ ပြီးမှ. . .

"နှစ်သိန်းက နည်းတာပေါ့ အစ်ကိုရာ၊ နှစ်သန်းပေးမယ်ဆိုတာတောင် ဒီနေ့ မရောင်းနိုင်ဘူး၊ ကျွန်တော်ဖတ်ပြီးရင်တော့ သုံးထောင်နဲ့ ရောင်းမယ်၊ လျှော့ပါဦးဆိုရင်လည်း ငါးရာလောက် ထပ်လျှော့ပေးလိုက်မယ်"

ကိုထွန်းကြည်တို့ ဆဲဆိုကြတော့သည်။ ဆဲပါစေ. . . သူမှ တိရစ္ဆာန် အဖြစ်မခံနိုင်ဘဲကိုး။

၅ ၅ ၅ ၅



www.burmeseclassic.com

www.burmeseclassic.com



မွန်းလွဲတစ်ချက်တီးလောက် စာအုပ်အခင်းသိမ်းကာ ပြန်ခဲ့သဖြင့် ကိုထွန်းကြည်တို့ နားမလည်နိုင်သလို ငေးကြည့်ကာ ကျန်ခဲ့သည်။ ကိုထွန်းကြည်စိတ်ထဲမှာတော့ စောစောပိုင်းက စာအုပ်မရောင်းလိုက်သည့်ကိစ္စနှင့် ပြောလိုက်ဆိုလိုက်၍ စိတ်ဆိုးသွားတာလားဟု ထင်ကောင်းထင်နေပေလိမ့်မည်။ သူ့စိတ်ထဲမှာတော့ ဒီချိန် လမ်း(၃၀)ထိပ်က လက်ဖက်ရည်ဆိုင်ထဲ တင်လင်းဦး ရှိမရှိသာ တွေးလျက် ခပ်သွက်သွက် လျှောက်လာခဲ့မိသည်။

ပန်းဆိုးတန်းနှင့် လမ်း(၃၀)က မနီးသော်လည်း မဝေးပါ။ ကားစီးလည်း တစ်မှတ်တိုင်သာဖြစ်၍ မိုးထဲရေထဲ ထီးတွေ ပေါလောမျောပြီး လူတွေ မြုပ်ကာ မျောနေသော စာအုပ်တန်းထဲ ဖြတ်လျှောက်မနေတော့ဘဲ လူစီးကြောင်းထဲမှ ခွဲထွက်ကာ လမ်း(၃၀)ဖက် လျှောက်လာခဲ့မိသည်။ တင်လင်းဦးက တက္ကသိုလ်ရောက်မှ တွေ့ကာ ခင်မင်ကြသော



www.burmeseclassic.com

www.burmeseclassic.com



သူငယ်ချင်းဖြစ်သည်။ အတန်းဖော်တော့ မဟုတ်။ သူက ဥပဒေ၊ ကိုယ်တ သင်္ချာ၊ သို့သော် ငမိုးရိပ်ဘူတာမှ ဒဂုံတက္ကသိုလ်သို့ ရထားတစ်စီးတည်း အတူစီးခြင်းဖြင့် ရင်းနှီးကာ ခင်မင်ကြခြင်းဖြစ်သည်။ ကျောင်းမပြီးခင်က သူတို့သားအမိ စံပြရပ်ကွက်ထဲမှာ နေပြီး ကျောင်းပြီးတော့ မြောက်ဒဂုံသို့ ပြောင်းရွှေ့သွားကြသည်။ ရွှေ့သည့်ကိစ္စကလည်း အကြောင်းရှိသည်။ တင်လင်းဦးအမေက တရားသူကြီး။ သို့ကြောင့် သားကိုလည်း တရားသူကြီးဖြစ်ဖို့ ရည်ရွယ်ချက်ထားပုံ ရသည်။ ထို့အပြင် သူ့သား၏အိမ်ထောင်ဖက်သည်လည်း ထိုထက် အဆင့်မနိမ့်သောသူတစ်ယောက် ဖြစ်ချင်ပုံ ရနေပါသည်။ ခက်နေတာက တင်လင်းဦးရည်းစားက (၈)တန်းပင် မအောင်၊ တင်လင်းဦးနှင့် ရည်းစားဖြစ်ချိန်၌ ပေါးဝေးအထည်ချုပ်စက်ရုံတွင် အလုပ်ဝင်လုပ်နေသူဖြစ်သည်။ တင်လင်းဦးတို့နှင့် တစ်လမ်းတည်း အတူနေကြသဖြင့် ညားသွားမှာ စိုးရိမ်ကာ မြောက်ဒဂုံသို့ ပြောင်းရွှေ့လိုက်ခြင်းဖြစ်လေသည်။

သို့ပေမယ့် မြောက်ဒဂုံ ပြောင်းပြီး နောက်တစ်နေ့မှာပင် တင်လင်းဦးက သူ့ကောင်မလေးကို ခိုးပြေးသွား၍ ယခုတော့ မြောက်ဒဂုံအိမ်မှာပင် ဇနီးမောင်နှံ အတူနေခွင့်ရသွားကြသည်။

သူတို့ဇနီးမောင်နှံက အလွန်လိုက်ဖက်ညီပါသည်။

တင်လင်းဦးက အသားမည်းမည်း၊ သွားကျဲကျဲနှင့် ကွမ်းယာကို နှာခေါင်းပါ ရဲနေအောင် ဝါးပြီး ဝတိုနေသောကိုယ်လုံးနှင့် ထောင်မောင်းသောအရပ်ရှိပါသည်။

သူ့ကောင်မလေးက ထုံးဖြူသလို ဖြူသောအသားအရေနှင့် ပိန်ပိန်သွယ်သွယ် လိမ်ဖယ်ဖယ်လေး၊ ထို့ကြောင့် ဖြူသူက အစဖြူပြီး မည်းသူက အရမ်းမည်းသောကြောင့် အရောင်၏သီအိုရီအတိုင်း အမြင့်



www.burmeseclassic.com

www.burmeseclassic.com



ဆုံး အရောင်တစ်ခုစီ ပိုင်ဆိုင်ထားကြကာ လွန်စွာလိုက်ဖက်ညီသော အတွဲဖြစ်သည်။ ခင်သူများကတော့ မီးသွေးခြင်းထဲ ထုံးခဲဝင်နေသည်ဟု ပြောကြသည်။ မနာလိုသူများကတော့ ဘဲဥကျီးကန်းချီလာသည်ဟု ဆိုပါသည်။ သူကတော့ အရင်းနှီးဆုံးသူငယ်ချင်းဖြစ်၍ သက်ညှာစွာဖြင့် ဥသြကို ထုံးပက်ထားသလိုပဲကွာဟု. . . ညည်းညူသံနှင့် ပြောမိလေသည်။

"ဟော့ကောင်. . . ဒီကိုလာ"

လှမ်းကြည့်လိုက်တော့ ကော်လာကတုံးအဖြူနှင့် တိုက်ပုံအကျီ အနက်. . . ပခုံးတင်ကာ ပိုင်းအုံ့ဖွဲ့နေသော ရှေ့နေအုပ်စုထဲက ထူးခြားစွာ မည်းနက်ရဲတွတ်နေသော ထင်ထင်လင်းလင်း မျက်နှာကြီးကို တွေ့လိုက်ရသည်။

တင်လင်းဦးက စားပွဲအောက်ထဲ ရောက်နေသော ခုံတစ်လုံးကို ဆွဲထုတ်၍ သူ့ဘေးနားမှာ နေရာပြင်ပေးသည်။

"လာသာ လာရတာ. . . မင်းကို တွေ့ပါ့မလားလို့"

"ငါလည်း စာမေးပွဲရှိနေလို့ ထွက်တာ၊ မဟုတ်ရင် ဒီတစ်ပတ်လုံး အိမ်မှာ ဥမလို့"

"ဘာဖြစ်လို့လဲ. . . မင်းမိန်းမ မဥနိုင်လို့လား"

"သူက ဝပ်ပဲဝပ်. . . ဟာ. . မဟုတ်ဘူးလေကွာ၊ အိမ်မှာပဲ နေမယ်လို့ ပြောတာ"

ရှေ့နေအုပ်စု ပြုံးကြသည်။ တင်လင်းဦးက သူ့ကို ရည်ညွှန်း၍

"ဒီကောင်က ရှေ့နေထက် ဆိုးတဲ့ကောင်၊ စကားကို သုံးခွဲ တဖက်ကန်းခတ်ပဲ"

"ဟုတ်လား. . . အရမ်းတော်တာပေါ့"



www.burmeseclassic.com

www.burmeseclassic.com



"တော်တာ မဟုတ်ဘူး. . . တစ်ဖက်က ကန်းနေလို့ တစ်ဖက်တည်းမြင်ပြီး ထင်ရာစွတ်ပြောနေတဲ့ကောင်. ."

သူ၏မျက်လုံးတစ်ဖက်က မွေးရာပါ မျက်စိအားနည်းမှု ရှိကြောင်း ကျောင်းတုန်းကတည်းက တင်လင်းဦး သိထား၍ အနိုင်ယူတာ ပြောခြင်းဖြစ်သည်။ ဒါကို ရွှေနေတစ်ယောက်က သူ့ကို လှမ်းကြည့်ပြီး. . .

"မကန်းပါဘူးဗျ. . . အကောင်းကြီးပါ"

"မကောင်းဘူး. . . ကျွန်တော့်ဘယ်ဘက်မျက်လုံးက တော်တော်မှုန်နေတာ"

"ဟုတ်လား. . . ဒါဆို ဆရာဝန်နဲ့ ပြပြီး ခွဲသင့်ရင် ခွဲလိုက်လေဗျာ"

"ဟုတ်ကဲ့. . . ပြကြည့်ပြီးပါပြီ"

"ခွဲလည်း ပြန်မမြင်နိုင်ဘူးဆိုလို့ပါ"

"ဩော်. ."

ထို့နောက် ရွှေနေအုပ်စု ထပြန်ရန် ပြင်ကြသည်။

"ကဲ. . . ကျွန်တော်တို့ လစ်ပြီဗျာ၊ ခင်ဗျားညွှန့်သည်နဲ့ ဆက်ထိုင်ပြီး ရှင်းလိုက်ပေတော့"

"ရတယ်. . ထားခဲ့"

ရွှေနေအုပ်စု ထွက်သွားမှ တင်လင်းဦးက. . .

"ကဲ. . ပြော. . လပြည့်၊ သက်သက်လာရှာတာတော့ မဟုတ်လောက်ဘူး"

"ဟုတ်တယ်. . . မင်းအကူအညီ လိုတယ်ကွာ၊ ငါ့ပြဿနာမျိုးကို မကျွမ်းကျင်ဘူး၊ အဲ့ဒါကြောင့် မင်းကို လာရှာတာ"



www.burmeseclassic.com

www.burmeseclassic.com



ထို့နောက် စူလတီ အဖမ်းခံထားရသည့်ကိစ္စအား တင်လင်းဦး စဉ်းစားပေးနိုင်လောက်အောင် သေချာရှင်းပြလိုက်သည်။

"အဲ့ဒါပဲကွာ. . . ငါနဲ့ ဘာမှမတော်ပေမယ့် ငါ့အိမ်နီးချင်း လည်းဖြစ်၊ မိခင်အိုနဲ့ မိသားစု အားထားနေရတဲ့ လူတစ်ယောက်လည်း ဖြစ်လို့ ကူညီချင်လို့ပါ"

တင်လင်း နားထောင်ရင်း ကွမ်းဘူးထဲက ကွမ်းတစ်ယာ ထုတ် ဝါးရင်း. . .

"စိတ်မပူပါနဲ့ကွာ. . . အာမခံ ရနိုင်ပါတယ်၊ ဒီလိုလုပ်လေ၊ ငါလည်း ညစျေးဖက် သွားရမယ့်ကိစ္စ ရှိနေတော့ လိုက်ခဲ့ပေးမယ်၊ တိုရောက်မှ အခြေအနေကို အသေးစိတ် မေးမြန်းပြီးမှ လုပ်သင့်တာ လုပ်တာပေါ့၊ အဲ့ဒီက စခန်းမှူးနဲ့ ငါလည်း ခင်ပါတယ်"

"ဒါဆို အဆင်ပြေတာပေါ့ကွာ၊ ဒါနဲ့ မင်းဘဲဥလေးရော ဥနေပြီ လား"

"ဥနေပြီ. . . ပေါက်တောင်ပေါက်ခါနီးပြီ"

ဒီတစ်ခါတော့ တကယ်ဥပေါက်မည့်ကိစ္စ ပြောကြခြင်းဖြစ် သည်။

"မင်းအမေရော သူ့ချွေးမနဲ့ အဆင်ပြေသွားပြီပေါ့"

"ဟား. . ပြေသလားမမေးနဲ့၊ ကိုယ်ဝန်ဆောင်ပြီဆိုကတည်းက သူ့ချွေးမကို သူ့အခန်းထဲ ခေါ်သိပ်တော့တာ၊ ရေချိုးချိန်၊ ထမင်းစား ချိန်ကို သူကိုယ်တိုင် စောင့်ကြည့်ပြီးတော့ကို ခိုင်းတာ၊ လစဉ်ဆေးခြင်း တာရော၊ အိုဂျီနဲ့ အပ်တာရော၊ ဗိုက်ဖုံးအင်္ကျီချုပ်တာတာအစ အားလုံး သူ့လက်သူ့ခြေပဲ"

"ဟေ. . ဟုတ်လှချည်လား"



www.burmeseclassic.com

www.burmeseclassic.com



"ဒါတောင် အိမ်သာတက်တာ. . ဆီးသွားတာကို စောင့်ကြည့်တာ. . ငါထည့်မပြောသေးလို့"

"အေးလေ. . . ဘာပဲဖြစ်ဖြစ် အဆင်ပြေတယ်ဆို ဝမ်းသာပါတယ်ကွာ"

"အဆင်မပြေဘူးကွ"

"ဟမ်. . . ဘာက မပြေပြန်တာလဲ"

"အမှန်က ဗိုက်လုံးကြီး ပေါ်လာမှ အမေသိသင့်တာ၊ ခုတော့ ငါတစ်ယောက်တည်း အိပ်နေရတာလေကွာ"

လပြည့် တိုးတိုးဆဲပြီး စားပွဲထိုး ခေါ်ကာ ရှင်းလိုက်သည်။ ဒါကို တင်လင်းဦးက ကျေးဇူးစကားဆိုပါသည်။

"ကျေးဇူးပဲ သူငယ်ချင်း. . မင်းမလာရင် ငါအကြွေးမှတ်ရမှာ"

"မွဲလိုက်တဲ့ရှေ့နေကွာ"

"အဲ့ဒါ မွဲတာ မဟုတ်ဘူး၊ ငါတို့လူမျိုးတွေ ဥပဒေကို လေးစားလာတာ"

မည်သို့ဆိုစေ တင်လင်းဦးကျေးဇူးနှင့် စူလတီ အာမခံ ရကာ ပြန်လွတ်လာခဲ့သည်။ စူလတီအမေ ဒေါ်ရှာဘီ သူ့သားကို ဖက်ဖက်ပြီး ငိုတာကို မြင်တော့ ဝမ်းသာဝမ်းနည်းဖြစ်ရသည်။

ထိုနေ့ညနေက စူလတီ လာပို့သော ပဲဟင်းနှင့်ချာပါတီကြောင့် သူ ညစာလွတ်သွားသည်။

"ကျေးဇူးပဲ အစ်ကိုရာ. . . ကျွန်တော့်ဆရာ အရမ်းရက်စက်တယ်ဗျာ၊ မျက်နှာလေးတောင် လာမပြဘူး"

"သူလည်း စိတ်မကောင်း ဖြစ်နေပါတယ်ကွာ၊ ဒဿလို့မှ မတတ်နိုင်လို့ မလာတာပါ"



www.burmeseclassic.com

www.burmeseclassic.com



"အခုရော အစ်ကိုကို သူလွှတ်လိုက်တာလား"

သူခေါင်းညိတ်ပြုံးလိုက်ပါသည်။ ခေါင်းခါလိုက်လည်း ဖြစ်သည်။ သို့သော် စူလတီနှင့်ကိုလှသိန်းကြား စိုပြီးသားလက် မခြောက်စေချင်။ စူလတီ ကိုလှသိန်းကို စိတ်နာမည်ပဲထား၊ ဝမ်းနာနေ၍ စိတ်နာနာနှင့်ပင် လက်တွဲရဦးမည်။ ထို့ကြောင့် စိတ်လက်သက်သာစွာနှင့်ပဲ ဝမ်းရေးပြဿနာ ဖြေရှင်းနိုင်ပါစေဟု တွေးကာ ခေါင်းညိတ်လိုက်ခြင်းဖြစ်တော့၏။



www.burmeseclassic.com

www.burmeseclassic.com

လျှပ်စီးလက်တာ မဟုတ်ပါဘူး၊
သူမ မျက်တောင်တစ်ချက် ခတ်တာပါ။
မိုးရွာတာ မဟုတ်ပါဘူး၊
သူမ စိတ်မပါဘဲ ပြုံးလိုက်တာပါ။
ထစ်ချုန်းတာလည်း မဟုတ်ပါဘူး၊
အပြစ်ရှိလို့ ရှုံးခဲ့တာပါ။
ဒါဟာ...
သူမအတွက် အသက်ညှာဆုံးပါပဲ။



www.burmeseclassic.com

www.burmeseclassic.com



# အခန်း(လေး)

"သည်း ခံလိုက်ပါ နေရီလေးရယ်၊ ဒါလေးတစ်ခုတော့ မမသဒ္ဒါကို ကူညီစမ်းပါ"

မနေ့ညကတည်းက သူမ ခါးခါးသီးသီး ငြင်းပစ်၍ ဒီပြဿနာအားလောက်ပြီဟု ထင်ထားသော်လည်း မနက်ခင်း ကော်ဖီသောက်ရင်း မမသဒ္ဒါ ဒီစကားပဲ ထပ်ပြောလာပါသည်။ မဖြစ်နိုင်ပါ။ နေရီ့ဘဝမှာ လိုချင်တာတစ်ခုကို စကားနှစ်ခွန်းထက် မပိုစေရ။

မိဘနှစ်ပါးက ကျောက်တွင်းလုပ်ငန်းနှင့် မိုးကုတ်မှာ အနေများပြီး ရန်ကုန်ကို တစ်လတစ်ခါကိုတောင် မရောက်နိုင်သော်လည်း



www.burmeseclassic.com

www.burmeseclassic.com



အသုံးတယ် အသုံးစရိတ်ငွေကတော့ မှန်မှန်ရောက်သည်။ သူမတို့ညီအစ်မနှစ်ယောက်အတွက် ခန္ဒာကိုယ်အလေးချိန်နှင့် ညီမျှသော ရွှေအားနှစ်ထု သွန်းချင်လျှင်တောင် လုံလောက်သည်။ မွေးရာပါ ခြေထောက်မကောင်းသော မမသဒ္ဒါဆို ကိုယ့်ဗိုးချဲကို ကိုယ်တိုင် ဘီးလှိမ့်နေစရာ မလိုဘဲ ဗိုးချဲတွန်းမည့် အလုပ်သမကို လစာကောင်းကောင်းပေး၍ ငှားထားနိုင်ပါသည်။ သူမစိတ်နှင့်ဆို နှစ်နာရီ တစ်ဂျူတီနှုန်းနှင့် အလုပ်သမဆယ်ယောက်လောက် တန်းစီပစ်လိုက်မည်။

မမသဒ္ဒါက ထိုသို့မဟုတ် ဗိုးချဲကို သူကိုယ်တိုင် ဘီးလှိမ့်သည်။ အိမ်မှာ သုံးမကုန်ဖြုန်းမကုန်သော ငွေတွေရှိပါလျက် မဂ္ဂဇင်းတိုက်မှ ပေးပို့သော ကဗျာ၊ ဝတ္ထု၊ စာမူခအား တမက်တမော မျှော်တတ်သည်။ ထိုစာမူခအား နှစ်ရှည်လများ စုဆောင်းကာ ဝါဆိုသင်္ကန်းကပ်တာမျိုး မိဘမဲ့ဂေဟာသို့ လှူတာမျိုး လုပ်တတ်သည်။ သူမအတွေးနှင့်တော့ ဒါ မလိုအပ်ဘဲ ချဲ့နေတာဟု ထင်ပါသည်။ လှူပါတော့လား အိမ်မှာ ပိုက်ဆံရှိနေတာ၊ ဘဏ်ထဲမှာလည်း မမသဒ္ဒါနာမည်နဲ့ ထုတ်ယူလို့ရတဲ့ ငွေတွေ တပုံတခေါကြီး။ တကယ် စေတနာသဒ္ဓါ ထက်သန်နေလို့ လှူချင်ရင် နှစ်ပဲတစ်ပြား စုနေစရာ လိုသေးလား။ ခြံထဲမှာ မဏ္ဍပ်ကြီး ထိုးပြီး လှူမလား။ ငွေအိတ် ကားပေါ် တင်ပြီး တစ်မြို့လုံး လှည့်လည်ပတ်ကြဲချင်သလား။ နာဂစ်ဒုက္ခသည်တွေဆီ သွားမလား၊ အားလုံးပြည့်စုံပြီး အဆင်သင့်ရှိနေပါလျက် သူ့စာမူခ မဖြစ်စလောက်ကို နှစ်တွေချီ စုပြီးရမှ လှူသတဲ့။ အံ့ပါရဲ့။ ခုလည်း ဘာမဟုတ်တဲ့ စာအုပ်တစ်အုပ်အတွက် အောက်ကျနောက်ကျခံပြီး နောက်တစ်ခေါက် သွားဝယ်ပေးဦးတဲ့။

စာအုပ်ရောင်းတဲ့လူကလည်း ကြည့်ဦးလေ. . . စာအုပ်အဟောင်းအစုတ်ကလေး ရောင်းပြီး ထမင်းစားနေရတာများ သူ့ကိုယ်



www.burmeseclassic.com

www.burmeseclassic.com



သူ ဘီဂိတ်စီးပွားရေးမျိုး ပိုင်ထားသလို ထိမထင်တဲ့မျက်နှာနဲ့။ ဟင်း. . အဟောင်းရောင်းလို့သာမဲ့။ အသစ်သာ ရောင်းရင်. . . ။

"မေမေ. ."

"ဘာလဲ သား"

သားလေးလင်းလက်၏ခေါ်သံကြောင့် နေရီရီ အတွေးပြတ်တာ လှည့်ကြည့်ရင်း ထူးလိုက်သည်။

"သား အဆင့်တစ် ရရင် အရုပ်တွေ အသစ်ထပ်ဝယ်ပေးမယ်ဆို. . သား တစ်ရတယ်လေ မေမေ"

"အင်းလေ. . . ဝယ်ပေးမယ်၊ ကဲ. . ပြော. . ဘယ်တော့ ဝယ်ပေးရမလဲ"

"ဒီနေ့ သားကျောင်းပိတ်တယ်. . . ဝယ်ပေးတော့"

"အိုကေ. . . မေမေတို့သားအမိနှစ်ယောက် ပလာဇာမှာ ထွန်းလှည်းအပြည့် တက်သိမ်းမယ်ကွာ. . ဟုတ်ပြီလား"

"မေမေ တကယ်နော်. ."

"တကယ်ပေါ့ကွ"

"အဲ့ဒါဆိုရင်လည်း ပန်းဆိုးတန်းဖက် လှည့်ဝင်ခဲ့ပါလား ညီမလေးရယ်"

"ကျွတ်. . . မမက အရမ်းပူတယ်ဗျာ၊ နေရီ ပြောပြီးပြီလေ၊ ဘာမှမတန်တဲ့စာအုပ်ကို နှစ်သိန်းပေးမယ်ဆိုတာတောင် မရောင်းဘူးဆိုတော့ သူရှူးနေတာ၊ အဲ့ဒီအရူးဆီ သွားပေးရမှာလား"

"သူ မနေ့က အပြီးဖတ်ထားမယ်လို့ ပြောလိုက်တယ်မဟုတ်လား"

"ဒါပေမယ့် နေရီ ငုတ်တယ်လေ၊ ဘာမဟုတ်တဲ့ လူတစ်



www.burmeseclassic.com

www.burmeseclassic.com



ယောက်ကို နေရီအညံ့ခံရမှာလား ပြောပါဦး”

“အင်းလေ. . . နေရီ့အတွက် အဲ့သလောက် ခက်ခဲနေမှ တော့ မမဘာသာပဲ ဝယ်ပါ့မယ်”

“ကြည့်. . . မမ အဲ့သလို မကလန့်နဲ့ကွာ၊ အဲဒီကို မမတစ် ယောက်ထဲ သွားလို့ရသလား”

မမသဒ္ဒါ နှုတ်ခမ်းထောင့်လေး ကွေးညွတ်ကာ ပြုံးသဖြင့် နေရီရီ အံ့အားသင့်သွားသည်။

မမမှာ ဒီလိုအပြုံးမျိုး ပိုင်ဆိုင်ထားတာ လုံးဝမကောင်း၊ အဲ့သလို ပြုံးလိုက်တိုင်း စစ်ထဲ လိုက်တော့မယ့် ယောကျ်ားပျိုတစ်ယောက်လို အိမ်မှာ နေတာတောင် ပါးကွက်မကွက်ကြေးဆိုတဲ့ စိတ်ဓါတ်မျိုးနှင့် မရွံ့မထိတ် လုပ်တတ်သည့် ကြောက်မက်ဖွယ်ရာ မမဗီဇကို သူမ သိ ထားသည်။

တစ်ခါတုန်းက မဟေသီမဂ္ဂဇင်းတိုက်ကို မမ ကဗျာပို့ခိုင်း သည်။ ခါတိုင်းလည်း နေရီ ပို့ပေးနေကျပင်။ အဲ့ဒီတစ်ခေါက်က သူမ သူငယ်ချင်းများနှင့် ချောင်းသာသွားဖို့ စီစဉ်ပြီးသားဖြစ်နေသဖြင့် ပြန် လာမှ ပို့ပေးမည်ဟု ပြောကာ ထားခဲ့သည်။ သုံးရက်ကြာသွားသည်။ ပြန်လာတော့ မမ အိမ်မှာ မရှိ။

အိမ်ဖော်ဒေါ်ကြီးတင်ထွေး ပြောပြ၍ နေရီတို့ ချောင်းသာသွား သည့်နေ့ကတည်းက အိမ်မှ ပျောက်သွားသည်ဟု သိရသည်။ သုံးရက် လုံးလုံးဆိုတော့ နေရီရီ အလွန်အမင်း စိုးရိမ်သွားပြီး သားလေး ဒေါ်ကြီးနှင့် ထားခဲ့ကာ လိုက်ရှာသည်။ မတွေ့။ ညနေစောင်းမှ မမသဒ္ဒါ သူ့ဝိုးခဲ့ကို သူကိုယ်တိုင် ဘီးလှိမ့်ပြီး အိမ်သို့ ပြန်ရောက်လာခဲ့သည်။ သူမ ထိတ်ပျာစွာနှင့် မေးကြည့်တော့ မမသဒ္ဒါက အေးချမ်းပြုံးရယ်စွာ



www.burmeseclassic.com

www.burmeseclassic.com



ဖြင့် ဖြေပါသည်။

ကဗျာ၊ စာမူသွားပို့သည်တဲ့၊ မဂ္ဂဇင်းတိုက် သွားရင်း ကဗျာဆရာမ သဒ္ဒါနှင့် မမျှော်လင့်ဘဲ ဆုံတွေ့လိုက်သော ကဗျာဆရာ၊ စာရေးဆရာများနှင့် မဂ္ဂဇင်းတိုက်မှာ ဆုံကြ၍ လေထန်ကုန်းမှာ သွားထိုင်ကြသည်တဲ့။ အိမ်မပြန်ချင်သေး၍ တည်းခိုခန်းမှာ အိပ်ပြီး နောက်တစ်နေ့ စာပေဗိမာန်အောက်က ဆိုင်မှာ ရေးဖော်များနှင့် ပြန်ဆုံပြီး တစ်နေကုန် ကဗျာအကြောင်း စာအကြောင်း ဆွေးနွေးကြသည်တဲ့။

အဲဒီအထဲမှာ ကဗျာဆရာမ နွဲ့နှောင်းနှင့် ခင်မင်ခွင့်ရပြီး သူ့အိမ်ကို လိုက်လည်ဖို့ ဖိတ်ခေါ်လို့ လိုက်သွားသည်တဲ့။ နွဲ့နှောင်းဆီမှာ တစ်ရက်တိတိ နေထိုင်ပြီး ရုပ်ရှင်အောင်လံကို ကဗျာတစ်ပုဒ် ထပ်ပို့ပြီးမှ ပြန်ခဲ့သည်တဲ့လေ. . . ။

ထိုနေ့က သူမ ရူးမတတ် ခံစားနေရသလောက် မမသဒ္ဒါတစ်ယောက် အာရှနိုင်ငံတွေထဲ ဈေးဝယ်ထွက်ပြီးမှ ပြန်ရောက်လာသလို မြူးသွက်ကာနေသည်။

ကိုယ့်ကိုယ်ကို ဒုက္ခိတတစ်ယောက်၊ အားနွဲ့သူ မိန်းမသားအပျိုစင်တစ်ယောက်ဆိုတာကိုတောင် ဂရုမစိုက်ဘဲ မိုက်မဲစွာ အိုးပစ်သွားလာရဲလွန်းသော မမသဒ္ဒါ၏စိတ်ကို သူမ ဘယ်လိုနားလည်ရမှန်း မသိဖြစ်သွားသည်။

ယခုလည်း ထိုစဉ်က အပြုံးမျိုး ပြန်ပြုံးလိုက်ပြန်ချေပြီ။ သူမ ချက်ချင်းဆုံးဖြတ်ပစ်လိုက်သည်။

"မဖြစ်ဘူး မမသဒ္ဒါ၊ နေရီ သွားမယ်. . . ဒီနေ့ ရအောင် ဝယ်ခဲ့မယ်. . . ဟုတ်ပြီလား"

"အိုခေလေ. . . ညီမလေး ဝယ်လာမယ်ဆို မမ မသွားဘူး



www.burmeseclassic.com

www.burmeseclassic.com



ပေါ့၊ တစ်ခုတော့ မမမှာလိုက်ချင်တယ်"

သူမ ခေါင်းမညိတ် ခေါင်းမခါဘဲ လှမ်းကြည့်သည်။ မမ. . ဝင့်သတ်ပါးပါး ရှိုက်သွင်းပြီးမှ. . .

"မမ တွေးကြည့်ရသလောက် စာပေအနုပညာပေါ်မှာ တန်ဖိုးထား လေးစားတတ်တဲ့လူတစ်ယောက်ဖြစ်နေလို့ စော်ကားသလို မဖြစ်မိပါစေနဲ့လို့ တောင်းပန်ချင်တယ်၊ အနုပညာသည်တွေမှာ လိုအပ်ရင်ဖျင်တစ်ခန့်လို စိတ်ဓါတ်မျိုး ရှိသလို အချိန်တိုင်းမှာ ပန်းတစ်ပွင့်လို နူးညံ့သိမ်မွေ့တယ်၊ မြွေပွေးတစ်ကောင်ကို ခေါင်းသွားပုတ်လို့ တုံ့ပြန်တဲ့ လျှင်မြန်ထက်ရှမှုဟာ အနုပညာသည်တစ်ယောက်ရဲ့ မွေးရာပါဗီဇဆိုတာ ညီမလေး နားလည်ထားသင့်တယ်"

သူမ ပခုံးတွန့်ပြကာ ပြုံးလိုက်သည်။ မမသဒ္ဒါလို့အပြုံးမျိုးတော့မဟုတ်။ သူမ၏အမူအကျင့်အတိုင်း ပါးစုံ့လေးနှစ်ခု မို့တက်လာအောင်နှုတ်ခမ်းထောင့်နှစ်ဖက်ကို ခပ်ကျကျလေး တွန့်ကွေးလိုက်သောအပြုံးမျိုး။

နေရိရိ ထိုအပြုံးနှင့် ထရပ်ပြီး လှည့်ကြည့်လိုက်တော့ လင်းလက် ခုံမှာ မရှိတော့။ ဘယ်အချိန်က ထထွက်သည်မသိ။ သေချာတာတော့ အပြင်ထွက်ဖို့ ပြင်ဆင်ရန် ဒေါ်ကြီးတင်ထွေးကို သွားကာ ဂျီကျနေလောက်ပြီ။

ၑ ၑ ၑ ၑ



www.burmeseclassic.com

www.burmeseclassic.com



သူ့အတွက် ပုံမှန်ဆိုင်ခင်းချိန်ကတော့ ဆယ်နာရီ ဒီနေ့တော့ စူပါကင်းမှာ ကိုထွန်းကြည်တို့ကို ထိုင်စောင့်ရင်း နောက်ကျသွားခဲ့သည်။ ဆယ့်တစ်နာရီ ထိုးပြီးသည်အထိ ကိုထွန်းကြည်တို့ ရောက်မလာတြသဖြင့် (၃၆)လမ်းထဲ ထမင်းသွားစားကာ စားပြီးမှ ဆိုင်ခင်း၍ (၁၂)နာရီထိုးလုဖြစ်သွားသည်။

ကိုထွန်းကြည်နှင့် ကိုဝင်းဖေတို့ ဒီနေ့ ဆိုင်မထွက်ကြ၊ ဘာကြောင့်မှန်းတော့ မသိ။ ရာသီဥတုကလည်း ထူးခြားစွာ ပွင့်သာနေ၍ ဒီနေ့ အရောင်းအဝယ် ကောင်းလောက်သည်ဟု မျှော်လင့်ကာ စာအုပ်ခင်းလိုက်သည်။ ဦးသုခ၏ဝတ္ထုတိုပေါင်းချုပ်သည် ဒီမနေ့က ကိုထွန်းကြည်တို့ကို စောင့်ရင်း လက်ဖက်ရည်ဆိုင်မှာ အပြီးသတ်လိုက်၍ အခင်းထဲ ထည့်ကာ ခင်းလိုက်သည်။ ဖတ်ဖို့အတွက် ဆာနူပါရှုဂ်ဝေသာလီကို နှုတ်ယူထားလိုက်ပါသည်။

www.burmeseclassic.com

www.burmeseclassic.com



"ဒီမယ်. ."

မော့ကြည့်လိုက်တော့ မနေ့က အမျိုးသမီး။ ဒီနေ့တော့ ဘောင်းဘီနှင့် စပို့ရှပ်နှင့်မို့ တစ်မျိုးကြည့်ကာကောင်းနေသည်။ ကြည့်မကောင်းတာကတော့ သူမ၏အေးစက်စက် မာကျောကျော မျက်လုံးအကြည့်များ။

"ဦးသုခစာအုပ် ထင်တယ်. . . ကျွန်တော်ဖတ်ပြီးပါပြီ၊ ဒီနေ့ ဝယ်ချင်ရင် ဝယ်လို့ရပါပြီ"

သူက ရည်မွန်စွာ ပြောရင်းက စာအုပ်ခင်းထဲ ထည့်ထားသော ဝတ္ထုတိုပေါင်းချုပ်ကို လှမ်းယူကာ ပေးလိုက်သည်။ သူမက ခပ်တင်းတင်းပင် ဆွဲယူပြီး ဘဏ်စီးမပျက် ရှိနေသော တစ်ထောင်တန်နှစ်အုပ် ထုတ်ပေးလိုက်သည်။

"ဟာ. . . မဟုတ်ဘူးဗျ၊ ကျွန်တော့်စာအုပ်က သုံးထောင်ပါ"

"ဟင်. . . မနေ့က ကျွန်မ နှစ်သိန်းပေးတောင် မရောင်းဘူး ဆို"

"ဟုတ်တယ်. . . အဲ့ဒါက ကျွန်တော်ဖတ်လို့မပြီးသေးလို့၊ အခု ဖတ်ပြီးသွားပြီ၊ စာအုပ်ဖိုး သုံးထောင်ပါ၊ ပိုတာ ပြန်ယူသွားလိုက်ပါ"

သူမ ညစ်ကျယ်ကျယ်လေး ပြုံးကာ ပိုက်ဆံတစ်သိန်းနှစ်အုပ်ကို ပြန်ယူ၍ လက်ပွေ့အိတ်ထဲ ထည့်လိုက်သည်။ ထို့နောက် တစ်ထောင်တန်သုံးရွက် ထုတ်ပေး၍ စာအုပ်ယူကာ ထွက်သွားပါတော့သည်။

ဒီနေ့ ဈေးဦးပေါက် ကောင်းသဖြင့် ဆရာပါရဂူ၏ဝေဿလီနှင့် နှုပ်တော့မည် တွေးကာ စာအုပ်ဖွင့်အကြည့် သူ့စာအုပ်အခင်းရှေ့ (၇)နှစ်အရွယ်လောက် ရှိမည့် ကလေးတစ်ယောက် ယောင်လည်လည်



www.burmeseclassic.com

www.burmeseclassic.com



ရပ်နေစဉ် လူတိုးမိ၍ ယိုင်ခနဲဖြစ်ကာ စာအုပ်အခင်းပေါ် ဒူးထောက်ကျသွားသည်။ ကျလွတ်နှင့်ပင် မထဘဲ ငိုနေတော့၏။

"ဟော့. . . ချာတိတ်၊ ပြန်ထလေကွာ. . မငိုနဲ့၊ ထ. . ထရပ်"

"ဟီး. . . သားကို ဝင်တိုက်တာ. . ဟီး"

"အေး. . . ဦးလေးမြင်တယ်. . ထ. . ထစမ်းကွာ၊ ယောကျ်ား ဆိုတာ မငိုရဘူးကွ"

ကလေးက ဖြူဖြူချောချော ချစ်စရာလေး၊ ရပ်ကွက်ထဲမှာ မည်းမည်းလုံးလုံးလေးတွေပဲ မြင်နေရလို့လားမသိ သူ၏စာအုပ်အခင်းပေါ် ဖြူဖြူလုံးလုံးလေး ရောက်လာတော့ ချစ်ခင်ချော့မြှူလိုစိတ်လေးဖြစ်လာကာ သူ ထရပ်၍ အရှေ့ဖက် ကွေ့ပန်း၍ ကလေးကို ထူမ,လိုက်သည်။

"သား ဘယ်သူနဲ့ လာတာလဲ. . ဘယ်ကလဲ"

"သားမေမေနဲ့ လာတာ. . ဟီး. . ဟင့်၊ သား. . သား ကားထဲမှာ ထိုင်နေတုန်း လူ. . လူကြီးတစ်ယောက်က သေနတ်ကြီးနဲ့ တံခါးဖွင့်ထွက်ခိုင်းလို့ သား. . သားဖွင့်ထွက်ပြီး ထွက်. . ဟီး. . အီး ထွက်ပြေးလာတာ. . ဟီး. . ဟင့်"

"အဟက်ဟက်. . သားကို ချစ်လို့ စတာ နေမှာပါကွာ၊ နေပါဦး သေနတ်နဲ့ လူကြီးက ဟိုးက ရပ်နေတဲ့ ဦးဦးတွေပုံစံမျိုးလား"

လပြည့်က လမ်းတစ်ဖက် ပလက်ဖောင်းပေါ် ရပ်နေသော ရဲတပ်ဖွဲ့ဝင်နှစ်ယောက်ကို လက်ညှိုးထိုးပြသည်။ ကလေးငယ် ငိုရှဲရှဲ လှမ်းကြည့်ပြီး ခေါင်းခါလျက်. . .

"မဟုတ်ဘူး. . . ဆံပင်အရှည်ကြီးနဲ့ မျက်မှန်ကြီးနဲ့. . တင်. . အင်း. . ."

လပြည့် အသက်ရှူ မှားချင်သွားပြီး ကလေးကို ပြန်ကြည့်



www.burmeseclassic.com

www.burmeseclassic.com



သည်။ ကလေးက တတယ့်ကို ထိတ်လန့်ကြောက်ရွံ့နေရှာပြီး ဝိုင်းစက်သောမျက်လုံးအိမ်ထဲ မျက်ရည်တွေ ပြည့်ကာနေသည်။

"သား . . မေမေဆီ ပြန်ချင်တယ်"

"အေး . . ဦးလေးလိုက်ပို့မယ်"

"ကားရပ်ထားတဲ့နေရာ ဦးလေးကို ပြပေး . . "

"ဟင့်အင်း . . . ကားမှာ သေနတ်ကြီးနဲ့လူ ရှိတယ်"

"ရှိပစေ . . အဲ့ဒီကောင်ကို ဦးလေး ချပစ်မယ်၊ သား မကြောက်နဲ့ . . . ဟုတ်ပြီလား"

"သူ့ . . သူက သေနတ်ပစ်ရင် ဦးလေး သေမှာပေါ့"

"ဘယ်မှာလဲကွ . . . ဦးလေးမှာ ကျည်ကာအကျီ ဝတ်ထားတယ်၊ အမြောက်နဲ့ ပစ်တာတောင် မသေဘူး၊ လာကွာ . . . တော်ကြာ မင်းအမေ စိတ်ပူနေလိမ့်မယ်"

ဆိုတော့ ကလေးငယ်က သူ့အပေါ် ယုံကြည်စိတ်ရှိလာပြီး သူ့လက်ကို လှမ်းဆွဲသည်။ ဒီခေတ်ကလေး ထိုမျှ ဗဟုသုတ ရှိတာ အံ့သြစရာ မဟုတ်ပါချေ။

အိမ်ဘေးအိမ်က အပနား ကလေးတွေဆိုလျှင် ကောက်ရိုးပုံပေါ် တက်ပြီး လပေါ် လမ်းလျှောက်သည့်ကစားနည်း ကစားကြသည်။ သူက အပြာ၊ ငါက အဝါ၊ မင်းက အနီ၊ အဖြူ စသည်ဖြင့် သတ်မှတ်ကြသည်။ အားလုံး ကိုယ်တုံးလုံးတွေနှင့် မည်းပြောင်ပြောင်လေးတွေချည်း။

သူ ကလေးငယ်ကို လက်ဆွဲပြီး ကိုထွန်းကြည် မထွက်၍ ကိုထွန်းကြည် ဆိုင်နေရာ ဝင်ခင်းနေသော ဒေါ်မိုးလင်မယားကို သူ့အခင်းခဏကြည့်ထားပေးဖို့ အပ်ခဲ့သည်။ ကလေးငယ်က သူ့ကားရပ်ထားသော နေရာသို့ ကောင်းစွာညွှန်ပြနိုင်ခဲ့သည်။ ကားက မဟာဗန္ဓုလလမ်းပေါ်ရှိ



www.burmeseclassic.com

www.burmeseclassic.com



တက္ကစီများ ရပ်ရာနေရာတွင် ရပ်ထားခဲ့ပုံ ရပါသည်။ သို့သော် ကားကို မတွေ့ရ။

"ဟီး. . မေမေ. . မရှိတော့ဘူး၊ မေမေပြန်သွားပြီ၊ ဟီး. . ဟီး"

"ဟာ. . . မငိုပါနဲ့ သားရာ"

ကလေးက ကားရပ်ထားသည့်နေရာကို မှတ်မိနေပြီး ကားကို မတွေ့တော့သဖြင့် သည်းသည်းထန်ထန် ငိုတော့သည်။ ထို့ကြောင့် ကောက်ယူချီမ,ထားကာ နှစ်သိမ့်ရင်း စဉ်းစားသည်။ သူ့အမေလည်း ခုချိန် သားပျောက်၍ ခေါင်းတောက်အောင် ရှာဖွေနေလိမ့်မည်။ ကလေးငယ်၏လူရည်လူသွေးက အမျိုးညံ့ထဲကတော့ မဟုတ်လောက်၊ ဗဟုသုတနှင့် အဆင့်အတန်းရှိသော မိခင်ပီပီ သက်ဆိုင်ရာ ရဲစခန်းသို့ အကြောင်းကြား၊ အကူအညီတောင်းမှာ သေချာသည်။ ထို့ကြောင့် သူ၏ခြေလှမ်းများအား ကျောက်တံတား ရဲစခန်းသို့ ခြေဦးလှည့်ရတော့၏။

ရဲစခန်းရောက်တော့ မိခင်ဖြစ်သူ လာရောက်အကြောင်းကြားခြင်း မရှိသေးကြောင်း သိကာ နည်းနည်းတော့ အကြံအိုက်သွားသည်။ ကလေးကလည်း စခန်းထဲက လက်နက်ကိုင်ဆောင်ထားသော တပ်ဖွဲ့ဝင်တွေကို ကြည့်ပြီး တက်မတတ် ချက်မတတ် ငိုပြန်နေသေးသဖြင့်. .

"ဆရာ. . . ကျွန်တော်ဘယ်လိုလုပ်ရမလဲ"

"ကလေးကို ထားခဲ့ပါ. . . ကျွန်တော်တို့ စုံစမ်းပြီး မိဘတွေ လက်ထဲ ပြန်အပ်ပေးပါ့မယ်"

"သားမနေခဲ့ဘူး. . မနေခဲ့ဘူး၊ ဦး. . ကျွန်တော့်ကို ထားခဲ့ပါနဲ့. . ဟီး. . ဟီး. . မနေဘူး. . မနေဘူး"

ကလေးက ငိုရင်း သူ့ကို အားတုန်ဖက်ထားပြီ. . .



www.burmeseclassic.com

www.burmeseclassic.com



"ဒီလိုပါ ဆရာ၊ သူ ကားထဲမှာ ထိုင်နေတုန်း မျက်မှန်နဲ့ ဆံပင်ရှည်ရှည်နဲ့ လူတစ်ယောက်က သေနတ်နဲ့ ကားထဲက ထွက်ခိုင်းတယ်လို့ ကျွန်တော့်ကို ပြောပါတယ်၊ အခု . . ဒီမှာ သေနတ်မြင်တော့ သူ ကြောက်နေတာ ထင်တယ်"

ရဲအရာရှိက သူ၏စကားကို အတည်ပြုဖို့ ကလေးငယ်ကို ချော့မော့ကာ မေးကြည့်သည်။ ကလေးက ဝိုရင်း ခေါင်းညိတ်ပြသဖြင့် ရဲတပ်ဖွဲ့ဝင်နှစ်ဦးအား ခေါ်ယူကာ ညွှန်ကြားချက် ပေးလိုက်သည်။

ထို့နောက် . . .

"လောလောဆယ် ကလေးအတွက် ငွဲပြီး ခင်ဗျားကို စခန်းမှာ ခဏခေါ်ထားရလိမ့်မယ် . . ကိုလပြည့်"

"ဟုတ်ကဲ့ . . . ဖြစ်ပါတယ်ခင်ဗျာ၊ ဒါပေမယ့် ကျွန်တော် ဆိုင်ပြန်သိမ်းဖို့ လိုအပ်မယ်"

"ဒါဆို ဒီလိုလုပ်လေ . . . အခု ကျွန်တော့်ရဲဘော်တွေ အခင်းဖြစ်တဲ့နေရာကို လွှတ်ပြီး စောစောက ခင်ဗျား ထွက်ဆိုချက်ပေးထားတဲ့ လူကို ပိုက်စိပ်တိုက် ရှာမယ်၊ မျက်မြင်သက်သေနဲ့ တိုးတက်ဖြစ်စဉ် စုဆောင်းမှာဆိုတော့ ခင်ဗျား သူတို့ကားနဲ့ လိုက်သွားပါ . . . ကလေးပါ ခေါ်သွား၊ ဖြစ်စဉ်အခြေပြုတဲ့နေရာကို တိတိကျကျ ပြပေးပြီး ဆိုင်သိမ်းပါ၊ ပြီးတော့ တပ်ဖွဲ့ဝင်တွေနဲ့ပဲ စခန်းကို ပြန်လိုက်ခဲ့ပါ"

"ဟုတ်ကဲ့ . . . အဲ့ဒါဆို အဆင်ပြေပါတယ် ဆရာ၊ ကဲ . . သားမင်းကို ဦး မထားခဲ့ဘူး ဟုတ်ပြီလား၊ ဦးက သားနဲ့ အတူတူ ရှိမှာဘာမှ မကြောက်နဲ့၊ ဒီက ဦးဦးတွေက သားအမေကို တွေ့အောင်ရှာပေးကြမှာကွ . . . သိလား"

ထိုအခိုက်မှာပင် နေရီရီတစ်ယောက် (၁၉၉၉)အဖွဲ့နှင့် အဆက်



www.burmeseclassic.com

www.burmeseclassic.com



အသွယ် ရယူပြီး ကလေး ကျောက်တံတားစခန်းမှာ ရောက်နေကြောင်း သိကာ ချက်ချင်းပင် ရောက်ရှိလာခဲ့သည်။

"သား. ."

"မေမေ. . ဟီး. ."

"သား မငိုနဲ့တော့၊ မေမေ ဖက်ထားတယ်လေ၊ ဖြစ်ရလေ သားလေးရယ်. . မေမေ သေချာမှာထားရက်နဲ့ကွာ. ."

"သားက ဟိုလူကြီးကို ကြောက်တာကိုး. . မေမေရ. . ဟီး"

သူမက သားဖြစ်သူကို ပွေ့ချီပြီး. . .

"အားလုံးကို ကျေးဇူးတင်လိုက်တာရှင်. . . နောက်ထပ် တလက်စတည်း အကူအညီပေးပါဦး. . . ကျွန်မကားထဲမှာ ဟန်းဖုန်းနဲ့ ငွေ(၁၂)သိန်း ထားခဲ့တာ၊ အဲ့ဒါလည်း ပျောက်သွားလို့ပါ"

ရဲအရာရှိက လပြည့်ကို တစ်ချက်လှမ်းကြည့်သဖြင့် သူမပါ လှမ်းကြည့်ပြီး လပြည့်နှင့် အကြည့်ချင်း ဆုံသွားသည်။ ထို့နောက် ရဲအရာရှိက သူမအမည်နှင့် နေရပ်လိပ်စာနှင့် လာရောက်သည့်ကိစ္စ၊ ကလေး ကားပေါ်မှာ ထားခဲ့ပြီး သွားသည့်ကိစ္စနှင့် ကြာသည့်အချိန်ပါ တိတိကျကျ ထွက်ဆိုချက် ယူလိုက်သည်။ ပြီးမှ လပြည့်၏ထွက်ဆိုချက် နှင့် တိုက်စစ်ပြီး. . .

"ကဲ. . . ကိုလပြည့်ရဲ့မှတ်ပုံတင်နံပါတ်နဲ့ နေရပ်လိပ်စာ ကျွန်တော်တို့ ယူထားပြီးပြီဆိုတော့ အကယ်၍ လိုအပ်လို့ ခေါ်ယူမေးမြန်း တာမျိုးရှိရင် ပူးပေါင်းကူညီပါဗျာနော. ."

"ဟုတ်ကဲ့. . ရပါတယ် ခင်ဗျာ"

"ဟောဒီက ညီမရဲ့ကလေးကို ဒီက ကိုလပြည့် လာပို့ပေးလို့ ညီမ အလွယ်တကူ ပြန်ဆုံနိုင်တာပါ. . . လောလောဆယ်တော့



www.burmeseclassic.com

www.burmeseclassic.com



တိုလပြည့်ကို ကျေးဇူးတင်ရမှာပဲဗျ”

သူမှာ နှုတ်ဖွင့်စကားမဆိုသော်လည်း လပြည့်ကို အသိအမှတ်ပြုသော မျက်ဝန်းတစ်စုံတော့ ပို့လွှတ်သည်။

“တိုလပြည့်ရေ. . . ကျန်ရှိနေတဲ့အမှုအတွက် ကျွန်တော့်ရဲဘော်တွေကို ကူညီပေးပါဦးဗျာ. . ”

“ဟုတ်ကဲ့. . . ဒါဆို ကျွန်တော့်ကို ခွင့်ပြုပါဦး”

ပြီးမှ. . . မိခင်ကို ကြောက်လန့်တကြား ဖက်တွယ်ထားသော တလေးအား နှုတ်ဆက်လိုက်သည်။

“ဟေ့. . . ချာတိတ်၊ စောစောက ပြောတော့ ဦးနဲ့ပဲ နေမယ်ဆို၊ လာလေကွာ. . ”

နေရီရီက. . .

“ဦးကို ကျေးဇူးတင်ပါတယ်လို့ ပြောလိုက်လေ သား”

“ဦးဦး ကျေးဇူးတင်ပါတယ်. . . သားတို့အိမ်ကို လာခဲ့ပါ”

“ဟာ. . အေးပါကွာ. . ဦးလာခဲ့မယ်၊ နောက်တစ်ခါ သေနတ်နဲ့ ချိန်တဲ့လူ တွေ့ရင် သား ဘာမှမဖြစ်ရအောင် ဦး ကျည်ကာအကျႌတစ်ထည် လာပေးမယ် ဟုတ်ပြီလား. . ”

“ဦး. . တကယ်လား”

“တကယ်ပေါ့ကွ. . ကဲ. . ဦးသွားပြီ. . တာ့တာ”

“ဦးဦး. . . တာ့တာ”

သူ နှုတ်ဆက်ပြီး စခန်းထဲမှ ပြန်ထွက်ကာ တပ်ဖွဲ့ဝင်များ ကားနှင့် လိုက်ပါလာခဲ့ပါသည်။ ကားပေါ် ရောက်မှ စခန်းဖက် လှမ်းကြည့်ရာ စခန်းထဲမှ ထွက်လာသော ကလေးသားအမိကို တွေ့ရ၍ သူတို့လည်း လှမ်းကြည့်နေသဖြင့် လက်ပြလိုက်မိသည်။ ထိုစဉ် တပ်ဖွဲ့ဝင်တစ်ဦးက



www.burmeseclassic.com

www.burmeseclassic.com



"ကလေးအမေက တော်တော်ချောတယ်နော်. . . လုံးဝ မထင်ရဘူး"

"ခင်ဗျာ. ."



www.burmeseclassic.com

www.burmeseclassic.com

အချစ်တို့မြင်တတ်လာအောင်
ဝါ့မှုတ်လုံးတွေ အတော်သင်ယူရဦးမယ်၊
လည့်လည်ပတ်ပတ် ပြောတတ်အောင်လည်း
ဝဲစစ်တို့ "ဂိုက်" ငှားပေးရမယ်၊
သွေးလေးတဲ့နှလုံးသားလည်း
အောင်ချက်များတဲ့ကျောင်းမှာ ထားပြီး
ဖားခုန် ခုန်ခိုင်းပစ်ရမယ်။



www.burmeseclassic.com

www.burmeseclassic.com



*

# အခန်း(၉)

အဟောင်းရန့်တွေ ဆွတ်ပျံ့နေသော ညနေက (၂၈)လမ်း တစ်ပတ်နွမ်း ,ဈေးတန်းလေး၏အသံဗလံများနှင့် ပေါင်းဖွဲ့ကာ ဖြောင်းဖြောင်းညံနေသည်။

လပြည့်လည်း ထိုအဟောင်းတန်း၏လူစီးကြောင်းထဲ စီးဝင်ကာ စူလေတီတို့ ဆရာတပည့်ကို ရှာသည်။ စူလတီတစ်ယောက်သူ့ဆရာကိုလှသိန်းနှင့် ဆိုင်ပြန်ထွက်နေသည်မှာ တစ်ပတ်မျှပင် ရှိနေချေပြီ။

ရွှေဘုံသာလမ်းထောင့်မှ ဈေးတန်းပလက်ဖောင်းအတိုင်း



www.burmeseclassic.com

www.burmeseclassic.com



တိုးတာဒေ့တာ ဈေးကွက်လာရင်း (၂၈)လမ်းကို ကျော်ဖြတ်ပြီးမှ ကိုလှသိန်းခါဈေးခင်းဘန်းကို တွေ့သည်။

ကိုလှသိန်းရှေ့မှာ လမ်းပလက်ဖောင်းစွန်း ပစ္စည်းဘန်းခင်းပြီး ထိုင်နေတာ စူလတီ။

"ဟော့. . . လပြည့် ဘယ်လဲကွ. ."

"ဒီကို လာတာ. ."

"လက်ဖက်ရည် တိုက်မလို့လား"

"တိုက်မယ်လေ. . . လာ"

ထို့နောက် စူလတီကို ဆိုင်စောင့်ထားခဲ့ပြီး ကိုလှသိန်းနှင့် အနော်ရထာလမ်းကို ဖြတ်ကူးကာ ခုနစ်လွှာပေါက်စီ ရသော လက်ဖက်ရည်ဆိုင်မှာ ထိုင်ကြသည်။ ကိုလှသိန်းက လက်ဖက်ရည် မှာသောက်ပြီး သူက ပေါက်စီမှာ၍စားသည်။

"တခြားကိစ္စရှိလို့လား"

"ရှိတယ်. . . ကိုလှသိန်း ခင်ဗျားတို့ဆရာတပည့်ရဲ့အကူအညီ လိုတယ်"

"ဟေ. . . ဘာများတုန်း ပြောလေ"

သူ ချက်ချင်းမပြောသေးဘဲ ပေါက်စီကို ကုန်အောင်စားလိုက်သည်။ ပြီးမှ. . . ရေနွေးသောက်ရင်း လွန်ခဲ့သည့်နှစ်ရက်က နေရီရီတို့ သားအမိနှင့် ဆုံခဲ့ရပုံကို ပြောပြလိုက်သည်။

အဓိက ပြောချင်သည်မှာ ဟန်းဖုန်းဖြစ်သည်။ ထို့ကြောင့် ဖုန်းနှင့်ပတ်သက်ပြီး အချက်အလက်ကို ပြည့်စုံအောင် ပြောပြလိုက်၍ ကိုလှသိန်း မျက်ခုံးမြှင့်ကြည့်ပြီး. . .

"ငါ. . ငါဖုန်းမဝယ်တာ ကြာပြီနော် လပြည့် အခု ဘန်းထဲမှာရှိ



www.burmeseclassic.com

www.burmeseclassic.com



နေတဲ့ ဟန်းဆက်တွေက ဟိုဖက် နှစ်လလောက်က ဝယ်ထားတာတွေ"

အမှန်တော့ ကိုလှသိန်း ပူပူနွေးနွေး ခံထားရ၍ ကြောက်ခွံ့တာကြိုကန်နေခြင်းဖြစ်သည်။

"နေပါဦးဗျာ. . . ကျွန်တော်က ခင်ဗျားဝယ်တယ်လို့လည်း မပြောပါဘူး၊ ဝယ်မယ်ဆိုလည်း မဝယ်နဲ့လို့ ပြောမှာ. . . စိတ်ချ"

"ငါလန့်နေပြီကွ. ."

"သိပါတယ်ဗျာ. . . အခုကိစ္စက အဲ့ဒီဟန်းဆက်အမျိုးအစားနဲ့ စောစောက ကျွန်တော်ပြောတဲ့ လူပုံသဏ္ဌာန်မျိုး လာရောင်းရင် မဝယ်ဘဲ သက်ဆိုင်ရာကို အမြန်ဆုံး သတင်းပေးဖို့ အကူအညီ တောင်းချင်တာ. ."

"ဩော်. . . ဒီလိုလား၊ အဲ့ဒါဆို လမ်းထဲက ချစ်တီးသိန်းဇော်ကို ကြိုပြောထားပေးမယ်"

"သူက ဘာလဲ"

"သူက အဲ့ဒီလိုင်း သီးသန့်ကိုင်တဲ့လူ. . . မင်းဖြတ်လာတော့ သံဇကာဘေးမှာ ဟန်းဆက်ဆိုင်တွေ တွေ့ခဲ့တယ် မဟုတ်လား"

"အင်း. ."

"အေး. . . အဲ့ဒါ ချစ်တီးလူတွေ၊ ဘန်းထဲ ခင်းထားတာ ဘာမှ သုံးမရတဲ့ အင်တွေ၊ အမှန်လိုချင်ရင် ချစ်တီးဆီမှာ သွားယူရတာ၊ အမှန်လာရောင်းရင်လည်း ဆိုင်မှာ အရောင်းအဝယ် မလုပ်ဘူး ချစ်တီးဆီခေါ်သွားပြီး တစ်နေရာရာမှာ အရောင်းအဝယ် လုပ်ကြတယ်"

"ခင်ဗျားတို့ဟာကလည်း မာဖီးယားဂိုဏ်း ကျနေတာပဲဗျ"

"အဲ့သလို မလုပ်ရင် ငါလို ခံသွားရမှာပေါ့ကွ"

"ကောင်းပြီလေ. . . ကျွန်တော့်ကို အဲ့ဒါလေးတော့ ကူညီပေး

www.burmeseclassic.com



ဒါ တကယ်ထို့သူကို မတွေ့လိုက်ဘူး၊ ဟန်းဆက်တော့ လမ်းထဲ ရောက်နေပြီဆိုတာ သိရင်လည်း အကြောင်းကြားပေးဗျာ၊ ဘာပြဿနာမှ မရှိဘဲ ရောင်းတဲ့ဈေးနဲ့ ပြန်ဝယ်ပါ့မယ်. . ”

“ဟန်းဆက်ကွာ. . . အသစ်ပဲ ပြန်ဝယ်လိုက်ပါတော့လား”

“ဒါပေမယ့် အထဲမှာ သူ့ကိုယ်ရေးကိုယ်တာ အချက်အလက်တွေ မန်မိုရီ လုပ်ထားတာ ရှိတယ်လေဗျာ၊ အဲ့ဒါက ပျောက်သွားရင် ပြန်ဝယ်လို့မှ မရတာ. . ”

“အဲ့ဒီအမျိုးသမီးနဲ့ မင်းနဲ့ အမြဲတမ်း အဆက်အသွယ်ရှိလား”

“ရှိတယ်. . . ဒါလည်း ဒီနေ့မှ ရှိလာတာ၊ သူ တစ်ခေါက်ပြန်လာပြီး ဒီကိစ္စအတွက် အကူအညီပေးနိုင်ရင်ပေးဖို့နဲ့ ငွေထက် ဟန်းဖုန်းက အဓိကလို့ ပြောပြီး သူ့ဖုန်းနံပါတ်နဲ့ ပျောက်သွားတဲ့ ဟန်းဖုန်းနံပါတ်ပါ ပေးသွားတယ်”

“အေးလေ. . . အဲဒါဆိုရင်လည်း ငါတတ်နိုင်သလောက် ဂရုစိုက်ပြီး ကူညီပါ့မယ်”

“ကဲ. . . ဒါဆိုလည်း သွားကြမယ်ဗျာ၊ နေဦး. . . စူလတီအတွက် ပါဆယ်တစ်ထုပ် ဆွဲသွားဦး”

“မလိုပါဘူး လပြည့်ရာ. . . ထားစမ်းပါ၊ အလကား အကျင့်ပါတယ်”

“သူလည်း ပါးစပ်ကြီးနဲ့လေ ကိုလှသိန်း. . . သောက်ချင်မှာပေါ့”

ထို့နောက် ကိုလှသိန်းနှင့် ပါဆယ်ထည့်ပေးလိုက်ပြီး သူကတော့ လမ်းထဲ ပြန်လိုက်မသွားတော့ဘဲ အောက်လမ်းဖက် ဆင်းလာခဲ့ပါသည်။



www.burmeseclassic.com

www.burmeseclassic.com



ကိုလှသိန်း၏အတ္တကို သူသိပ်တော့ မကြိုက်ချင်။ သို့သော်လည်း စူလတီ၏ကံတရားကလည်း ထိုအတိုင်း ရှိနေရမည် မဟုတ်လား။

www.burmeseclassic.com

www.burmeseclassic.com



**နေ့** ခင်းကတည်းက အုံ့ပြီးမရွာသောမိုးက ညနေစောင်းမှ တဖြည်းဖြည်း အိဆင်းကာ အေးလာသည်။

မရွာပါစေနဲ့ဟု ဆုမတောင်းချင်၊ မိုးရာသီမှာ မိုးရွာတာဟာ သဘာဝ ကျပါသည်။ မိုးရွာလျှင် စိတ်ထဲ အလိုလို ပျော်လာကာ လေကလေး ချွန်ပြီး ဒူးလေး နှံ့နေတတ်သဖြင့် ကိုထွန်းကြည်တို့ ဆဲဆိုတာကို မကြာခဏ ခံရတတ်သည်။ သူတို့က မိုးရွာတာကို မကြိုက်ပါ။

မိုးရွာလျှင် အရောင်းအဝယ်ပါး၍ အိမ်အပြန် မျက်နှာပန်းမလှသဖြင့် ကောင်းကင်ကို မော့ကြည့်ပြီး ကြိမ်းဝါးကြသည်။ ပြစ်တင်မောင်းမဲကြသည်။

ကောင်းကင်က လျှပ်စီးဖြန်းခနဲ ပွင့်လက်ပြီး ဂျိမ်းခနဲ ထိုင်းခနဲ တစ်ချက်လောက် ပြန်ကြိမ်းဝါးလျှင်တော့ သူတို့တွေ ခေါင်းလေးတွေ ပုဝပ်ကာ ကျွန်တော်မပါဘူးဗျို့လို့ အော်ပါသည်။ ဒီလိုတော့လည်း သူတို့



www.burmeseclassic.com

www.burmeseclassic.com



ကြောက်တတ်ကြသေးသည်။ သူတော့ မကြောက်ပါ။ မိုးကိုလည်း အပြစ်မမြင်. . . ချစ်ခင်လျက်နှင့် တစ်ခါတစ်ရံ စာအုပ်တွေ ပြန်သိမ်း အုပ်ဆိုင်းပြီး မိုးရေထဲပင် လမ်းထွက်လျှောက်သေးသည်။ မျက်နှာပေါ် မိုးစက်မိုးပေါက်တွေ ထိမှန်နေတဲ့ကြားက လျှပ်ပန်းလျှပ်နွယ်တွေကို မော့ကြည့်ရသည့်အရသာအား သူသဘောကျပါသည်။

တစ်နေ့ခင်းလုံး နေတွေ ကျဲကျဲတောက် ပူပြင်းပြီး ညနေ စောင်း မိုးရွာလျှင်တော့ မိုးကြိုးတွေ အစင်းစင်းပစ်ပြီး ကောင်းကင်တစ်ခု လုံး လျှပ်စီးတန်း အတွန့်အကွေးများ ဟိုမှသည်မှ ဖြာခနဲ လင်းခနဲ ဖြစ်လို့မဆုံး။ ထိုအချိန်မျိုးမှာ လပြည့်တစ်ယောက် မိုးရေထဲ ပြေးဆင်း တာ ချာချာလည်အောင် လိုက်ကြည့်နေတတ်သည်။ ခင်မင်သူများက လပြည့်တော့ မသာစာမေးပွဲ ဖြေနေပြီဟု ထောပနာပြုပါသည်။ မတတ် နိုင်ပါ. . . မိုးကြိုးပစ်၍သေရလျှင် တန်သည်ဟုပင် လပြည့် ခံယူထားမိ သည်။

တစ်ခါတုန်းက ရပ်ကွက်ထဲက အရက်အလွန်ကြိုက်သော ကိုစလင်းနှင့်သူ ပြင်းခုံရဖူးသည်။ ကိုစလင်းက သက်နိုးကျွန်းဘူတာတွင် တုန်ထမ်းပြီး အရက်ကို တစ်ခါသောက် နှစ်ပက်နှင့် တစ်နေတုန် အခါခါ သောက်သူဖြစ်သည်။ အရက်သောက်သူများ အရက်ကို ခေါင်း စဉ် အမျိုးမျိုးနှင့် သောက်ကြသည့်အနက် ကိုစလင်း၏ခေါင်းစဉ်တာ အမှန်တရားနှင့် အလွန်နီးစပ်ပါသည်။

"ငါကြိုက်လို့ ငါသောက်တာ" သည် ကိုစလင်း၏အရက် သောက်သက်တစ်လျှောက် မပြောင်းလဲသောခေါင်းစဉ်တစ်ခုဖြစ်သည်။ သူ့ဇနီး အခါလေး ဆုံးတုန်းကတော့ တစ်ဆိုင်တည်း နှစ်လုံးတုန်းကတင် သောက်ပစ်သည်။ ဒါကို အပေါင်းအသင်းတွေတဲ့ နှစ်သိမ်းသည့်

www.burmeseclassic.com



သဘောနှင့် ဝင်တာ ဖျောင်းဖျသည်။

"ငါတို့လည်း မင်းနဲ့ထပ်တူ ခံစားရပါတယ် စလင်းရာ၊ တရားနဲ့ ဖြေပါ အရက်နဲ့ မဖြေနဲ့. . ."

"ဘာ. . . ငါက မိန်းမသေလို့ ညစ်ပြီးသောက်တယ် ထင်နေလား၊ ငါဘာသာ ကြိုက်လို့သောက်တာ. . . လာမပြောနဲ့"

ကိုစလင်းကြီး ထိုမျှ အရက်ကို ကြိုက်လေသည်။ တစ်နေ့ မိုးဦးကျလထဲ မိုးသည်းသည်းနှင့် မိုးကြိုးတွေ အဆက်မပြတ် ပစ်နေ၍ သူ လမ်းလျှောက်ထွက်ကာ ရထားလမ်းပေါ် တက်လာခဲ့သည်။ ရထားလမ်းပေါ်က ကြည့်လျှင် ကောင်းကင်ကို ရှင်းလင်းစွာ မြင်နေ၍ ငမိုးရိပ်ဘူတာမှ သက်န်းကျွန်းဘူတာဖက်သို့ စုန်ကာ လျှောက်မည်အပြု ကိုစလင်း အတင်းလိုက်ဆွဲကာ ဘူတာထဲသို့ ခေါ်လာသည်။ ဘူတာထဲရောက်မှ ကိုစလင်းက. . .

"မင်းသေချင်လို့လား လပြည့်. . . မိုးကြိုးတွေ ဒီလောက်ပစ်နေတာ. ."

"အင်းလေ. . . ကျွန်တော် အဲ့ဒါကို ကြည့်ချင်လို့ လိုက်ကြည့်နေတာ"

"ဘာကွ. . . ဟော့ကောင် မင်းဦးနှောက်မှကောင်းသေးရဲ့လား တစ်ခါတည်း မီးကျွမ်းသွားမယ်. . . နားလည်လား"

"နားလည်ပါတယ် ကိုစလင်းရာ၊ ကျွန်တော် အဲဒါကို ကြိုက်လို့ပါ"

"ဟမ်. . အေး. . ကြိုက်. ကြိုက်. . မသာပေါ်မယ့် အလုပ်ကို ကြိုက်တယ်လို့ပဲ. ."

"ကိုစလင်း. . . အရက်ကို ဘာလို့ သောက်တာလဲ"



www.burmeseclassic.com

www.burmeseclassic.com



"ကြိုက်လို့ သောက်တာပေါ့ကွ. ."

"အရက်က ကောင်းဘူးလေ၊ ခန္ဓာကိုယ်အတွက် အဆိပ်အတောက်ဖြစ်စေမယ့် ဖီးရယ်ဒီကယ်တွေချည်း ထုတ်လွှတ်ပေးနေတဲ့ အရက်ကို ကြာကြာသောက်ရင် သေမှာပဲ. ."

"သေပစေကွာ. . . ကြိုက်လို့သောက်တာ. ."

"သေတယ်ဆိုတာ. . . မသာပေါ်လို့ ပြောတာနော်. ."

"ပေါ်ပေါ်ကွာ. . . အရက်နဲ့ သေရလည်း တန်တယ်၊ ကြိုက်လို့ သောက်တယ်ကွာ"

"ဟမ်. . အေး. . ကြိုက်. ကြိုက်. . မသာပေါ်မယ့် အလုပ်ကို ကြိုက်တယ်လို့ပဲ. ."

"ဟာ. . ဟေ့. . ဟေ့. . လပြည့်၊ အဲ့ဒီစကားက ငါအရင်ပြောတာကွ"

"ဘယ်သူပြောပြော အဓိပ္ပါယ်နဲ့ဖြစ်စဉ် အတူတူပဲ၊ မိုးကြိုးပစ်ခံရလို့ပဲဖြစ်ဖြစ် အရက်ပဲသောက်သောက် သေမှာပဲ၊ ဒါပေမယ့် တစ်ခုတော့ ရှိတယ်ဗျ၊ အရက်မသောက်ရင် လူ့သက်တမ်းကို ကျန်းကျန်းမာမာနဲ့ နေသွားနိုင်တယ်၊ မိုးကြိုးစက်ကွင်းက ရှောင်လည်း ထိတယ်ဗျ"

"မဖြစ်နိုင်ဘူး. ."

"ဖြစ်နိုင်လို့ မိုးကြိုးထိပြီး တစ်အိမ်လုံး မီးလောင်သေတာ ကြားဖူးဘူးလား"

မိုးကြိုးရှောင်ဖို့ မြေအောက်ကွန်ကရစ် ဘန်ကာတွေ တူးပြီးနေရင်တော့ မပြောတတ်ဘူးပေါ့ဗျာ၊ ဘယ်သူမှလည်း အဲ့သလို နေကြမှာ မဟုတ်ဘူး၊ အိမ်ထဲ အရိပ်အကာထဲ နေချင်နေ၊ မနေချင်ရင်ဟိုသည် အိစ္စကိုယ် သွားလာနေကြတာပါပဲ. . . ထိချင်တဲ့လူ ထိပြီး မိချင်တဲ့



www.burmeseclassic.com

www.burmeseclassic.com



တောင် မိတာပဲ၊ တိုက်ခန်းနဲ့ နေလို့ လွတ်ပြီမထင်နဲ့၊ မီးပလပ်ပေါက် တည့်တည့် လျှပ်စီးတန်း ဝင်ဆောင့်ပြီး ဂွမ်းခနဲ ထပေါက်လို့ တစ်အိမ်လုံး နားပင်းကုန်တာရော မြင်ဖူးလား ကြားဖူးလား၊ မရှောင်ရင် လွတ်တာ ကတွတ်ပီရဲ့ကျည်ဆံပဲရှိတယ်၊ အရက်ကတော့ သောက်ရင် သေတယ်၊ မိုးကြိုးက ရှောင်လည်း ထိတတ်တယ်၊ ခင်ဗျားကို ရှင်းပြနေတာနဲ့ မိုးကြိုးတွေတောင် လွတ်ကုန်ပြီဗျာ. . တော်ပြီ. . . ပြန်တော့မယ်"

သူ ဘူတာထဲက ထွက်တော့ ကိုစလင်းလည်း ကောင်းကင်ကို မထိတ်သာ မလန့်သာ မော့ကြည့်ပြီး သူ့ဘေးကနေ လိုက်လာသည်။

"မင်းဘယ်လိုပြောပြော ငါကတော့ အဲ့ဒါကို ကြောက်တယ်ကွာ၊ နေပါဦး. . . မင်းက ဘာလို့ အဲ့ဒါကို မကြောက်မရွံ့ လိုက်ကြည့်တာလဲ"

"ကြိုက်လို့. ."

"ဟမ်. ."

မိုးစက်မိုးပေါက်တို့ တဖွဲဖွဲ ကျလာသဖြင့် သူအတွေးပြတ်ကာ ကောင်းကင်ကို မော့ကြည့်သည်။ ရွာချေပြီ။ ရွာပစေပေါ့ မိုးရာသီပဲ။ သို့သော်လည်း သည်တစ်ကြိမ်တော့ ခြေလှမ်းကို သွက်သွက်လျှောက်ဖြစ်သည်။ ခုလောက်ဆို ကိုထွန်းကြည်တို့ စာအုပ်ခင်းသုံးခင်းကို နှင်းယောက်ထဲ သိမ်းနေရ၍ သူ့ကို မေတ္တာပို့နေကြရော့မည်။

၅ ၅ ၅ ၅



www.burmeseclassic.com

www.burmeseclassic.com



မနက်အိပ်ရာထကတည်းက ရင်ထဲ အော်ဂလီဆန်အောင် ဖြစ်နေသော ဒေါသစိတ်တွေက သားကို ကျောင်းပို့ပြီး ပြန်လာသည် အထိ မပြေချင်။ အတွေးထဲ၊ အမြင်အာရုံထဲ၊ မကြည့်ဘဲ၊ မခံစားဘဲနှင့် တောင် မြင်နေရသော လပြည့်ဆိုသည့်လူကို သူမ ဘယ်လိုဖျောက်ဖျက် ပစ်ရမှန်း မသိအောင်ဖြစ်နေသည်။ ညက အိပ်မက်ထဲမှာ အဲ့ဒီလူနဲ့ လက်ထပ်ရသည်တဲ့၊ ဘုရားဘုရား၊ ရာရာစစ ဘာမဟုတ်တဲ့ စာအုပ် အပေါင်းအစုတ် ရောင်းစားနေတဲ့လူနဲ့များ. . .။

"တောက်"

"ဘာတွေ မကျေမချမ်းဖြစ်နေရတာလဲ. . ညီမလေးရယ်"

သူမ ကားပေါ်က မဆင်းဘဲ မကျေမနပ်စိတ်နှင့် တောက် ခေါက်မိ၍ ကားဘေးသို့ ပိုးချဲ့နှင့် ရောက်နေသော မသဒ္ဒါဖြိုးသွား တာ မေးခြင်းဖြစ်သည်။ သို့သော် ကြားရုံကြားလိုက်သည့်တောက်။



www.burmeseclassic.com

www.burmeseclassic.com



"မမ ညီမလေးဘေးနား ရောက်နေတာ ကြာတောင်ကြာနေပြီ ဘယ်လောက်တောင် စိတ်ဖိစီးမှုတွေ ဖြစ်နေရလို့လဲကွယ်"

သူမ ချက်ချင်းပြန်မပြောမိသဖြင့်. . .

"ဟို. . မမ ဖုန်းကိစ္စကြောင့်လား၊ ပိုက်ဆံကြောင့်လား၊ အဲ့ဒီနှစ်ခုလုံးကြောင့်ပဲဖြစ်ဖြစ် တစ်ခုခုကြောင့်ပဲဖြစ်ဖြစ် စိတ်မဆင်းရဲစေချင်ဘူး သိလား၊ ဖုန်းပြန်မရလည်း နေပါစေတော့၊ ပိုက်ဆံအတွက်ဆိုရင်လည်း ဘဏ်ထဲက မမ. . ."

"အို. . ဟင့်အင်း. . အဲဒါတွေ တစ်ခုမှ မဟုတ်ဘူး. ."

နေရီရီ ထိုသို့ အလျင်စလို ငြင်းလိုက်၍ မမသဒ္ဒါ တစ်ချက်တွေးကာ ပြုံးလာပြီး. . .

"သိပြီ. . . ကျော်ဇေယျ ပြန်ရောက်လာပြီထင်တယ်. ."

"မဟုတ်ပါဘူး မမရယ်. . . ပြန်ရောက်လာလည်း နေရီ ဂရုမစိုက်ပါဘူး၊ တရားဝင် ကွာရှင်းပြတ်စဲထားပြီးသားမို့ လာနှောင့်ယှက်ရင် တီးလွှတ်လိုက်ရုံပဲရှိတယ်၊ အခုကိစ္စက. ."

"အင်း. . . ပြော. ."

ပြောဆိုတော့ မပြောဘဲ သူမ ကားထဲက ထွက်ကာ အစ်မဖြစ်သူ၏ဘီးတပ်ခုံကို တွန်းယူလာခဲ့သည်။ ခြံထဲက အလှစိုက်ပန်းအိုးတွေဘေးရှိ ခုံတန်းဖြူဖြူလေးဆီ ရောက်မှ ရပ်ကာ သူမ ဝင်ထိုင်လိုက်ပါသည်။ ပြောရမည့်ကိစ္စက ရှက်လည်းရှက်၊ ဒေါသလည်း ထွက်ကာ ရင်ထဲမှာ ဖော်မပြတတ်အောင် ရှုံ့မုန်းနေသဖြင့် ခေါင်းကို ငုံ့ချထားမိသည်။

ထိုအခါ မမသဒ္ဒါ၏ရယ်သံလွင်လွင်လေး ကြားလာပြီး. . .

"အင်း. . . ဒီလောက်ထက်မြက်စွာတေးတဲ့ မိန်းကလေးတော့



www.burmeseclassic.com

www.burmeseclassic.com



နိုင်တဲ့သူ ပေါ်လာပြီ ထင်တယ်ဟေ့. . အခစ်ခစ်ခစ်"

"ဟာ. . . မမှုကလည်းဗျာ. . မဟုတ်တာတွေ လျှောက်တွေး နေပြီ"

"ကဲ. . . ဒါဖြင့် ဘာလဲ ပြောပြလေ"

နေရီရီ မျက်နှာလေး ရှုံ့လျက် သက်ပြင်းမောကို ပစ်ချကာ. .

"ညက အိပ်မက်,မက်တယ်၊ အိပ်မက်ထဲမှာ စာအုပ်တန်းတ ကောင်နဲ့ လက်ထပ်ရတယ်တဲ့၊ အဲ့ဒါကို ဒေါသဖြစ်နေတာ၊ အော့နှလုံး နာလွန်းလို့ ဘာမှကို စားချင်စိတ်မရှိဘူး"

"အဟတ်. . ဟတ်. . ဟတ်. . အမလေး နေရီရီရယ်၊ မမတ ဘာများဖြစ်နေသလဲလို့. . . အိပ်မက်,မက်တာ ဘာဖြစ်လဲ၊ ပြီးရင် ပျောက်သွားတာပဲ မဟုတ်လား"

"မပျောက်ဘူး. . . မပျောက်လို့ စိတ်ညစ်နေတာ. ."

"ဟောတော်. ."

ပြောရင်းက ငိုတော့မလိုဖြစ်လာသော နေရီရီကို ကြည့်တာ သဒ္ဒါ ကိုယ်ရှိန်သတ်ရသည်။ စိတ်ထဲမှာ ရယ်ချင်နေသော်လည်း မရယ် ဖြစ်အောင် ထိန်းလိုက်သည်။

"တော်တော်ဆိုးဆိုးပဲ. . မမရယ်"

"နေပါဦး. . . သူက အရမ်းအကျည်းတန်နေလို့လား"

"မသိဘူး. . . နေရီမပြောချင်ဘူး၊ စိတ်ထဲကနေ နှပ်ချေးညှစ် သလို ညှစ်ထုတ်ပစ်ချင်နေတာပဲ သိတယ်"

"ဒါဖြင့် ဒီလိုလုပ်"

နေရီရီ စိတ်ဝင်စားသွားသလို ဖျတ်ခနဲ လှည့်ကြည့်သည်။ တလေးတစ်ယောက်အမေဟု ပြောလျှင်တောင် ယုံချင်စရာမရှိအောင်



www.burmeseclassic.com

www.burmeseclassic.com



လှနေသော ညီမဖြစ်သူက မနာလိုချင်စရာကောင်းလောက်အောင် လှသည်။ သို့သော်. . . သဒ္ဒါ၏စိတ်ရင်းထဲမှာတော့ ထိုအလှတရားနှင့် မြူးသွက်နေတာ၊ အစ်မဖြစ်သူအပေါ် အလိုမကျတိုင်း စိတ်ထွက်လာတာလေးပင် အမြဲတစေ မြင်နေချင်ပါသည်။

"မမစိတ်ကူးအတိုင်း ပြောရရင် သူနဲ့ နောက်တစ်ကြိမ် ပြန်ဆုံကြည့်လိုက်ပါ"

"ဟာ. . မမသဒ္ဒါရာ. . လုံးဝပဲ. . သွား. . မသိဘူး"

ဒီလိုလေယူလေသိမ်းလေးကြောင့် ပို၍သေချာသွားပြီဟု သဒ္ဒါ တထစ်ချ ယုံကြည်လိုက်ပါသည်။ နေရီရီ ဆုံခဲ့ရသော ကောင်လေးက မရှိဆင်းရဲသားပင်ဖြစ်လင့်ကစား မိန်းမတစ်ယောက် စွဲမက်ဖွယ်ရာ ရုပ်ရည်လေးတော့ ပိုင်ဆိုင်ပါလိမ့်မည်။ နေရီရီလောက် အလှမက်မောသော မိန်းကလေးမျိုး ရှိဦးမလား။

အမှန်တော့ ကျော်ဇေယျကို လူကြီးတွေ စီစဉ်ပေးလို့ လက်ထပ်လိုက်တာထက် အလှမက်၊ ဂုဏ်ပကာသန မက်မောစွာ လက်ထပ်လိုက်တာဟု ပြောလျှင် ပို၍မှန်ပါသည်။ ကျော်ဇေယျက မိုးကုတ်ကျောက်တွင်းသူဌေးကြီး၏တစ်ဦးတည်းသောသား ရုပ်ချော ဥစ္စာပေါ လေး။ ပြောစရာဆိုလို့ ဆယ်တန်းမအောင်တာပဲ ရှိသည်။ သဒ္ဒါက အချိန်နည်းနည်းယူပြီး လေ့လာပါဦးလားဟု ပြောတာကိုတောင် လက်မခံဘဲ အလျင်လိုစွာ လက်ထပ်ခဲ့ကြသည်။

မြရိပ်ညိုမှာ တခမ်းတနား လက်ထပ်ပွဲ ကျင်းပပြီး ကိုယ့်မင်း ကိုယ့်ချင်းလမ်းက ယောက္ခမများ လက်ဖွဲ့သောအိမ်မှာ အိမ်ထောင်ဦး ဘဝ သာယာချမ်းမြေ့စွာ နေထိုင်ခဲ့ကြသည်။ ကျော်ဇေယျမှာ အလုပ်အကိုင် မယ်မယ်ရရ မရှိသော်လည်း လစဉ် မိုးကုတ်မှ မိဘများ ပို့ဆေး

www.burmeseclassic.com



သောငွေနှင့် သုံးစွဲနိုင်ခဲ့သည်။ အိမ်ထောင်သက် (၂)နှစ်ရပြီး လင်းလက်ကလေးကို ကိုယ်ဝန်ဆောင်ရသောအချိန်မှာ သူတို့ဇနီးမောင်နှံကြား တိုးတိုးကျယ်ကျယ် မငြိမ်းဖွယ် ပြဿနာများ ရွှေဂုံတိုင်အိမ်သို့ ကူးစက်လာခဲ့သည်။

မိုးကုတ်က ငွေမပို့တာ လေးလကျော်ပြီတဲ့၊ ကျော်ဇေယျက အလုပ်လည်း မလုပ်၊ စီးပွားရေးစိတ်ကူးက ဘာတစ်ခုမှ မရှိ၊ နေ့ရှိသရွေ့ ဘီယာဆိုင်နဲ့ KTV မှာသာ အချိန်ကုန်နေခဲ့သည်တဲ့။ သည်ကြားထဲ နောက်ထပ်အငယ်အနှောင်း ရှုပ်နေသည်ဟု သူငယ်ချင်းမတွေက သတိပေးလာသည်တဲ့။ စုံစမ်းကြည့်တော့ ကျော်ဇေယျမိဘများ ကျောက်တွင်းရှုံးကာ ငွေအကျပ်အတည်းဖြစ်နေကြောင်း မိဘများထံမှ သိရှိလာရသည်။ ထိုကာလအတွင်း ကျော်ဇေယျ အသုံးအစွဲ ပိုကြီးလာကာ ကိုယ့်မင်းကိုယ့်ချင်းလမ်းက အိမ်ကိုပင် ပေါင်နှံသုံးသည်အထိ ဖြစ်လာခဲ့သည်။ အဲ့ဒီနောက်တော့ လင်းလက် ကိုယ်ဝန်နေ့စေ့လစေ့ ကြီးနှင့် လင်မယားချင်း ရန်ဖြစ် စကားများကာ ကျော်ဇေယျဘက်မှ ရိုက်နှက်သည်အထိ ကြမ်းတမ်းလာခဲ့သည်။

သည်မှာတင်ပဲ လင်မယားခန်းပြတ်ကာ တရားဝင် ကွာရှင်း ပြတ်စဲကြသည့်အဆင့်သို့ ရောက်သွားသည်။ သဒ္ဒါနှင့် နှစ်ဖက်မိဘများကြား ဝင်စေ့စပ်ပေးဖို့ ကြိုးစားကြသော်လည်း သွက်လက်ထက်မြက်သော နေရီရီ၏စိတ်ကို အားလုံးအရှုံးပေးကြရသည်။

လင်းလက်ကို မွေးဖွားချိန်မှာ ကျော်ဇေယျ သူ့အိမ်တို့ ရောင်းချပြီး ပြည်ပသို့ ထွက်ခွာသွားပါသည်။ ယခု လင်းလက်ဝင်လျှင် (၅)နှစ်သားဖြစ်ခဲ့ပြီ။

"မမပြောချင်တာ. . . ဒါပဲလား"



www.burmeseclassic.com

www.burmeseclassic.com



နေရီရီ့စကားသံကြောင့် သူမအတွေးပြတ်ကာ ပင့်သက်ရှိုက်ဖြစ်သည်။

"အင်းလေ. . . မမပြောတာကို ညီမလေးမှ လက်မခံတာပဲ"

"ထပ်တွေ့ဖို့တော့ မဖြစ်နိုင်ဘူး မမ. . . ဖုန်းကိစ္စနဲ့ အမှုကိစ္စအတွက် လိုအပ်လို့ ဆက်သွယ်ရင် အိမ်ကို လိုက်လာမှာစိုးလို့ ဖုန်းနံပါတ်တောင် ပေးထားတယ်"

"ခက်တယ်. . နေရီရဲ့. . လူမှာ အသိစိတ်နဲ့ မသိစိတ်ဆိုတာရှိတယ်၊ အသိစိတ်က ပစ္စက္ခအာရုံနဲ့ မှတ်ဉာဏ်ကို ထားသိုနိုင် ဖျောက်ဖျက်နိုင်ပေမယ့် မသိစိတ်မှာ အဲ့သလို ကူပံ့ပေးမယ့် အာရုံခံစားမှုဆိုတာမရှိဘူး၊ ဒါပေမယ့် သိစိတ်ကို တွန်းအားပေးတဲ့နေရာမှာတော့ တကယ်ကျွမ်းကျင်တာ၊ အခု ညီမလေးအသိစိတ်က လက်မခံနိုင်ပေမယ့် မသိစိတ်ရဲ့စွဲလမ်းမြင်မက်မှုကို လက်ခံနေရပြီလေ၊ အဲ့ဒါ မသိစိတ်ရဲ့တွန်းအား၊ ဒါမှမဟုတ် ဖိစီးမှုလို့ ပြောလို့ရတယ်၊ မမပြောတာ သဘောပေါက်လား"

BURMESE CLASSIC

နေရီရီ ခေါင်းမညိတ် ခေါင်းမခါဘဲ တွေငေးငေးကြီး အဝေးကိုလှမ်းကြည့်နေသည်။ ထို့နောက် သဒ္ဒါက. . .

"ဒါကို ကုစားနိုင်တဲ့နည်းက မသိစိတ်ရဲ့တွန်းအားကို အသိစိတ်က အသာတကြည် လက်ခံပေးလိုက်ဖို့ပဲ ညီမလေးရဲ့၊ ဥပမာ ပြောရရင် ပစ္စည်းတစ်ခု ကိုယ့်လက်ထဲ ရောက်လာပြီဆိုမှဖြင့် သိမ်းပဲသိမ်းသိမ်း လွှင့်ပဲပစ်ပစ် ကြိုက်တာ လုပ်လို့ရပြီလေ"

ထိုအခါမှပင် နေရီရီ၏မျက်နှာလေး သူမဖက် လည်လာကာ

"အင်းလေ. . . အဲ့ဒီအတိုင်းပဲ လုပ်ကြည့်ရတော့မှာပဲ"

"မမ ပြောတဲ့အထဲမှာ နှစ်မျိုးနော်၊ သိမ်းထားမလား လွှင့်ပစ်



www.burmeseclassic.com

www.burmeseclassic.com



မလား. . .”

“အို. . . ဒီလိုအစုတ်ပလုတ်ကို ဘာလို့ သိမ်းထားရမှာလဲ” နေရီရီ ပြုံးလိုက်ပါသည်။ စိတ်ထဲမှာလည်း. . .

(ကံတရားရဲ့စုံဖက်မှုကို ဘယ်သူပယ်ရဲသလဲ ပြောပါဦးကွယ်)



www.burmeseclassic.com

www.burmeseclassic.com




BURMESE CLASSIC
www.burmeseclassic.com

www.burmeseclassic.com



# အခန်း(ခြောက်)

လပြည့် ရထားပေါ်က ဆင်းဆင်းချင်း စံပြဈေးဖက် ထွက်တာ လက်ဖက်ရည်ဆိုင် ထိုင်ပြီးမှ အိမ်ပြန်မည်ဟု စိတ်ကူးကြည့်သေးသည်။ နာရီကြည့်တော့ (၇)နာရီထိုးတော့မည်။ ထို့ကြောင့် အိမ်ပြန်ရေမိုးချိုးပြီးမှပဲ တစ်ခေါက်ပြန်တော့မည်ဟု ဆုံးဖြတ်ကာ ရထားလှုပ်သွားသည်နှင့် ဘူတာအဆောက်အအုံဖက်မှ သံလမ်းကို ဖြတ်၍ တန်စွန်းခင်းလမ်းအတိုင်း ရပ်ကွက်ဖက် လျှောက်ဝင်လာခဲ့သည်။ သို့သော် လပြည့် အိမ်ပြန်မရောက်ပါချေ။

www.burmeseclassic.com

www.burmeseclassic.com



"ဟာ. . . တိုလပြည့်၊ ခင်ဗျားကို ဥက္ကဌ လိုက်ရှာခိုင်းနေတာ"

အမှောင်ထဲမို့ အားစိုက်ကြည့်လိုက်တော့. . . ဘေးအိမ်က အပေနား။

"ကျွန်တော်က အခုမှ ပြန်လာတာလေ. ."

"အဲ့ဒါဆိုလည်း ရုံးကို တစ်ခါတည်းသာ လိုက်ခဲ့တော့ဗျာ"

"ဟာ. . . ရေချိုးလိုက်ဦးမယ်ဗျာ၊ ဥက္ကဌကို လာခဲ့မယ်လို့ ပြောလိုက်. ."

"နောက်မှ ချိုးပါ ဆရာသမားရယ်၊ အပနားတောင် မအားလို့ ရေမချိုးတာ ငါးရက်ရှိနေပြီ၊ လာပါ. . . ဟိုမှာ ပြဿနာတွေ အကြီးအကျယ်ကို တက်နေပြီ"

"တော်တော်လည်း စိတ်ပျက်စရာကောင်းပါလားဗျာ၊ ကဲ. . . ပြော. . ဘာပြဿနာလဲ"

အပနားက လိုင်စင်ရုံးရှေ့မှာ လည်သလို လုပ်စားနေသူပီပီ သူ့ကို ပခုံးဖက်ခေါ်ကာ ရယကရုံးဖက် ခြေဦးတည့်လိုက်သည်။

ပြီးမှ. . .

"ဒီလို ဆရာ. . . တမြန်မနှစ်က အနောက်လမ်းထဲက မီးဖွားရင်း ဆုံးသွားတဲ့ ခါတွန်နီးကို မှတ်မိလား"

"သိတယ်. . . ရာဂျူးမိန်းမ. ."

"အေး. . . ကိုယ့်ဆရာ မှတ်ဉာဏ်ကောင်းတယ်၊ ခါတွန်နီ ဆုံးပြီး သုံးလေးလလောက် ကြာတော့ ကျွန်တော့်ခြေရင်းအိမ်က မဒေါ်နားကို ခါတွန်နီ ဝင်ပူးတာရော ဆရာကြားမိလား"

"အင်း. . . ကြားတယ်၊ မဒေါ်နားကို သရဲပူးလို့ ဒေါ်နား ယောက်ျား ကိုဂျလား မူးလာပြီး သောင်းကျန်းတယ်ဗျာ၊ အဲ့ဒါ ဘာဖြစ်



www.burmeseclassic.com

www.burmeseclassic.com



လဲ”

“အား. . ဆရာ. . အဲ့ဒီသောင်းကျန်းတဲ့ပြဿနာပဲ ဆရာ၊ . ကိုဂျလားက ပထမတော့ မဒေါ်နားကို သရဲပူးလို့ သရဲထွက်အောင် ရိုက်တယ် ဆရာ၊ ပါးကို နှစ်ချက်. . နားကို. . ”

“ဟာဗျာ. . . ရိုက်တယ်ဆို ပြီးပြီ. . ”

“အင်း. . အဲ. . ရိုက်တယ်ပေါ့ ဆရာရယ်၊ ဒါပေမယ့် မထွက်ဘူး ဆရာ၊ မထွက်တဲ့အပြင် ငါက ခါတွန်နီပျော့လို့တောင် ထအော်တယ်၊ အဲ့ဒီလိုလည်း အော်ရော နင်က ခါတွန်နီ ငါက ဂျလားဆိုပြီး သရဲပူးနေတဲ့ သူ့မိန်းမကို ဆက်ဆော်တာ အသံပျောက်သွားတယ်. . ”

“သရဲထွက်သွားတယ်ပေါ့. . ”

“ထွက်သွားတာ. . . ဒီနေ့ညနေမှ ပြန်ရောက်လာတယ် ဆရာ”

“ဟမ်. . . ဘယ်ကိုရောက်လာတာလဲ”

“မဒေါ်နားကိုပဲ ဝင်ပူးတာ. . . ကိုဂျလားလည်း အိမ်ပေါ်တက်လာရော ရာဂျူးဆီ ထွက်ပြေးပါလေရော”

“ဟာဗျာ. . . အခိပ္ပါယ် မရှိလိုက်တာ. . ”

“ဩော်. . . ဆရာရောက်ရင် တွေ့ပါလိမ့်မယ်၊ ဥက္ကဋ္ဌလည်း ရှုချင်တယ်ကြီးပဲ အော်နေတော့တာ”

“အေး. . . ရှုံးမှာပဲ”

“အဲ့ဒီထက် ဆိုးတဲ့ပြဿနာက ရာဂျူးက သူ့မိန်းမဝိညာဉ်ကို ဂျလားက အနိုင်ကျင့်တယ်ဆိုပြီး ဓါးနဲ့ လိုက်ခုတ်တာ ဂျလား လက်မောင်းမှာ ဒဏ်ရာက အကြီးကြီးပဲ၊ ဂျလားညီ မွတ်တားက တစ်ခါ သူ့အစ်ကိုအတွက် မခံနိုင်လို့ တုတ်နဲ့ပြန်ရိုက်တာ ရာဂျူး ခေါင်းကွဲသွား



www.burmeseclassic.com

www.burmeseclassic.com



တယ် ဆရာ”

လပြည့် ဆက်မလိုက်တော့ရင် ကောင်းမလားဟုပင် စဉ်းစားမိသွားသည်။

သို့သော် ရုံးရှေ့ရောက်နေပြီဖြစ်၍ သူစဉ်းစားမိသမျှအားလုံး ရုံးရှေ့က ခြံစည်းရိုးတိုင်မှာ ချိတ်ထားခဲ့ရတော့၏။

“အေးကွာ. . လာပါဦး. . လပြည့်ရာ၊ မင်းအပိုင်က လူတွေ ပြဿနာရှာကြပြန်ပြီဟ”

ရုံးထဲ ဝင်လိုက်သည်နှင့် ဥက္ကဋ္ဌဦးချန်ဒရား၏အသံကို စတင်ကြားလိုက်ရပါသည်။ ထို့နောက် ရုံးစားပွဲရှေ့၌ ကိုယ့်အုပ်စုနှင့်ကိုယ် မတ်တတ်တစ်မျိုး ထိုင်လျက်တစ်ဖုံ စုပြုံနေကြသောသူတွေကို ဖြန့်ကျက်ကြည့်ရင်း ရာဂျူးအုပ်စုထဲ ခုံတစ်လုံးနှင့် စမတ်ကျကျ ထိုင်ကာ ရောက်နေသော မဒေါ်နားကို တွေ့လိုက်ရသဖြင့်. . .

(မဒေါ်နားက ကိုဂျလားမိန်းမပါ။ ဘယ်လိုဖြစ်ပြီး ဟိုဖက်အုပ်စုထဲ ရောက်နေတာလဲ)

သူစိတ်ဝင်စားသွားပြီး ထိုနေရာသို့ ရောက်သွားသည်။ လပြည့် အံ့သြမည်ဆိုလည်း အံ့သြစရာ။ မဒေါ်နားက ခေါင်းကွဲ၍ ပတ်တီးစည်းထားရသော ရာဂျူး၏လက်ကို ဆုပ်ကိုင်ကာ မတ်တတ်ရပ်နေသော ရာဂျူး၏ခါးကို ဖက်ထားလိုက်သေးသည်။

ထိုစဉ် ဥက္ကဋ္ဌက. . .

“ကဲ. . . မင်းပြဿနာကို ဘယ်လိုရှင်းမလဲ လပြည့်”

“ဗျာ. . . ဘယ်ဟာကို ပြောတာလဲ”

“အဲ့ဒီမှာလေကွာ. . . ဒေါ်နားကိုယ်ထဲကို ခါတွန်နီပြီညာဉ်တွေ ဝင်ပူးနေတယ်၊ အခုမင်းမြင်နေတာ ဒေါ်နားကိုယ်နဲ့ ခါတွန်နီစိတ်၊ အခု



www.burmeseclassic.com

www.burmeseclassic.com



သူ့ယောက်ျား ဂျလားကို လုံးဝအကပ်မခံဘူးကွ၊ ရာဂျူးတမှ သူ့ယောက်ျားပါဆိုပြီး ဆွဲထားတာသာ ကြည့်တော့"

လပြည့် အတော့်ကို စိတ်ညစ်သွားပါသည်။ လူကလည်း ပင်ပန်း၊ ရေကလည်း မချိုးရ ဗိုက်ကလည်းဆာ၊ တစ်ရုံလုံး အလွန်အန့်ပြင်းသော ရေမွှေးနံ့နှင့်ချွေးနံ့ ဆံပင် နေလောင်ထားပြီး ချွေးနှင့် ရောထွက်လာသောအနံ့များချည်း လုံးထွေးရှူရှိုက်နေရသဖြင့် ခေါင်းတွေ မူးနောက်ကာ စားပွဲဘေးရှိ ခုံတစ်လုံးမှာ ဝင်ထိုင်လိုက်ရသည်။

"ကဲ. . . ဘာလုပ်မှာလဲ၊ ကျုပ်သည်းမခံနိုင်တော့ဘူးနော်"

လှမ်းကြည့်လိုက်တော့ ကိုဂျလား၊ သူလည်း လက်မောင်းမှာ ပတ်တီးဖြူဖြူနဲ့။ ကြည့်ရတာ ထုံးစံအတိုင်း ဥက္ကဋ္ဌအစီအစဉ်နဲ့ ဆေးတူမြီး ဝန်ခံကတိထိုးခိုင်းပြီးသားဖြစ်ပုံရသည်။

လပြည့် ခေါင်းတွေ ကုတ်ဖွပစ်ပြီး အကြံထုတ်ရသည်။ ဒီပြဿနာက မဟော်သဓာပညာရှိတ ရှင်းလည်း မရှင်းတဲ့ပြဿနာမျိုး။

မတတ်နိုင်ပါ။ လောလောဆယ် သူ့ကို စောင့်စားငံ့လင့်နေကြနေကြပုံထောက်လျှင် သူရှင်းမှရမည်ဆိုသော လူနာတစ်ယောက်တဆရာဝန်ကို ယုံကြည်သလိုမျိုး ယုံကြည်စွာ အပ်နှံနေကြလေချေပြီ၊ ထို့ကြောင့် အဟောင်းရောင်းဝယ်သော ဈေးပရိယာယ်အတိုင်းဆန်းစစ်ကြည့်ဖို့ သူဆုံးဖြတ်ကာ မဒေါ်နားကို လှည့်ကြည့်လိုက်သည်။ ဒီပွဲမှာ သူက ဇာတ်လိုက်မဟုတ်လား၊ လောလောဆယ်တော့ ရာဂျူးမှ ရာဂျူးဖြစ်ကာ ဖွတ်လိုက်တော့မည့်နှယ်။

"ကဲ. . . မဒေါ်နား"

"ဘယ်မှာလဲ မဒေါ်နား. . . သေချာလဲ ကြည့်ဦး ရာဇိန္ဒြူးရဲ့ခါတွန်နီရှင့်. . . သိရဲ့လား"



www.burmeseclassic.com

www.burmeseclassic.com



**ပင်ကိုယ်တာမှ** မျက်လုံးကြီးက ဝန်းဝိုင်းပြီး မျက်တောင်နက်နက် **ရှုပ်ရှုပ်တွေနှင့်** မဒေါ်နား၏မျက်လုံးက မျက်ထောင့်နီကြီးနှင့် ကြည့်ပြီး **ပြောလာ၍** လပြည့်ပင် ကြက်သီးမွေးညင်းထသွားသည်။ တကယ်ပဲ သရဲပူးနေတာပဲလား။ ဆရာကြီးမင်းသိခ်ကတော့ မြန်မာပြည်မှာ ခြောက်သောသရဲတွေက သူများပြောပြ၍သိရသော သရဲက များသည် တဲ့၊ ခုလို မခြောက်လန့်ဘဲ ရောက်လာပြီး ကလန့်နေသော သရဲကို ဆရာကြီး မည်သို့ပြောမည်နည်း။

"ကဲ. . ကဲ. . ထားပါတော့ ခါတွန်နီပေါ့. . ဟုတ်ပြီလား"

"ဟုတ်တယ်. . "

"ဒီမှာ ခါတွန်နီ. . . မင်းဘာသာ သရဲမကလို့ ဘီလူးဖြစ်ဖြစ် ဒါ ရယကရုံ၊ ဒီတော့ ရုံးစည်းကမ်းကို လိုက်နာပါ၊ မင်းယောကျ်ားလက်ကို လွှတ်ပြီး မေးသမျှကို ရိုရိုသေသေ လေးလေးစားစား ပြန်ဖြေပါ၊ မြန်မာပြည်မှာ သရဲကို ထောင်ချပစ်နိုင်တဲ့ဥပဒေ ရှိတယ်ဆိုတာ မင်းသိ တယ်မဟုတ်လား"

"သိ. . သိပါတယ်"

အဲ့ဒီဥပဒေ တကယ်ရှိမရှိတော့ သူမသိ၊ ခပ်တည်တည်နှင့် အုပ်ထည့်လိုက်၍ ခါတွန်နီဆိုသော မဒေါ်နား ကြောက်လန့်သွားကာ ရာဂျူးကို လွှတ်ပြီး ကိုယ်ကို ပြင်ထိုင်လိုက်သည်။

"ကောင်းပြီ ခါတွန်နီ. . မင်းက ခါတွန်နီဆိုလို့သာ အားလုံးတ နီနေကြတာ၊ အစစ်လား အတုလား မမြင်ရတော့ ခွဲခြားပြီး မသိနိုင်ဘူး"

"အိုး. . . ကျွန်မ ခါတွန်နီအစစ်ပါ. . "

"တိတ်စမ်း. . . စည်းကမ်းနားမလည်ဘူးလား၊ မေးမှဖြေပါ"

"ဟုတ်. . . ဟုတ်ကဲ့ရှင့်. . "



www.burmeseclassic.com

www.burmeseclassic.com



"မင်းဘာသာ တုတုစစ်စစ်. . . ငါမယုံဘူးကွ၊ အဲ့ဒီတော့ ယုံကြည်လာအောင် ငါမေးတာဖြေ"

"ဟုတ်ကဲ့. ."

သူ့အသံက ဟန်ထန်မာန်အပြည့်ပါနေပြီး ကိုယ့်ကိုယ်ကိုလည်း ခုံသမာဓိလူကြီးဝိညာဉ် ပူးကပ်ခံထားရသလို ဘာကိုမှ မမှုဘဲ အမှန်တရားအတွက် အသက်ပဲ စွန့်ရစွန့်ရပုံစံ ပေါက်နေ၍လား မဆိုနိုင်၊ ရထားပေါ် ကားပေါ် လူငါးယောက်လောက်နှင့် ပွဲစည်အောင် ပြောဆိုနိုင်သော အာရာဒါးနားအုပ်စုမှာ လူသုံးဆယ်လောက် ရှိတာတောင် အပ်ကျသံပင် ကြားရလောက်အောင် ငြိမ်ကာ တိတ်သွားသည်။

"မဒေါ်နားရော ခါတွန်နီပါ ငါ့အပိုင်ထဲကမို့လို့ ဘယ်သူ ဘာကိုးကွယ်တယ်ဆိုတာ ငါသိတယ်၊ မဒေါ်နားက ဟိန္ဒူဘာသာ၊ ခါတွန်နီက အစ္စလာမ်၊ ဟုတ်တယ်နော်"

"ဟုတ်ပါတယ်"

"ကောင်းပြီ. . . အခု မင်းက ခါတွန်နီဆိုတော့ အစ္စလာမ်ပေါ့"

"ဟုတ်ပါတယ်. ."

"ကဲ. . . ပြောစမ်းကွာ၊ ကိုယ့်ဘာသာနဲ့ ပတ်သက်ပြီး ဘာသာဝင်တိုင်းလိုလို သမိုင်း နောက်ခံအတော်များများသိအောင် ကြိုးစားကြတယ်၊ ဟုတ်ရဲ့လား"

"ဟုတ်ပါတယ်ရှင်. ."

"ကဲ. . . မင်းဖြေပါ၊ မင်းတို့ဘာသာမှာ နောက်ဆုံးပေါ် ထွန်းခဲ့တဲ့ တမန်တော်က ဘယ်သူလဲ"

"အလ္လာရှင်မြတ်ရဲ့အချစ်တော်လို့ ခေါ်တဲ့ ဟဇီဇူလ္လာတ် ဗုဒ္ဓိုလ်တမန်တော်မုဟာမ္မဒ်ပါ. ."

www.burmeseclassic.com



လပြည့် မျက်လုံးပြူးသွားသည်။ စာအုပ်ကြည့်ပြီး ပြောနေသလားဟုတောင် ထင်ရသည်။ မဒေါနားလို ဟိန္ဒူဘာသာဝင် အတွက် ဒီလောက်နှိုက်နှိုက်ချွတ်ချွတ် သိစရာအကြောင်း မရှိ။ လပြည့် စိတ်ထဲ နည်းနည်းတင်းလာပြီး ထပ်မေးသည်။

"မုဟမ္မဒ်ရဲ့မွေးသက္ကရာဇ်နဲ့ မိဘအမည်၊ မွေးဖွားရာဒေသ သိလား"

"တမန်တော်ကို (၅၇၁)ခု၊ ဧပြီလ(၂၀)ရက်၊ တနင်္လာနေ့မှာ မက္ကာမြို့မှာ မီးရှူးသန့်စင်ပါတယ်၊ ခမည်းတော်က အဗ္ဗဒူလ္လာ၊ မယ်တော်က အာမေနတ်ပါရှင့်. . "

ရှုံးခန်းတစ်ခုလုံး ဝေါခနဲ အာမေဋိတ်သံကြီး ပေါ်ထွက်လာတော့သည်။

လပြည့် ဘုရားတပြီး မဒေါနားကို သေချာကြည့်မိသည်။ ခါတွန်နီနှင့် တူတာ တစ်နေရာမှ မရှိဘဲ ခါတွန်နီ ကိုးကွယ်သော ဘာသာအကြောင်းကို ဒိုးခနဲ ဒေါက်ခနဲ ပြောနေတာ မဒေါနားကို ကြည့်ကာ မယုံကြည်နိုင်အောင်ဖြစ်လာသည်။

သို့သော် ဒီလောက်နှင့် အလျှော့ပေး၍မဖြစ်၊ ဘာသာရေး ဗဟုသုတ လိုက်စားသူတိုင်း ဒီလောက်တော့ သိမှာပဲဟု ယူဆကာ ထပ်မေးသည်။

"ကုရ်အာန်ကျမ်းမှာ အခန်းဘယ်နှစ်ခန်း ရှိသလဲ ခွဲခြားသိနိုင်သလား"

သည်တစ်ကြိမ်တော့ မဒေါနား တဖြစ်လဲ ခါတွန်နီ ပါးပြင် အပေါင်းသားဖြစ်သွားသည်။ ထိုစဉ် ရာဂျူးက. . .

"ဒါတော့ ဘယ်သိမလဲ ဆရာ. . . ကျွန်တော့်မိန်းမက ဗဟီ



www.burmeseclassic.com

www.burmeseclassic.com



ဆရာမှ မဟုတ်တာ”

အားလုံး ကြွက်စီကြွက်စီနှင့် ရလွတ်ပလွတ်ဖြစ်ကုန်ကာ ရှုံ့မဲ့ဆူညံကာ သွားသည်။ ဂျလားက ညစ်ညစ်နှင့် ထကွန့်သည်။

“သိရမှာပေါ့ကွ. . . မသိရင် လိမ်တာပဲ”

“အေး. . . လိမ်ရင် ခင်ဗျားမိန်းမပဲ လိမ်တာဖြစ်လိမ့်မယ်”

ဂျလား ထပ်မပြောနိုင်ဘဲ အံကြိတ်ကာ တံတွေးမြိုချလိုက်ရသည်။ မှန်နေတာကိုး၊ ခန္ဓာကိုယ်က မဒေါနား ခန္ဓာကိုယ်ကြီးကိုး။ သူလည်း မေးပြီးမှ လွန်သွားမှန်း သိပါသည်။ ရာဂျူးပြောသလို ဒါကတော့ ဗလီဆရာမှ သိမှာပေါ့။

“အစ္စလာမ်ဘာသာမှာ နမာဇ်လို့ ခေါ်တဲ့ ဝတ်ပြုချိန် အကြိမ်ရေကို အလ္လာမ်ရှင်မြတ်ကနဦးက ချမှတ်ခဲ့တဲ့အကြိမ်ရေက ဘယ်နှစ်ကြိမ်လဲ”

“အကြိမ်ငါးဆယ်ပါ. . . အခုတော့ ငါးကြိမ်ပဲ ဝတ်ပြုရပါတော့တယ်”

ဘယ်သူမှ ဘာမှ စောဒက မတက်နိုင်တော့လောက်အောင် အားလုံးငြိမ်သက်သွားကြသည်၊ လပြည့်လည်း မယုံကြည်မှုကို စွန့်ရပေတော့မည်။ ခါတွန်နီ တကယ်အစစ် ဟုတ်မဟုတ်ကိုတော့ ခါတွန်နီ ကိုယ်တိုင် သိတာက ပို၍တိကျစွာ သေချာပါသည်။ မည်သို့ဆိုစေ ဒီပြဿနာအတွက် လပြည့်ဖြေရှင်းရမည်မှာ ခါတွန်နီပင်ဖြစ်လေ၏။

“ကောင်းပြီ. . . ခါတွန်နီ၊ မင်း အခု တမလွန်ဘဝကနေ လာခဲ့တာ ဖြစ်တယ်၊ မင်းဟာ ကိုယ့်ရဲ့ယုံကြည်ကိုးကွယ်မှုကို ပြည့်ပြည့်စုံစုံ ဖြေနိုင်ခဲ့တဲ့အတွက် သင်္ချိုင်းမြေမှာ လှာပြီးစစ်ဆေးကြတဲ့ တနေ့တော် မွန်ကာရ်နဲ့ နကိရ်တို့လည်း နှစ်သက်ကြမှာပါ၊ ဒါပေမယ့် မင်းရဲ့ရှင်သန်



www.burmeseclassic.com

www.burmeseclassic.com



ထမြောက်ချိန် မကျသေးဘဲ သချိုင်းမြေကနေ ခုလို ထွက်လာတဲ့ အတွက် မွန်တရိန့် နကိရ်ကမင်းကို အကြီးအကျယ် စိတ်ဆိုးကြလိမ့်မယ်၊ မင်းရဲ့သချိုင်းမြေထဲက ဖိရ်ဒေါ့စ်လို့ ခေါ်တဲ့ သုခဘုံ ပြတင်းပေါက်ကို ပိတ်ပစ်ပြီး ငရဲဘုံကို မြင်နိုင်တဲ့ ပြတင်းပေါက်ကို ဖောက်ပစ်ကြလိမ့်မယ်"

"ကျွန်မကြောက်ရွံ့ပါတယ်. . . ရာအိမ်မှူးကြီးရယ်၊ ဒါပေမယ့် ဟင့်. . အင့်. . ဟီး. . "

"မငိုပါနဲ့ ခါတွန်နီ. . . မဖြစ်နိုင်တာကိုလည်း မပြောပါနဲ့၊ အလ္လာမ်ရှင်မြတ်ဟာ တရားမျှတမှုကို စကြာဝဠာနဲ့ ချိပြီး တန်ဖိုးထားတဲ့ အတွက် မင်း ဘာလို့ မမျှတအောင် လိမ်ညာရတာလဲ၊ တကယ်ဆို မင်း ဝင်ပူးကပ်နေတဲ့သူဟာ ကိုဂျလားရဲ့ကာမပိုင်မိန်းမ မဟုတ်လား။ မင်း ဘာကြောင့် သူတပါးရဲ့ကိုယ်ခန္ဓာကို ခွင့်ပြုချက် မရဘဲ စီးနင်းရ တာလဲ၊ ဒီလိုအလုပ်မျိုးကို တမန်တော်တွေ မကြိုက်ဘူးဆိုတာ မင်း မသိလို့လား"

ခါတွန်နီ ချုံးပွဲချ ငိုတော့သည်။

ပြီးမှ ငိုသံကြီးနှင့်. . .

"ကျွန်မ မှားမှန်း သိပါပြီ၊ နောင်ကို ဒီလိုအမှားမျိုး ဘယ်တော့မှ မလုပ်တော့ဘူးကို ကတိပေးပါတယ်၊ မနက်ဖြန်မနက် ဝေလီဝေလင်းမှာ ကျွန်မနေရာ ကျွန်မပြန်ပါတော့မယ်၊ တစ်ချပ်စားလည်း ပါလာကြော်၊ နှစ်ချပ်စားလည်း ပါပလာကြော်ပါပဲ၊ အဲ့ဒါကြောင့် ရတောင့်ရခဲ့ အခွင့်အရေးမို့လို့ ကျွန်မ ဒီည ရာဂျူးနဲ့ပဲ နေပါရစေ"

"ဟာ. . "

"ဟင်. . "



www.burmeseclassic.com

www.burmeseclassic.com





"ဟော့ . . ဟော့ . . မရဘူးကွ . . မရဘူးကွ၊ ဥက္ကဋ္ဌ ခင်ဗျား ရှင်းအောင်ရှင်းနော် . . ဒါပဲ"

တစ်ရုံးလုံး ဆူညံပွက်ထကုန်ကာ ရုတ်ရုတ်သဲသဲဖြစ်သွားသည်။ ကိုဂျလားက သူ့မိန်းမ ရာဂျူနှင့် နေတော့မည်ဆို၍ အကြီးအကျယ် ဒေါပွကာ မဒေါနားကို ဝင်ဆွဲသည်။ မဒေါနားက ရာဂျူကို မလွှတ်တမ်း ဖက်ထားသဖြင့် ကိုဂျလား ဆွဲခေါ် ရာနောက် ရာဂျူပါ လုံးထွေးပါသွားသည်။

"ဟော့ကောင် . . ငါ့မိန်းမကို လွှတ်နော်"

"ကျွန်တော် ဘာမှမလုပ်ဘူး၊ သူဖက်ထားတာ . . ဒါပေမယ့်



www.burmeseclassic.com

www.burmeseclassic.com



သူဟာလည်း ခါတွန်နီပဲ"

"ဘာကွ. . . မဒေါ်နား‌ကွ၊ မင်းမျက်လုံးကန်းနေလား"

"စိတ်က ခါတွန်နီလေ"

"တောက်. . ဟေ့. . ရာအိမ်မှူး ဒါ ငါ့မိန်းမနော်၊ ဒီကောင်နဲ့ ထည့်ပေးလိုက်လို့ကတော့ မင်းတို့အားလုံးကို မယားခိုးမှုနဲ့ တရားစွဲမယ် ကွ. . မှတ်ထား"

ကိုဂျလား၏အော်ဟစ်သံတွေထဲက မယားခိုးမှုဆိုသောစကား တစ်လုံးက ဥက္ကဋ္ဌကို တုန်လှုပ်သွားစေသည်။ ထို့နောက် ရုံးစားပွဲကို မွှေးကြမ်းထိုးနေသော သူ့လက်သီးကြီးနှင့် တအားထုပစ်ပြီး. . .

"ဒုန်း. ."

"အားလုံးနားထောင်. . . အမိန့်ချမယ်၊ မမြင်တာ တရားမဝင် ဘူး၊ မြင်တာ တရားဝင်ပဲ၊ မဒေါ်နား ဂျလားမိန်းမဖြစ်တယ်ဆိုတာ တစ် ရပ်ကွက်လုံး သိတယ်၊ ဒီတော့ ဂျလား မှန်တယ်၊ ဂျလား မင်းမိန်းမကို မင်းပြန်ခေါ်သွား"

"မှန်တယ်. . . မှန်တယ်"

"မဟုတ်ဘူး. . . မဖြစ်နိုင်ဘူး"

ထိုစဉ်မှာပင် မဒေါ်နားက. . .

"သတ္တိရှိ ခေါ်ကြည့်လေ. . . တရားဝင် လက်ပဲထပ်ထပ်၊ ခြေထောက်ပဲထပ်ထပ်၊ မိန်းကလေးဘက်က အလိုမတူရင် ရာဇဝတ်မှု ပဲ၊ အခု ကျွန်မအလိုမတူဘူးနော်၊ ဥက္ကဋ္ဌက အားပေးအားမြှောက် လုပ်တယ်. . . တိုင်မယ်"

ဥက္ကဋ္ဌ သူ့နဖူးသူ ရိုက်ကာ ခုံပေါ် ပြန်ထိုင်ကျသွားသည်။

"အာရေ. . ဘာဘာ. . အာရေး အလ္လာမ်ကယ်ပါ"



www.burmeseclassic.com

www.burmeseclassic.com



လပြည့်ကတော့ ဘာမှမပြော၊ ဘာမှကို ပြောစရာ မလိုတော့သဖြင့် ရုံးခန်းထဲက ထွက်လာခဲ့တော့သည်။

နောက်တစ်နေ့မနက်လင်းမှ သူပြန်ကြားရသည်မှာ မဒေါ်နားကို ကိုဂျလား အတင်းဖမ်းချုပ်၍ ခေါ်သွားသော်လည်း လမ်းမှာ လွတ်သွားကာ ရာဂျူးအိမ်ပေါ် ရောက်သွားသည်ဟု ဆိုပါသည်။

ရာဂျူးက သူ့အိမ်ပေါ် တက်လျှင် ပိုင်နက်ကျူးကျော်မှုနှင့် တရားစွဲမည်ဟုဆို၍ ကိုဂျလား မတက်ရဲ၊ သို့သော် အိမ်ရှေ့ကနေ ဓါးထမ်းလျက် မင်းရော ငါ့မိန်းမပါ ငါ့မြင်ကွင်းထဲ ပျောက်သွားတာနဲ့ ဓါးနဲ့ တက်ခုတ်မည်ဟု ကြိမ်းဝါးသည်။

ထို့နောက် ရာဂျူးမအိပ်ရဲပဲ တစ်အိမ်လုံး မီးကို ထိန်နေအောင် ဖွင့်ထားကာ အိမ်ရှေ့ခန်းမှာ ဂျလားမြင်အောင် ထွက်ထိုင်နေရသည်။ ည(၂)နာရီလောက်မှာ မီးပျက်သွား၍ ဂျလား အော်သဖြင့် မီးခွက်ထွန်းပြီး ခေါင်းပေါ် တင်ထားရလေသည်။ အလွန်စိတ်ဝင်စားစရာကောင်းသောပွဲဖြစ်၍ ဂျလားတို့လမ်းနှင့် ရာဂျူးတို့လမ်းက လူတွေအားလုံးလိုလိုထွက်ကာ မိုးအလင်း ထိုင်စောင့်ကြည့်ကြသည်။ နံနက်ဝေလီဝေလင်းမှ ခါတွန်နီဝိညာဉ် ထွက်သွားပြီး မဒေါ်နား ဝိညာဉ်ဝင်လာသဖြင့် ဂျလား သူ့မိန်းမသူ ပြန်ခေါ်နိုင်ကာ ပွဲသိမ်းသွားပါသည်။

သူ့ကို ထိုအကြောင်း ပြောပြသော အပနားလည်း တစ်ညလုံး ထိုင်ကြည့်ထားသူဖြစ်၍ စကားလည်းဆုံး မျက်လုံးလည်း စင်းလာကာ တဝါးဝါး သမ်းပြီး အိမ်ပြန်သွားလေတော့၏။





www.burmeseclassic.com

မြို့သားတောသားပုံတွေထဲမှာ
“ခွေးအလှုပ် မြင်းဝင်ရှုပ်လို့
ထမ်းရင်းတုတ်နဲ့ အနှက်ခံရတယ်” ဆိုတဲ့စကားက
အတော့်ကို ထင်ရှားတယ်၊
အများအမြင်မှာတော့ မြင်းခံရတယ်ပေါ့၊
ဒါပေမယ့်....
ရှေးလူကြီးတွေ ဆင်ဆာဖြတ်ထားတဲ့အထဲမှာတော့
(သခင်ပြန်သွားမှ
ရင်ခံထားတဲ့မြင်းက
ခွေးကို ခွာနဲ့ ထခုတ်သတဲ့)
အဲဒါကိုပဲ ရှေးလူကြီးတွေက
ဆင်ဆာမှတ်တမ်းဆိုပြီး အတိုကောက် ဖော်ပြတယ်။
“ဂိန်” ...တဲ့။



www.burmeseclassic.com



# အခန်း(ခုနစ်)

ညက ခါတွန်နီ မိုးအလင်း ကသွား၍ ရပ်ကွက်ထဲက လူတွေ ပွဲကိုက်ကာ ဈေးမထွက်နိုင် အလုပ်မဆင်းနိုင်ကြပုံ ရပါသည်။ ရှစ်ခွဲကောင့် စောင့်စီးကြသူများအနက် သူမြင်နေကျ ရပ်ကွက်ထဲက လူတွေ မရှိသလောက်ကိုဖြစ်နေသည်။

ခါတိုင်း ဒီအချိန်ဆို ဘူတာအရှေ့ဖက်ပလက်ဖောင်းမှာ လျှာစဲ ရှုတ်တော့မလို သွားပဲ ကျွတ်ထွက်တော့မလို ပြောကြဆိုကြ၊ ရယ်မော ကြလွန်း၍ ကမ္ဘာပေါ်မှာ စကားအပြောနိုင်ဆုံးလူမျိုးမှာ ထိုသား လူမျိုးဖြစ်လောက်သည်ဟုပင် သူမှတ်ချက်ချမိသည်။ မနက်ငါးဘူတာ



www.burmeseclassic.com

www.burmeseclassic.com



မှာ လာဆုံကြသည်နှင့် ညက ကြည့်ခဲ့ရသော ဗီဒီယိုဇာတ်ကားထဲက ရှာရွတ်ခမ်အကြောင်းကတော့ အနာဘူ ချက်ရောင်းသော ပဲကုလားဟင်းထဲက ကုလားဝေးရွှက်လိုပင်။

ဘယ်စကားဝိုင်းနားစွင့်စွင့် ရှာရွတ်ခမ်က ဘယ်ကဲ့သို့ ဘယ်ချမ်းသာ။ ကားမနီးတို့မောင်နှမကတော့ အကြံကြီးပါသည်။ ရှာရွတ်ခမ်ကို မြန်မာပြည်ခေါ်ပြီး သူ့ဆိုင်မှာ ပိသုတ် ကူရောင်းခိုင်းလျှင် သူ ခဏလေး ကြီးပွားချမ်းသာမည်ဟု ဆိုပါသည်။ ကူဖီးကတော့ အဲသည်လိုမဟုတ်။ မီသွန်ဟေးကို ကွမ်းယာဘန်းတစ်ဘန်းနှင့် (၃၆)လမ်းထိပ်မှာ ထားသင့်သည်တဲ့။

(၃၄)လမ်းထိပ်မှာ ဆမိုင်ရောင်းသော ဒေါ်အမာကတော့ သူတို့ခေတ်က စွဲလမ်းခဲ့ရသော အမီတာဘဂျန်းကို မှီတဲ့သူ မရှိသေးဟု ဝင်ပြောသည်။ ဒါကို ဘေးမှာ ရှိနေတဲ့ မီနားကြည်က အမှ အမီတာဘဂျန်းကြီးက ဖြူနေပြီဟု ပြော၍ ဒေါ်အမာနှင့် မီနားကြည်တို့ ရန်တွေဖြစ်ကြသည်။ မည်သို့ဆိုစေ ရထားဝင်လာလျှင်တော့ ရန်ပွဲရပ်ကာ ကိုယ့်အထုပ် ကိုယ်ဆွဲပြီး ရထားပေါ်တော့ ရောက်အောင် တက်ကြသည်။ ရထားပေါ် ရောက်မှ မကျေပွဲ ဆက်နွှဲရန်ရပုံစံမျိုး။

ဒါက မနက်ခင်းဘူတာမှာ သူမြင်နေကျမြင်ကွင်းထဲက အခြေအနေတစ်ခုဖြစ်သည်။ ဒီနေ့တော့ ထိုအခြေအနေမျိုး ခပ်ဆင်ဆင်တောင် မရှိဘဲ ရှင်းကာ တိတ်ဆိတ်နေတော့သဖြင့် သူလည်း ရထားစောင့်ရင်း ပလက်ဖောင်းထိုင်ခုံမှာ ထိုင်လျက် စာအုပ်ထုတ်ဖတ်နေလိုက်သည်။ ထိုအချိန်မှာပင် ကိုလှသိန်းနှင့် စူလတီတို့ အမောတကောရောက်လာသည်။

"လပြည့်..ဟာ..တော်ပါသေးရဲ့ကွာ..ငါ့မင်းအိမ်တို့



www.burmeseclassic.com

www.burmeseclassic.com



တောင် ရောက်ခဲ့ပြီးပြီ”

ကြည့်လိုက်တော့ နှစ်ယောက်လုံး မျက်တွင်းချောင်လေးတွေမို့ သူတို့လည်း ခါတွန်နီပွဲ မိုးအလင်း ကြည့်ထားပုံရသည်။ သို့သော် ထိုကိစ္စ တော့ သူမမေးပါတော့ပါချေ။

“ကိစ္စရှိလို့လား အစ်ကို”

“အာ. . ကိစ္စရှိလာပြီ လပြည့်. . မင်းမှာထားတဲ့ကိစ္စလေ”

“ဗျာ. .”

ကိုလှသိန်း ပါးစောင်ခဲထားသော ဆေးလိပ်တိုကို အရေး တကြီး မီးညှိပြီးမှ. . .

“ဖုန်း. . ဖုန်းကိစ္စလေ လပြည့်. . . ဖုန်းက ဟိုကောင်တွေဆီ မရောက်ဘဲ ဂျလေးဆီ ရောက်သွားတယ်၊ ဂျလေး ဖြတ်ဝယ်လိုက်လို့ တိုကောင်တွေ တင်းပြီး အစဆွဲနေတယ်၊ ဂျလေးလည်း ဝယ်ပြီးကာမှ အိပ်မပျော်စားမဝင်ဖြစ်ပြီး ငါ့ဆီ ရောက်လာတာကွ. .”

“ဒါဆို ဖုန်းက အစ်ကို့ဆီမှာ ရောက်နေလား”

“ဟာ. . ဘယ်ပေးထားမလဲကွ. . သူ့ဆီမှာပဲ သူ့ဆီမှာဆိုတာ တောင် လမ်းထဲမှာ မရှိဘူး၊ သူ့ယောက္ခမအိမ်မှာ. . .”

“ဟုတ်ပြီလေ. . . ဘယ်မှာပဲဖြစ်ဖြစ် ခင်ဗျားဖက်က သေချာ တယ်နော်”

“ကျွတ်. . . သေချာလို့ ပြောတာပေါ့ကွ. . . မင်းပေးထားတဲ့ နံပါတ်နဲ့ ခေါ်ကြည့်တာ ကွက်တိပဲ၊ အမျိုးအစားလည်း တူတယ်”

လပြည့် ခေါင်းတညိတ်ညိတ် လုပ်၍ နားထောင်ပြီးမှ. .

“ကောင်းပြီလေ. . . ကျွန်တော်ဖုန်းဆက်ပေးမယ်၊ ဒီတိုတို့ လမ်းထဲကပဲ စောင့်ပါ၊ သူလာရင် ကျွန်တော်လိုက်ပို့ပေးပါမယ်”



www.burmeseclassic.com

www.burmeseclassic.com



"ကျေးဇူးပဲ. . . ဒါနဲ့ ငါတို့က ဘယ်လိုရမှာလဲ၊ ဂျလေးဆီက ဖြန်တောင်းရင် လက်ဖက်ရည်တစ်ခွက်ပဲ ရမှာကွ. . အဲ့ဒါကြောင့်"

"စိတ်မပူပါနဲ့. . . ထိုက်သင့်သလောက် အဆင်ပြေစေရမှာပါ။ ဟော. . . ရထားလာပြီဗျ"

"ဟာ. . မင်းဖုန်းဆက်မယ်ဆို. . "

"မြို့ထဲ ရောက်မှ ဆက်လည်း နောက်မကျပါဘူး အစ်ကိုရာ လာပါ. . "

ထို့နောက်. . . သူတို့လည်း အခြားခရီးသွားများနည်းတူ ရထားပေါ် တက်ဖို့ပြင်ကြသည်။ ကိုလှသိန်းက ထုံးစံအတိုင်း သူ့တပည့် စူလတီကို ညွှန်ကြားချက် ပေးလေသည်။

"ဟော့ကောင်. . . နေရာကို သေချာဦးထားနော်၊ သုံးယောက်စာ. . . ကြားလား"

"စိတ်ချ ဆရာ"

စူလတီ ခေါင်းညိတ်ပြန်ဖြေပြီး . . ရထားလမ်းဘေး ရပ်ကွက်သားပီပီ ရထားမရပ်ခင် လှစ်ခနဲ ခုန်တက်သွားတော့၏။

၅ ၅ ၅ ၅



www.burmeseclassic.com

www.burmeseclassic.com



၈

"နေရီရီရေ. . . ဖုန်းလာတယ်"

"လာပြီ မမ"

နေရီရီ သားကို ကျောင်းပို့ပြီးအပြန် အဝတ်အစားလဲဖို့ အခန်းထဲ ဝင်သွားခိုက် လှမ်းခေါ်ခြင်းဖြစ်သည်။ ပုံမှန်အတိုင်းတော့ သူမနှင့် တစ်ပေအကွာမှာတောင် မထား။ စောစောကမှ မမသန္တါ စာပေတိုက်နှင့် ဖုန်းပြောဖို့ ရှိသည်ဆို၍ ဖေးထားခဲ့ခြင်းဖြစ်သည်။

"ဘယ်ကလဲဟင်. . . ဘယ်သူတဲ့လဲ"

"မသိဘူးကွယ်. . . သူ့ကိုယ်သူတော့ လပြည့်လို့ မိတ်ဆက်တာပဲ. . ညီမလေးနဲ့ ပြောချင်လို့ပါတဲ့"

သူမ မိတ်ဆွေတွေထဲက နာမည်ကို အပြေးအလွှား စဉ်းစားရင်း ဖုန်းယူကိုင်လိုက်သည်။

"ဟုတ်ကဲ့. . . ကျွန်မ. . နေရီရီပါ"

". . . ."



www.burmeseclassic.com

www.burmeseclassic.com



"ဪ . . ဟုတ်ကဲ့ပါ . . ခဏလေးနော်"

ထိုနောက် သူမ ဖုန်းကို ခွာ၍ လက်ဝါးအုပ်ကာပြီး . . .

"မမ . . ဖုန်းရထားပြီတဲ့ . ."

"ဟယ် . . ဟုတ်လား ဝမ်းသာလိုက်တာ"

ပြီးမှ သူမ ဖုန်းပြန်နားထောင်၍ဆက်ပြောသည်။

"ဟုတ်ကဲ့ . . . အဲ့ဒါ ကျွန်မတို့ ဘယ်လိုဆက်သွယ်ရမလဲ၊ စခန်းကိုရော အကြောင်းကြားပြီးပြီလား"

". . . . . ."

တစ်ဖက်မှ ပြောသံအား သူမ စိတ်ရှုပ်ထွေးစွာ နားထောင်ရင်း ဘဝင်မကျသည့်အသံနှင့် . . .

"ကောင်းပြီလေ . . . ရှင်ပြောသလိုပဲ လုပ်လိုက်ပါမယ်၊ ကျွန်မ လာခဲ့မယ်လေ . ."

"အာတဲ့လဲမာင်"

"ဇာတ်ရှုပ်ပဲ မမရာ . ."

"ဘယ်လိုဇာတ်ရှုပ်တာလဲ . ."

"ဟိုစာအုပ်ရောင်းတဲ့လူလေ . . . သူ့အဆက်အသွယ်နဲ့ လိုက်စုံစမ်းကြည့်တာ ဖုန်းက (၂၈)လမ်း အပေါင်းတန်းမှာ ရောက်နေတယ်တဲ့၊ အရောင်းအဝယ်သဘောအပြင်ကို ရှာဖွေချိတ်ဆက်ပေးတဲ့သူကိုပါ ထိုက်သင့်သလောက် ပေးရလိမ့်မယ်တဲ့"

"မာင် . . . အဲ့ဒါ အဆင်ပြေတာပဲမှာ"

"အိုး . . . ဒါ သက်သက်လူလည်လုပ်တာပဲ၊ ရဲကိုလည်း အကြောင်းမကြားပါနဲ့တဲ့ . . . ဒါ ဘာသဘောလဲ"

"ဪ . . . ညီမလေးရယ်၊ ဒါ အလုပ်သဘောပဲလေကွယ်



www.burmeseclassic.com

www.burmeseclassic.com



အကျိုးဆောင်ခဆိုတာ ရှိတာပဲ မဟုတ်လား၊ ပြီးတော့ သူတို့က မသာမာ သူလက်ကနေ ထရားမှောင် ပြန်ယူရတာ. . ”

“ဖျလုပ်တာပါ မမရာ. . . ရတယ်လေ. . . ဖျတွေ ဘယ်လို ရှေ့နစ်တတ်တာယ်ဆိုတာ ပြရသေးတာပေါ့”

“ကဲ. . ကဲ. . နေပါစေတော့၊ မမအာသာပဲ သွားလိုက်တော့ မယ်”

“အို. . . ညီမလေး သွားမယ်”

“မင်းသွားရင် ပြဿနာဖြစ်မယ်လေ. . အခုကိစ္စက သူတို့က ကိုယ့်ပစ္စည်း ပြန်ရဖို့ ကြိုးစားပေးတာပဲ မဟုတ်လားကွယ်. . ”

“ပြောလို့ရလား. . . သူခိုးနဲ့ ပေါင်းစားနေရင်ကော”

“ဟော. . . နေရီနဲ့တော့ ခက်နေပါပြီ”

“မခက်ဘူး. . ”

“ဟဲ့. . နေရီ”

သူမ အခန်းထဲ ပြန်ဝင်ပြီး မိန်းမကိုင် ပခုံးလွယ်အိတ်ကို ယူကာ ပြန်ထွက်လာခဲ့သည်။ သဒ္ဒါက. . .

“သူတို့တွေ အချုပ်ကျ ထောင်ကျပြီးမှ ဖုန်းပြန်ရမယ်ဆိုရင် မမ. . အဲ့ဒီဖုန်းကို မလိုချင်တော့ဘူး နေရီ”

“မမ. . ”

“ဖြစ်နိုင်ရင် မမပါ လိုက်ချင်တယ်၊ ဖုန်းမှန်ကန်မှုကိုလည်း မမကိုယ်တိုင် စစ်ချင်တယ်၊ အဲ့ဒီလူတွေရဲ့သဘောထားကိုလည်း မမ ကိုယ်တိုင် အကဲခတ်ချင်တယ်၊ မမှန်ကန်ဘူးဆိုရင် ညီမလေး စိတ်ကြိုက် သာလုပ်၊ မမဆန္ဒကတော့ သဘောရိုးရိုးကို အရိုးသားဆုံး တုံ့ပြန်ချင် တာပဲ. . ”



www.burmeseclassic.com

www.burmeseclassic.com



ဆိုတော့လည်း သူမဖက်က တစ်ထစ်လျှော့ရပေတော့မည်။ ကျန်တာထား၊ မမဖုန်းက မမကိုယ်တိုင် စစ်ဆေးတာ သဘာဝ ကျသည်တိုး။

"အင်းလေ. . . ဒါဆိုလည်း ညီအစ်မနှစ်ယောက် အတူသွားကြမယ်၊ တစ်ခုတော့ မှာထားမယ်. . . အားနာလို့ လျှော်ပေးလိုက်တာမျိုးတော့ နေရီ လုံးဝခွင့်မပြုဘူးနော်"

"အင်းပါ ဒေါ်ထက်ထက်မြက်မြက်ကြီးရယ်. . . ခဏလေးစောင့်တော်မူပါ. . . ဟုတ်ပြီလား"

ထို့နောက် စူအောင့်အောင့် လုပ်ထားသော ညီမဖြစ်သူ၏ တင်သားလေးကို ချစ်စနိုး လိမ်ဆွဲပြီး သူမ၏ဗိုးချဲ့အား တွန်းလို့မှကာ အခန်းထဲ ဝင်သွားတော့၏။

ၜ ၜ ၜ ၜ



www.burmeseclassic.com

www.burmeseclassic.com



(၁၇) လမ်းထိပ် ဝက်ခေါင်းသုပ်ဆိုင်က ပြန်လာပြီးကတည်းက တခိခိ ရယ်လို့မဆုံးနိုင်အောင် ရှိနေသော ကိုဝင်းဖေနှင့် ရှုတည်တည်ကြီး လုပ်ထားသော ကိုထွန်းကြည်တို့နှစ်ယောက်ကို လပြည့်သတိထား ကြည့်မိသွားသည်။ ကိုဝင်းဖေ ရယ်လျှင် ပါးစပ်ရှေ့မှာ လက်သီးဆုပ်ကလေး ခံကာ ရယ်လေ့ရှိသည်။ ကိုထွန်းကြည်က အလိုမကျ ဒေါသဖြစ်လာလျှင် မျက်လုံးတစ်ဖက်ကျဉ်း တစ်ဖက်ကျယ်ကာ တစ်ခုခုကို စူးစိုက်ကြည့်၍နေတတ်သည်။ ယခု ထိုအမူအရာမျိုး ထိုလူနှစ်ယောက်ထံမှာ ဖြစ်ပေါ်နေလေသည်။ ပြဿနာတစ်ခုခုရှိပုံပေါ်၍ သူလှမ်းမေးလိုက်သည်။

"ဘာဖြစ်လို့လဲ ကိုဝင်းဖေ"

"အခိခိခိ . . အဟိဟိ . . မင်းလူကြီးကို မေးကြည့်လေ . . အဟိ ဟိခိခိ . ."

ထိုအခါ ကိုထွန်းကြည်က . . .



www.burmeseclassic.com

www.burmeseclassic.com



"ဝင်းဖေ. . . မင်းမျက်နှာ အချိုးပြင်တော့နော်၊ မင်း ကြားက အချောင်နာတော့မယ်"

"ဟာ. . ဘာဆိုင်လို့လဲဗျ. . ခင်ဗျားဘာသာ အရိုးနု ဝါးတာပဲ၊ အပိဟိဟိခိခိ. . "

ကိုဝင်းဖေ သတိရတိုင်း ရယ်နေသည်မှာ နာရီဝက်လောက် ရှိရော့မည်။ ဒီလူက ရယ်စရာတစ်ခု ရသွားလျှင် အမဲရွှတ် ဝါးသလို မျှိုမချမချင်း ဘယ်တော့မှ မကုန်။

ကိုထွန်းကြည် သုန်မှုန်နေရာမှ ရုတ်တရက် ထကာ ထွက်သွားတော့မှ ကိုဝင်းဖေ အရယ်တဝက်နှင့် သူ့နားရောက်လာပြီး. . .

"ဒီလိုကွ. . အခိခိ. . ငါတို့ ကိုထွန်းကြည် သဘောကျနေတဲ့ မရှုလန်ဆိုင်မှာ ခေါင်းသုတ်သွားစားကြတယ်၊ သိတဲ့အတိုင်း ကိုထွန်းကြည်က အသားနဲ့အဆီအခေါက်ပဲ ကြိုက်တဲ့လူ. . . ဖြစ်ချင်တော့ သူ့ပန်းကန်ထဲမှာ အရိုးနု နည်းနည်းပါသွားတယ်ကွ၊ အဲ့ဒါကို ဘာမှမပြော ဘဲ သူ့ခမျာ ပိုးကြေးပန်းကြေးလေးနဲ့ ကြိတ်မှိတ်ပြီး ဝါးရှာသား၊ ဝါးရင်းနဲ့ မရှုကို သူတစ်ချက်လှမ်းပြောတယ်၊

မရှုတဲ့. . . ခင်ဗျားအရိုးနုနဲ့ အရိုးရင့် မှားပြီထင်တယ်၊ ကျွတ် ဝါးလို့မရဘူးဆိုလို့ မရှုက မဟုတ်တာ. . . ဘယ်မှာလဲ ပြစမ်းဆိုတော့ ကိုထွန်းကြည်က သူဝါးလက်စအရိုးကို ပါးစပ်ထဲက ထုတ်ပြတယ်၊ မရှုလန်က ငုံ့ကြည့်ပြီး ကိုထွန်းကြည်ကို ဒီလို ဟီးခနဲ လုပ်ပြီး သွားဖြဲ စမ်းလို့ ခိုင်းတယ်၊ ကိုထွန်းကြည် ပထမတော့ ကြောင်နေပြီး နောက်တော့ လုပ်ပြလိုက်တယ်၊ အဲ့ဒီတော့မှ ငါလည်း ကြည့်မိတာ ညှပ်နေတဲ့ အပေါ်သွားစွယ်နေရာက ဟောင်းလောင်းကြီးလေ"

"ဟင်. . "



www.burmeseclassic.com

www.burmeseclassic.com



"အရိုးနု ဝါးရင်း ပြုတ်ထွက်သွားတာ"

"ဟာ. . . သွားတစ်ချောင်းလုံး ပြုတ်တာ သူမသိဘူးလား"

"မသိလို့ နေမှာပေါ့ကွ. . . သူ့သွားတွေက ကောင်းမှ မကောင်းတာ၊ အဲ့ဒါကြောင့် သူစားရင် အဆီနဲ့အသားအခေါက် နူးနူးလေးတွေပဲ စားတာ၊ ဒီတစ်ခါတော့ မရှုလန်ကို ကြိုက်တဲ့စိတ်နဲ့ မပြောရှာဘဲ ဝါးရှာသား၊ ဝါးရင်း ကိုယ့်သွားကိုယ်ပြန်ဝါးနေလို့ မခံနိုင်တဲ့ အဆုံး ထုတ်ပြောကာမှ အခိခိ. . ဟိဟိ. . မရှုလန်က ကိုယ့်သွား ကိုယ် ပြန်ဝါးတဲ့ အဘိုးကြီးလို့ ပြောလို့ မင်းလူကြီး ရင်ခံလာတာလေ၊ ပထမ တော့ ငါလည်း မရယ်ပါဘူးကွာ၊ ဒါပေမယ့် တွေးရင်း ရယ်ချင်လာတာ အဟိဟိဟိ. . ခိခိ"

"ကိုထွန်းကြည်ကတော့ ဖြစ်ရမယ်. . . ဒါနဲ့ အစ်ကိုရယ်ရင် လက်သီးလေးရှေ့က ကာကာပြီး ရယ်တယ်နော်. . "

"အဲ့ဒါ ကာတာ မဟုတ်ဘူးကွ. . . အပေါ်နှုတ်ခမ်းကို မသိ အောင် ဖိထားတာ. . "

"ဗျာ. . . ဘာဖြစ်လို့လဲ"

"ဒီလိုဟေ့. . . တစ်မြန်မနှစ်တုန်းက ငါတို့ရပ်ကွက်ထဲက ကိုတင်ရှိန် သူ့သားလေး ရှင်ပြုပြီး အလှူလုပ်တယ်၊ အလှူလုပ်ဖြစ်တာ ကလည်း ဒီလိုကွ၊ ကိုတင်ရှိန် သူ့ယောက္ခမ သေတော့ ဘန်ကောက် ထုံးချည်ရပြီးကတည်းက ပွဲတိုးဖို့ ချောင်းနေတာ၊ ဖြစ်ချင်တော့ ဒီလုံချည် ချုပ်ကတည်းက နာရေးဖိတ်စာတလွဲလို့ ဘာဖိတ်စာမှကို မရောက်တာ၊ နာရေးကျပြန်တော့လည်း ဖိုးနဲ့ရှိုးနဲ့ သွားလို့မကောင်းဘူး မဟုတ်လား နှစ်ပတ်သာ လည်သွားတယ်၊ ဒီပုဆိုးနဲ့ သွားရမယ့်ပွဲ တစ်ပွဲမှတို မကြုံလို့ နောက်ဆုံး သူ့သားကို ရှင်ပြုပြီး ဘန်ကောက်ပုဆိုးကို ပွဲထုတ်တော့တာ

www.burmeseclassic.com

www.burmeseclassic.com



လေ. . "

"ဪ. . . ဒီလောက်တောင်လားဗျာ. . ပုဆိုးက တော်တော်တောင်းလား. . "

"အေး. . . မင်းတို့ခေတ်မှာတော့ ဘယ်ရှိတော့မလဲကွာ၊ ဝတ်လည်း မဝတ်ကြတော့ပါဘူး၊ ဟိုတုန်းကတော့ ဒီပုဆိုးက တကယ့်အထက်တန်းစားတွေ ရှူးဖိနပ်နဲ့ခေါင်းပေါင်းနဲ့ ဝတ်ကြတာကွ၊ ပိုးသားပြောင်ပြောင် ပေ့ါပေ့ါပါးပါးလေး. . . အဲ့ဒါ သူ့သားရှင်ပြုပွဲမှာ ကိုတင်ရှိန် အဲ့ဒီပုဆိုးတစ္ဆမ်းရွှမ်းနဲ့ ဧည့်ခံရင်း ထိုင်အချ ဖင်တည့်တည့်ကနေ ဗျမ်းခနဲ ကွဲပါလေရော. . .

ကိုတင်ရှိန်ကလည်း လျှင်တယ်၊ ကွဲကွဲကြီးနဲ့ အရယ်အပြုံးမပျက်ဘဲ ခပ်သွက်သွက် ထိုင်ချပစ်လိုက်တယ်၊ အဲ့ဒီမှာ ပြဿနာက သူ့မှာ အောက်ခံဘောင်းဘီ မပါဘူး၊ ခင်းထားတဲ့ကြမ်းကလည်း ကျဲတော့ တစ်ချို့တစ်ဝက် ကြမ်းကြားထဲ တွဲကျနေတယ် ထင်ပါရဲ့၊ အဲ့ဒါကို အိမ်အောက်က ကြက်မကြီးက သူ့ကလေးတွေအတွက် အစာထင်ပြီး ဆိတ်ဆွဲချတာ ဘာပြောကောင်းမလဲ၊ ကိုတင်ရှိန် ဝုန်းခနဲ ထခုန်ပစ်တာ၊ ပုဆိုးက နောက်တစ်ခြမ်း ထပ်ကွဲပါရောလား၊



www.burmeseclassic.com



ငါလည်း ဒီလောက်တောင် ကြီးမားတဲ့ဟာသ မြင်တော့. . အသားကုန် ရယ်တာပေါ့ကွာ၊ အဲ့သလို ရယ်မိလို့ ငါ့အပေါ် သွား အံ့တစ်ကြီး ဂလွပ်ခနဲ ထွက်ကျသွားလို့ ငါ့ကြည့်ပြီး ရယ်ကြပြန်ရောဟ. . . အဲ့ဒီနေ့ အလှူမှာ ဘယ်လိုမှကို ပတ်တုတ်လို့မရတော့တာ၊ အလှူအိမ်လူတွေကြားထဲ ကိုတင်ရှိန်လည်းကွဲ. . ငါလည်းကွဲပဲ”

“ဟင်. . . အစ်ကိုက ဘာကွဲပြန်တာလဲ”

“အရှက်ကွဲတာလေ. . . ငါ သွားအတုတပ်ထားမှန်း လူသိကုန်တာပေါ့ကွ. . . အဲ့ဒီကတည်းက ရယ်ရင် ငါ့မှာ အပေါ်နှုတ်ခမ်းလေး ဖိဖိပြီး ရယ်ရတာ၊ အံကပ်ထွက်ကျမှာစိုးလို့. . ”

ကိုဝင်းဖေ ပြောနေတုန်းကတော့ သူသိပ်မရယ်ဖြစ်သေး၊ ပြီးမှ ပြန်တွေးရင်း ရယ်ချင်လာကာ တခိခိ ရယ်မိသည်။ ရယ်ရင်းနှင့် ကိုဝင်းဖေမျက်နှာကို မြင်ယောင်ကြည့်တာ. . .

“အဟင်းဟင်း. . . လက်စသတ်တော့ ခင်ဗျားက အပေါ်ပိုင်း အတုကြီးကိုး. . ”

“ဘာ. . ဘာရှင့်. . ”

အထိတ်တလန့်အော်လိုက်သံနှင့်အတူ သူ့ရှေ့၌ စာအုပ်ငုံ့ဖွေနေသော အမျိုးသမီးက သူ့ရင်ဘတ်သူ ပြန်ဖိပြီး မီးတောက်မျက်လုံးတွေနှင့် ကြည့်ပြီး. . .

“နှာဘူး. . ”

“ဗျာ. . ”

“ဘာဗျာလဲ. . . စာအုပ်အစုတ် ရောင်းစားပြီး စိတ်ဓါတ်ပါ စုတ်ပဲ့နေတဲ့နှာဘူးကောင်. . ဟင်း. . ”

ပြောပြီး မျက်စောင်းတခဲခဲနှင့် ခြေခါခါ လက်ခါခါ ထွက်သွား



www.burmeseclassic.com

www.burmeseclassic.com



သော အမျိုးသမီးအား လပြည့် နားမလည်နိုင်သလို လိုက်ကာ ငေးကြည့်နေခိုက် ကိုဝင်းဖေနှင့် ကိုထွန်းကြည်တို့ သူ့ကို ကြည့်ကာ ခွက်ထိုးခွက်လန် ရယ်တော့၏။ ကိုဝင်းဖေကတော့ လက်သီးဆုပ်ကလေးနှင့် ရယ်လေသည်။

"ဟတ်ဟတ်ဟတ်. . . ဟားဟားဟား"

"မဟုတ်ဘူးဗျာ. . . သူဘာဖြစ်သွားတာလဲ"

"ဟေ. . . ဘာဖြစ်ရမလဲ၊ မင်းက သူ့ကို အတုကြီးလို့ ပြောတာကိုး. ."

"ဟာ. . . အဲ့ဒါ ကိုဝင်းဖေကို ပြောတာ"

"ဟတ်ဟတ်. . ဟားဟားဟား"

ဆွမ်းခံရင်း ငှက်သင့်ရသော သူ့အဖြစ်ကို သူပြန်တွေးကြည့်သည်။ တွေးရင်းက ဒါလည်း ရယ်စရာကောင်းနေပြန်သဖြင့် ရယ်မောဖို့ ဘေးဘီ သတိထား ရှာဖွေကြည့်ရသေးသည်။ ပြီးမှ လွတ်လပ်စွာ ရယ်ပစ်ဖို့ ပါးစပ်အဟ. . .

"ဒီမှာ. ."

"ဗျာ"

လပြည့် ပါးစပ်ကို ချက်ချင်းပြန်ပိတ်ကို လန့်ဖြတ်ကြည့်မိသည်။

(ဟင်. . ဟို. . အမျိုးသမီး)

တစ်ခါတုန်းက စာအုပ်ကို သိန်းနဲ့ ချိုပြီး ပေးဝယ်သော အမျိုးသမီးလှလှလေးဖြစ်၍ ကိုဝင်းဖေတို့လည်း ချက်ချင်းမှတ်မိကာ လှမ်းကြည့်ကြသည်။

"မနက်က ရှင်ဖုန်းဆက်တဲ့ကိစ္စ လာတာ. ."

"ဪ. . . ဟုတ်ကဲ့. . ဒါဆို သွားကြမလား"



www.burmeseclassic.com

www.burmeseclassic.com



"သွားမယ်လေ. . . ကျွန်မကားနဲ့ လိုက်ခဲ့ပေါ့"

"ဟုတ်ကဲ့ဗျာ. . . ခဏလေး"

ထို့နောက် လပြည့် ထရပ်ကာ ကိုဝင်းဖေတို့ကို လှည့်ကြည့်ပြီး

"ကျွန်တော် (၂၈)လမ်းဖက် ခဏလောက် လိုက်သွားချင်လို့ ကြည့်ထားလိုက်ပါဦး"

"အေး. . သွားလေ. . ကြာမှာလား"

"မကြာဘူး. . . ခဏပဲ"

လပြည့် သွားလို့ရပြီဖြစ်ကြောင်း နေရီကို ခေါင်းညိတ်ပြ၍ နေရီရှေ့က ထွက်နှင့်သည်။ နောက်ကနေ လိုက်သွားသော လပြည့်အား ကိုထွန်းကြည် လိုက်ဆွဲပြီး မေးနေသဖြင့် တွန်းဖယ်ကာ ထားခဲ့ရသေးသည်။

သူ ကားနောက်ခန်းထဲ ဝင်ထိုင်မည်အပြု နောက်ခန်းထဲ အမျိုးသမီးတစ်ယောက် ရှိနေသဖြင့် အားတုံ့အားနာဖြစ်သွားသည်။

"ဝင်ထိုင်ပါရှင်. . . အားမနာပါနဲ့"

အမျိုးသမီးက ဖော်ရွေစွာ ခွင့်ပြုမှ လပြည့် ဝင်ထိုင်လိုက်သည်။

"မနက်က ဖုန်းဆက်တာ ရှင်ပဲပေါ့"

"ဟုတ်ပါတယ်ခင်ဗျာ. ."

"ဒါဆို. . လပြည့်ဆိုတာပေါ့. ."

"ဟုတ်. ."

"ကျွန်မနာမည်က သဒ္ဒါပါ၊ ကားမောင်းနေတဲ့ညီမလေးက နေရီလေ. . ဆောရီး. . ရှင်တို့နှစ်ယောက်က သိပြီးသားပဲ၊ အတင်း ဘင်း. . . ဒါနဲ့ ဖုန်းကိစ္စက ဒီက ကိုလပြည့် ဘယ်လိုများ ဆက်ဖြစ်ပြီး ခြန်ရလိုက်တာလဲ. . . စပ်စုတာ မဟုတ်ဘူးနော်၊ ဒါမျိုးက ဆုတ်ဖွဲ့ဝင်



www.burmeseclassic.com

www.burmeseclassic.com



တွေပဲ ဆက်စပ်နိုင်တာမဟုတ်လား”

“ဒီလိုပါ. . . (၂၈)လမ်းက အဟောင်းတန်းမှာ ကျွန်တော်နဲ့ တစ်ရပ်ကွက်တည်း အတူနေကြတဲ့မိတ်ဆွေတစ်ချို့ ရှိတယ်၊ အခု ဖုန်းလိုက်ပေးမယ့်လူပေါ့၊ များသောအားဖြင့် ဒီလို ခိုးရာပါပစ္စည်းမျိုးတွေ အဲ့ဒီမှာ ခေါင်းစိုက်တာ များတယ်၊ ဟမ်းဖုန်းလို လွယ်ကူပေါ့ပါးတဲ့ ပစ္စည်းဆို ပိုပြီးရောက်တာပေါ့၊ အဲ့ဒီမှာလည်း ဒီလိုပစ္စည်းမျိုးကို အချောင်စောင့်ဝယ်ပြီး လည်သလို ပြန်ရိုက်ရောင်းနေတဲ့သူတွေလည်း ရှိတော့ ကျွန်တော်က ပြဿနာဖြစ်ပြီးပြီးချင်း (၂၈)လမ်းက မိတ်ဆွေကို စောင့်ကြည့်ပေးဖို့ မှာထားတယ်၊ ပစ္စည်းရရင် ကျေးဇူးဆပ်မယ်လို့လည်း ပြောထားတော့ သူတို့ မျက်ခြေအပြတ်မခံဘဲ စောင့်ကြည့်ရင်း ခုလိုပြန်ရခွင့်ကြုံလာတာပါ. . မသဒ္ဒါ. .”

“ဪ. . . အဲ့ဒါကြောင့်ကိုး၊ ကျေးဇူးပါပဲ ကိုလပြည့်ရယ်၊ ရှင်ပြောသလို ကျေးဇူးဆပ်မှာပါ၊ ဖုန်းက အသစ်ဝယ်ကိုင်လိုက်လည်း ပြဿနာမရှိပါဘူး၊ ဒါပေမယ့် ကျွန်မဖုန်းထဲမှာ တစ်ချို့အရေးကြီးတဲ့ မှတ်တမ်းမှတ်ရာလေးတွေ ရှိနေတော့ အဲ့ဒါကို နှမြောတာပါ. .”

“ဟုတ်ကဲ့. . . ဟိုရောက်တော့ အစ်မ စစ်ကြည့်လိုက်ပေါ့. .”

ကားက (၂၈)လမ်းထဲ ရောက်လာသဖြင့် လပြည့်က လက်ဖက်ရည်ဆိုင်တစ်ဆိုင်ရှေ့မှာ ရပ်ခိုင်းလိုက်သည်။

“အစ်မတို့ ဒီကပဲ လက်ဖက်ရည်သောက်ရင်း ခဏစောင့်ပေးပါ၊ ကျွန်တော် သူတို့ကို ခေါ်လာခဲ့ပါ့မယ်”

“ကောင်းပြီလေ. . . ကျွန်မတို့ စောင့်ပါ့မယ်”

ထိုအခါ နေရီက. . .

“ဒီလိုလုပ်ပါ. . . မမ ကားထဲကပဲစောင့်၊ ရှင်နဲ့အတူ ကျွန်မ



www.burmeseclassic.com

www.burmeseclassic.com



လိုက်ခဲ့မယ်. . ”

“အိုကွယ်. . . သူခေါ်လာမှာပဲဟာ. . ”

“ဟင့်အင်း. . . ညီမလေး လိုက်မှဖြစ်လိမ့်မယ်”

“ပြဿနာမရှိပါဘူး. . . လိုက်ခဲ့ပါ”

ဆက်ပြီးတားလည်း မရမှန်း သိ၍ သဒ္ဒါ ပင့်သက်ရှိုက်ကာ သဘောတူလိုက်ရသည်။ လပြည့်နှင့် နေရီတို့ ကားထဲက ထွက်ကြပြီး (၂၈)လမ်းအတိုင်း အနော်ရထာလမ်းဖက် ပြန်လျှောက်လာခဲ့ကြသည်။

“ဝေါ. . ကျွီ. . ရီ. . ”

နောက်က ဖြတ်ဝင်လာသော အငှားကားတစ်စီးက သူတို့နှစ် ယောက်ရှေ့ ရမ်းကားစွာ ထိုးရပ်ပစ်လိုက်သဖြင့် သူမ လန့်ဖျပ်ရှောင် ရင်း သူနှင့် လူချင်း ပူးကပ်ကာသွားသည်။ ထိုအခိုက်မှာပင် အငှားကား ဒရိုင်ဘာက ဂျိမ်းစ်ဘွန်းမင်းသား အိုက်တင်မျိုးနှင့် ကားထဲက ထွက်လာ ကာ ကော်ကိုင်းမျက်မှန်အနက်ကို ဟန်ပါပါ ချွတ်ကြည့်သည်။

“ဟင်. . . ကျော်ဇေယျ”

သူမ မြည်တလိုက်သောအမည်နှင့် လူက လပြည့်ကို ခြေဆုံး ခေါင်းဆုံးကြည့်၍ ညစ်သိုးသိုး ပြုံးလိုက်ကာ. . .

“မင်းပြောတဲ့ ပိုင်ရှင်အသစ်ဆိုတာ သူလား”

လပြည့် အူတူတူနှင့် သူမကို လှည့်ကြည့်မိခိုက် သူမက လပြည့် လက်မောင်းကို ဆုပ်ကိုင်လိုက်ပြီး မျက်နှာကို ချီမော့ပစ်ကာ. . .

“ဟုတ်တယ်. . ”

“ဟား. . . မိုက်လှချည်လားကွာ၊ နေပါဦး ဒီဘိန်းစားတန်းထဲက ကောင်လား”

“ဘယ်ကပဲဖြစ်ဖြစ်. . . နဂိုတောင် ဘယ်ဘဝ ရောက်နေသို့



www.burmeseclassic.com

www.burmeseclassic.com



လဲ"

"အိုးဟိုး. . . ဒါ ငါ့ကိုယ်ပိုင်စီးပွား. . . ရှင်းလား"

ကျော်ဇေယျက စကားဖြတ်၍ သူမ အနီးသို့ ကိုယ်ကို ငုံ့ကိုင်းပြီး. . .

"ယောက်ျား ဒီလောက်ရှားသလား. . . နင့်လို အလှုံအလန်းလေးက ဒီလို ပဲ့တဲ့တဲ့နဲ့ တွဲတာ နင်မရှက်ပေမယ့် ငါ့သားလေးမျက်နှာတော့ ငဲ့ပါဦး"

"သေလိုက်လေ. . နင့်လို ကားပေါ်မှာ ပေါက်ပန်းလေးဆယ်မတွေနဲ့ ခွေးမြူးမြူးနေတာနဲ့စာရင် ငါက တင့်တယ်ပါသေးတယ်"

"ဘာ. . နင်. . နင့်စကား ကြည့်ပြောနော်၊ ငါ လက်ပါလာရင် အဆိုးမဆိုနဲ့"

"အံမာ. . . ထိကြည့်လိုက်လေ၊ တရားဝင် ကွာရှင်းပြီးသား၊ နင်ထိကြည့်လိုက်စမ်း၊ ထောင်ထဲကို ခွေးကျမကျရင် ကြိုက်သလိုပြော"

"ဟာ. ."

ကျော်ဇေယျ ရွယ်လိုက်သည့်လက်က လေထဲမှာပင် လပြည့် ဖမ်းဆုပ်ကာ ဆောင့်တွန်းပစ်လိုက်သည်။

"မင်းတို့ဇာတ်လမ်း ဘာလဲဆိုတာတော့ ငါမသိဘူး၊ ဒါပေမယ့် မင်းပြန်သင့်ပြီ"

"အံမယ်. . မင်းက. . "

"ခွပ်. . "

လျင်မြန်လွန်းလှသော ကျော်ဇေယျ၏ လက်သီးချက်က လပြည့်၏မေးရိုးဆီ ပြင်းထန်စွာ ကျရောက်သွားခဲ့သည်။ ကျော်ဇေယျ ထိုမျှနှင့် အားမရ၊ နေရှိ လန့်ဖျပ်အော်ဟစ်သော်လည်း ကျော်ဇေယျ



www.burmeseclassic.com

www.burmeseclassic.com



ရပ်မသွား။

"ဖောက်. .

လပြည့် ဖင်ထိုင်ကျသွားသည်။ နှုတ်ခမ်းထောင့်ဆီမှ ထူပူမှုအား လက်ခုံနှင့် ဖိမိတို့မိသဖြင့် သွေးကို မြင်လိုက်ရကာ ပြန်ထလာသည်။

"ကဲ. . . ဒီလောက်ဆို ခင်ဗျားကျေနပ်ပြီ မဟုတ်လား၊ ပြန်တော့ဗျာ. . ."

"အဟာတ်ဟာတ်. . . နောက်တစ်ချက်နှစ်ချက်လောက်ပါပဲကွာ. . . ဟုတ်ပြီလား"

သည်တစ်ကြိမ်တော့ ကျော်ဇေယျ၏လက်သီးချက်က လေထဲမှာပင် လွင့်ဝဲသွားကာ လူပါ တစ်ပတ်လည်သွားသည်။ လပြည့် ရှောင်ထွက်ရင်းက. . .

"ခင်ဗျားပြန်ပါတော့"

"မပြန်ဘူးကွ. . မင်းကို. . မင်းကို"

"ခွပ်. ."

"အ. ."

"ဘုံး. ."

လပြည့် ထိုးလိုက်တာတော့ တစ်ချက်တည်း။ သို့သော် ဓာတ္တုရာလမ်းပေါ် ခြေလွတ်လက်လွတ် ပြုတ်ကျကာ တော်တော်နှင့် ပြန်မထနိုင်ဘဲ တွန့်လိမ်နေသဖြင့်. . .

"ခင်ဗျားကို ကျွန်တော်ထပ်ပြီးသတိပေးပါတယ် ကိုကျော်ဇေယျ. . . ပြန်လိုက်ပါ"

"အား. . ကျွတ်. . မပြန်ဘူး. . မင်းကို သတ်ပြီးမှ"



www.burmeseclassic.com

www.burmeseclassic.com



ကျော်ဇေယျ ရှက်ရွံ့နီမြန်းကာ ဖူးရောင်သွားသော မျက်နှာကြီးနှင့် ပြန်ထလာ၍ လပြည့် စိတ်မကောင်းစွာပင် ပွဲသိမ်းလိုက်ရသည်။

"ဖောက်. ."

"ဘုံး. ."

နောက်ထပ်မကြိုးစားနိုင်တော့ကြောင်း လပြည့်သိနေသဖြင့် ကျော်ဇေယျအား တွဲထူကာ သူ့ကားရှေ့ခန်းထဲ တွန်းထည့်ထားလိုက်သည်။

"ကျွန်တော်တို့ သွားကြရအောင်"

"ဟုတ်. . ဟုတ်ကဲ့. ."

နှစ်ယောက်အတူလျှောက်လာရင်းက နေရီ သူ့ကို လှည့်ကြည့်ပြီး. . .

"ရှင့်နှုတ်ခမ်း ကွဲသွားတယ်"

"ရပါတယ်. . . နည်းနည်းပါ"

ထို့နောက် သူမလက်ပွေ့အိတ်ထဲမှ လက်ကိုင်ပုဝါ ဆွဲထုတ်ပြီး လပြည့်အား လှမ်းပေးကာ. . .

"ရော့. . . ဒါလေး ဖိထားလိုက်၊ သွေးတွေ ကျနေတယ်"

"ကျေးဇူးပဲ"

"အဲ့ဒါ ကျွန်မပြောရမှာ၊ ကျွန်မ. . မခံချင်တဲ့စိတ်ကြောင့် ရှင့်ကို ဒုက္ခပေးသလို ဖြစ်သွားတာ. ."

လူစည်ကားသောနေရာသို့ ရောက်လာသဖြင့် လပြည့် ဘာမှ ပြန်မပြောဖြစ်တော့ဘဲ ကိုလှသိန်းတို့ ဈေးဘန်းခင်းသောနေရာသို့ ရောက်အောင်သာ လျှောက်လာခဲ့သည်။

"ကျွန်တော်တို့ ရောက်ပြီ ကိုလှသိန်း"

www.burmeseclassic.com

www.burmeseclassic.com



"အာ. . . စောင့်လိုက်ရတာကွာ၊ ဂျလေးတောင် ခုပဲ လမ်းထဲ ပြန်ဝင်သွားတာ. ."

ကိုလှသိန်း လပြည့်ကို စေ့စေ့ကြည့်ပြီး. . .

"မလေး. . လက်ကိုင်ပုဝါတွေဘာတွေ အုပ်လို့၊ ငါတို့လမ်းတ မြောင်းပုပ်နံ့ကို ဝက်တုပ်ကွေး ကြောက်တယ် မောင်. . . လုပ်မနေနဲ့ စူလတီတစ်ယောက်ပဲ ဝက်စားတာ၊ ကျန်တဲ့လူ မစားဘူးဟ့၊ စူလတီ ဒီမှာကြည့်ထားဦး၊ ငါသွားလိုက်ဦးမယ်. ."

"စိတ်ချ ဆရာ၊ အင်တာနာကို ငါးထောင်ဆစ်သွားတယ်၊ ပေးလိုက်ရမလား"

"အဲ့ဒါ နီပန်းမော်ဒယ်ကွ. . . ခုနစ်ထောင်ရမှရောင်း"

"ဟုတ်. ."

စူလတီက သူ့ကို ဆလံပြုပြီး နှုတ်ဆက်၍ သူလည်း ခေါင်း ဆတ်ပြလိုက်သည်။

ထို့နောက် ကိုလှသိန်း ဦးဆောင်ခေါ်လာရာနောက်သို့ သူနှင့် နေရီတို့ လိုက်လာခဲ့ကြသည်။

ပန်ကာအဟောင်းတွေ ပုံရောင်းသောနေရာ၏နောက်ရှိ အုတ် လှေကားလေးမှ လိုက်တက်ခဲ့ရပြီး ပထမတစ်လွှာမှာတင် လပြည့် အတော်စိတ်ညစ်သွားသည်။ အလင်းရောင်မရှိ၊ လေကောင်းလေသန့် မရှိ၊ ဆီးဝါးသောအနံ့ပေါင်းစုံသာ ရှိသော လမ်းကျဉ်းလေးမှာပင် အုတ် နံရံဘေး ကပ်ကာ အိပ်နေသူ၊ မီးဖိုတစ်လုံး၊ ခုံတစ်လုံးနှင့် လက်ဖက်ရည် ဖျော်ရောင်းနေသူ၊ ဗယာကြော် ကြော်ရောင်းနေသူတို့ပါ ရှိနေတာ ထိုလက်ဖက်ရည်နှင့် ထိုအကြော်ကို တပျော်တပါး အားပေးနေသူတို့ပါ ရှိနေသဖြင့် တက်မနင်းမိအောင် အတော့်ကို သတိထားကာ လျှောက်



www.burmeseclassic.com

www.burmeseclassic.com



လာကြရသည်။

"ကိုလပြည့်. . . ကျွန်မကို ကူပါဦး"

ဒီတော့မှ လပြည့် သူမကို သတိရသွားကာ အားနာစွာဖြင့် စောင့်ခေါ်တော့ သူမက. . .

"ဒီ. . ဒီမှာ. . ငြိနေလို့. ."

လပြည့် အမှောင်ထဲမှာ အားစိုက်ကြည့်လိုက်တော့ နံရံဘေးကပ်ကာ စုပုံထားသော လျှပ်စစ်ပစ္စည်းအဟောင်းတွေထဲက ထိုးထိုးထောင်ထောင် ထွက်နေသည့် သံစတစ်စနှင့် သူမလုံချည် ငြိကာနေသည်။

"ကျွန်တော်ဖြုတ်လိုက်မယ်နော်"

"အင်း. ."

လပြည့် ဖြုတ်ခွာပေးပြီး လှည့်ထွက်ဖို့ ပြင်တော့ သူမက သူ့လက်မောင်းကို လှမ်းဆွဲသည်။

"ကျွန်မ တကယ်မမြင်ရလို့ပါ၊ အောက်မှာလည်း ချွဲကျိနေတာပဲ"

"အားနာပါတယ်. . . အမှန်က ခင်ဗျားကို အောက်မှာ စောင့်ခိုင်းခဲ့ရမှာ"

"လပြည့်ရေ. ."

"ဗျာ. ."

"လာလေ. . မင်းတို့က ဘယ်မှာကျန်ခဲ့တာလဲ၊ ငါရောက်ပြီး တစ်ခေါက်ပြန်ရှာတာ"

"ဟာ. . မှောင်မှောင်မည်းမည်းထဲ ပစ်မလဲအောင်ကို မနည်းလျှောက်နေရတယ်. ."



www.burmeseclassic.com

www.burmeseclassic.com



"အေးပါကွာ. . . ဒီနေရာက ငါတို့ ပစ္စည်းသိမ်းတဲ့နေရာလေး၊ အဲဒီမှောင်မှောင်မည်းမည်းကိုပဲ ပိုက်ဆံအများကြီး ပေးနိုင်မှ ရတာ ငါ့လူရေ. . လာဟ. ."

ကိုလှသိန်းကတော့ ခြေထောက်မှာ ခါတ်မီးပါသလို သွက်လှသည်။ သို့နှင့် သူတို့ နောက်ထပ်လှေခါးကျဉ်းကျဉ်းလေးတစ်ခုကို ကျော်ဖြတ်တက်လာပြီးမှ အလင်းရောင်နည်းနည်းရလာကာ လမ်းလျှောက်လို့ အဆင်ပြေလာသည်။ သိပ်တော့ မလျှောက်လိုက်ရ၊ ရှေ့က ကိုလှသိန်း ဝင်သွားသောအခန်းထဲ သူတို့ပါ လိုက်ဝင်မိပြီး ခရီးဆုံးမှန်း သိရ၏။

အခန်းက ဆယ်ပေပတ်လည်ခန်းလေးဖြစ်ပြီး နှစ်ပေချောင်း မီးချောင်းတစ်ချောင်း ထွန်းထားသဖြင့် ထိုနေရာအတွက် အလွန်ပင် အလင်းအားကောင်းသောနေရာဖြစ်ပါသည်။ အခန်းထဲ၌ အလုပ်စားပွဲ တစ်လုံးနှင့် ကုလားတစ်ယောက် ထိုင်နေကာ သူတို့ကို မြင်၍ ထိုင်ရာမှ ထရပ်လိုက်သည်။

"သူတို့ဖုန်း လာယူပြီ ဂျလေး. ."

ဂျလေးဆိုသူက သူနှင့်နေရီအား အကဲခတ်သလို ကြည့်ပြီးမှ စားပွဲအံဆွဲကို ဆွဲဖွင့်ကာ အံဆွဲတစ်လုံး အပြည့်ရှိနေသော လက်ကိုင်ဖုန်းများထဲမှ ဖုန်းတစ်လုံးကို ရွေးထုတ်ကာ စားပွဲပေါ် တင်လိုက်သည်။

"ဒါ. . ဟုတ်သလား"

နေရီရီ ရှေ့တိုးဝင်လာပြီး ဖုန်းကို ယူကာ စစ်ဆေးကြည့်သည်။ ပြီးမှ. . .

"ဖုန်းကတော့ ဟုတ်ပါတယ်. . . ဒါပေမယ့် သေချာအောင် ကိုယ်တိုင် စစ်မှဖြစ်မယ်. . . တစ်ခုတော့ ပြောချင်တယ်"

"ဟုတ်ကဲ့. . ပြောပါ"



www.burmeseclassic.com

www.burmeseclassic.com



"မမစစ်ကြည့်လို့ ဖုန်းထဲမှာ သူထည့်ထားတဲ့ အချက်အလက်တွေ မရှိတော့ဘူးဆိုရင် ကျွန်မတို့ မယူတော့ဘူး"

"အာ. . . အမလေး. . . အလုပ်က ဒီလိုလုပ်လို့ မရဘူးလေ၊ ဒါ. . အမလေးတို့ပစ္စည်း မှန်လားမမှန်ဘူးလား. . ဒါပဲပြော"

"အို. . . မှန်လည်း ကျွန်မတို့ လိုချင်တာ မင်မိုရီလေ၊ အဲ့ဒါ မရှိတော့ရင် ဘယ်ဆိုင်က ဝယ်သုံးသုံး အတူတူပဲ မဟုတ်လား"

"မှန်တယ်. . . အဲ့ဒါ အမလေးတို့ကိစ္စ၊ ကျွန်တော့်ကိစ္စက အလုပ်သဘောပဲ"

"ကောင်းပြီလေ. . . ရှင်တို့ လိုက်ခဲ့ပါ၊ ဖုန်းယူသွားပြီး မမကို စစ်ခိုင်းမယ်"

ဂျလေးဆိုသူ စိတ်ပျက်လက်ပျက် ခေါင်းခါပစ်လိုက်သည်။ ပြီးမှ. . .

"ကောင်းပြီ. . . အဲ့ဒီအတွက် စရံငွေ သုံးသိန်းထားခဲ့ပါ"

"ဘာရှင့်. ."

"ဒါ ကျွန်တော့်အလုပ်စည်းကမ်းပဲ၊ အရောင်းအဝယ် မဖြစ်သေးဘဲ ပစ္စည်းအပြင်ကို ထုတ်တာမျိုး ကျွန်တော်မလုပ်ဘူး အမလေး။ ဒါတောင် ဒီက ကိုလှသိန်းကို ယုံကြည်လို့"

နေရီရီ ပခုံးတစ်ချက် တွန့်ကာ ပြုံးလိုက်ပြီး ဖုန်းကို သူမ လက်ပွေ့အိတ်ထဲ ထည့်လိုက်ပါသည်။ ထို့နောက် သူမ၏ဟန်းဖုန်းကို ထုတ်ကိုင်ပြီး. . .

"ကျွန်မ ရှင့်ကို သတိပေးလိုက်မယ်၊ ဒီဖုန်းကိစ္စအတွက် ကျွန်မ စခန်းမှာ အမှုဖွင့်ထားတယ်ဆိုတာ သဘောပေါက်ပါ၊ ကျွန်မ အခု စခန်းကို ဖုန်းဆက်လိုက်ရင် ရှင်ဘာဖြစ်သွားမယ်ထင်လဲ"



www.burmeseclassic.com

www.burmeseclassic.com



"အဟာတ်ဟားဟားဟား. . . အမလေး တာသတွေ ထာထုတ်နေတယ်"

ဂျလေးက မထိမဲ့မြင် ရယ်မောပြီး လက်ခုပ်နှစ်ချက် တီးလိုက်သည်။ ထိုအခိုက်မှာပင် ဗလကောင်းကောင်းနှင့် ထောင်မောင်းသောကုလားနှစ်ယောက် အခန်းဝမှာ ပေါ်လာကာ ပိတ်ဆို့ရပ်လိုက်၏။ ကိုလှသိန်း လန့်ဖြန့်ကာ လပြည့်နောက်သို့ ဝင်ကပ်၏။

"ရှင်. . ဒါဘာလုပ်တာလဲ"

"ဘာမှမလုပ်ပါဘူး. . . အမလေးက ဖုန်းဆက်မယ်ဆိုလို့ပါ။ ဟဲ. . ဟဲ. . ဟဲ"

လပြည့်အတွက် မြင်နေရသည့်မြင်ကွင်းနှင့် နားထောင်နေရသည့်အသံက ရင်ထဲ အန်ချင်ပျို့ချင်လောက်အောင်ဖြစ်လာသဖြင့် စာအုပ်အဖုံးလုပ်လျှင် လှီးသောဓါးကို ဗျစ်ခနဲ တွင်းဖွင့်ပြီး ဂျလေး၏ လည်မြိုကို လှမ်းထောက်ထားလိုက်သည်။

"ဥပဒေနဲ့ အချုပ်အခြာအာဏာ ပြည့်စုံတဲ့ တိုင်းပြည်မှာ ဒီလိုနည်းလမ်းတွေ သုံးနေပြီဆိုရင်တော့ ခင်ဗျားတို့ တိုင်းပြည်မှားနေပြီကဲ. . . မနေရှိရှိ၊ စခန်းကို ဖုန်းဆက်လိုက်"



www.burmeseclassic.com



သည်တော့မှ အခန်းဝက နှစ်ယောက် နောက်ဆုတ်ကာ ဂျလေးဆိုသူလည်း လေသံပျော့သွားသည်။

"ဆ. . ဆရာ. . မ. . မလုပ်ပါနဲ့ ဆရာ. . ခုနက အမလေး ပြောသလိုပဲ လုပ်ပါ. . ကျွန်တော်သဘောတူပါတယ်နော်. . ဆရာ နော်. . ကိုလှသိန်းရေ. . လုပ်ပါဦး"

ထိုအခါမှပင် ကိုလှသိန်းလည်း လည်ချောင်းရှင်းသလို သလိပ်ကပ်သလို ချောင်းတွေ ဆိုးကုန်ပြီး အသံထွက်လာသည်။

"အေး. . . အေးပါ လပြည့်ရာ၊ တိုင်လိုက်ရင် ငါတို့ပါ အဆစ်ပါပြီး ဝင်ကုန်မှာကွ၊ ငါ့မျက်နှာတော့ ကြည့်ပါကွာ. . နော်"

"အိုခေလေ. . . ဒါဆို ကျုပ်တို့ အပြင်ရောက်တာနဲ့ ခင်ဗျားနဲ့ ငမိုက်သားနှစ်ယောက်ကို အခန်းထဲ ဝင်ခိုင်းလိုက်၊ လောလောဆယ်တော့ ခင်ဗျား နည်းနည်းဒုက္ခခံလိုက်ပေါ့ဗျာ. . နော. ."

ပြောပြီး လပြည့်က ဓါးထောက်လျက်နှင့် ဂျလေးကို ခေါ်ထုတ်လာသည်။

အားလုံးအပြင်ရောက်သွားမှ ဂျလေးက သူ့လူနှစ်ယောက်ကို အခန်းထဲ ဝင်ခိုင်းစေသည်။

လပြည့်က အခန်းတံခါးအား အပြင်မှ ဘွန်ထိုးလိုက်ပြီးမှ ဓါးကို ဖယ်လိုက်သည်။

"ကျေနပ်သလား"

"ကျေနပ်ပါတယ် ဆရာ. . . ဆရာပြောတဲ့အတိုင်း လုပ်မှာပါ"

ထို့နောက် လာလမ်းအတိုင်း စိတ်လက်ညစ်ညူးစွာ ပြန်ဆင်းလာကြပြီး လမ်းထဲ ရောက်သွားမှ အသက်ဝဝရှူနိုင်ကြတော့သည်။

လပြည့်အတွက်ကတော့ လေဝင်လေထွက် မကောင်းသော



www.burmeseclassic.com

www.burmeseclassic.com



လမ်းတစ် လျှောက်လုံး ကောင်းမွန်စွာ အသက်ရှူပြောင့်ခဲ့သည်။

အကြောင်းမှာ နေရီရီ၏အေးစက်တုန်ယင်နေသော လက်နှစ်ဖက်စလုံး သူ၏လက် မောင်းအား မလွတ်စတမ်း ဆုပ်ကိုင်လာခဲ့သဖြင့် ရင်ခုန်ယစ်မူးဖွယ်ရာ ကိုယ်သင်းနံ့လေးအား နွေးနေအောင် ရှူရှိုက်လာခဲ့ရသောကြောင့်ဖြစ်တည်း။

"ကြာလိုက်တာ နေရီရယ်"

နေရီရီ ဘာမှမပြောနိုင်ဘဲ သူမလက်ပွေ့အိတ်မှ ဖုန်းကို ထုတ်ကာ သဒ္ဒါလက်ထဲ ထည့်လိုက်သည်။

သူ့ဖုန်းအမှန်ပင်ဖြစ်သဖြင့် သဒ္ဒါမျက်နှာလေး ရွှင်ပျကြည်လင်သွားကာ ဖုန်းဖွင့်ကာ စစ်ဆေးသည်။ အတန်ကြာသည်အထိ စစ်ဆေးပြီးမှ. . .

"ဟောတော့"

"ဟင်. . ဘာ. . ဘာပျောက်လို့လဲ. . . "

"ဘာမှမပျောက်သေးဘူး ညီမလေး. . . အိုခေကွယ်"

နေရီရီက မျက်နှာငယ်လေးနှင့် ရပ်နေသော ဂျလေးအား လှည့်ကြည့်ပြီး. . .

"ကဲ. . . ပစ္စည်းမှန်ပြီ. . ကျွန်မ ဘယ်လောက်ပေးရမလဲ"

"ဟုတ်ကဲ့. . . ကျွန်တော် တစ်သိန်းနဲ့ ဝယ်ထားပါတယ်၊ အမြတ်ကတော့ အမလေးတို့ စေတနာရှိသလောက်ပဲ ပေးပါ"

နေရီရီ ဘာမှပြောမနေတော့ဘဲ တစ်သိန်းတစ်သောင်း ပေးလိုက်သည်။

ဂျလေး. . အခါခါ ဦးညွှတ်ပြီး ထွက်သွားမှ လပြည့်ကို ကြည့်ပြီး. . .

www.burmeseclassic.com



"ကဲ. . . ကိုလပြည့်တို့အတွက် ကျွန်မ ဘယ်လောက်ပေးရမလဲ"

"ကျွန်တော့်အတွက် မလိုအပ်ပါဘူး၊ ဒီက ကိုလှသိန်းကို ကူညီပေးတဲ့အတွက် ထိုက်သင့်တဲ့ တုံ့ပြန်မှုသာ ပေးလိုက်ပါ"

နေရီရီက ကိုလှသိန်းအား တစ်သောင်းပေးလိုက်၏။

"အဆင်ပြေမယ် မဟုတ်လားရှင်. ."

"ပြေပါတယ်. . ပြေပါတယ်. . ဒါနဲ့ မနေနိုင်လို့ ပြောရဦးမယ်၊ ဒီကောင်. . အဲ့ဒီဖုန်းကို ဝယ်ထားတာ ငါးသောင်းနဲ့ဗျာ၊ သူ့ရှေ့မှာ ပြောလို့မကောင်းလို့. ."

"ဟုတ်လား. . . ကြည့်စမ်း. ."

လပြည့် ပြုံးရင်း. . .

"ကဲ. . . ကျေနပ်လိုက်ပါတော့ မနေရီရီ၊ ဒါလည်း သင်ယူမှုတစ်ခုလို့ မှတ်လိုက်ရင် တန်ပါတယ်၊ ဒီလူတွေ အသနားခံတာတောင် ကိုယ့်အတွက်ကျန်အောင် အသနားခံတတ်တယ်လို့ သိထားရင် ရပါပြီ"

"ကဲပါ. . . ညီမလေးရယ်. . ဒီလောက်နဲ့လည်း အဆင်ပြေပါတယ်. . . သွားစို့ကွယ်"

နေရီရီ မကျေမနပ် တောက်ခေါက်ပြီး ကားထဲ ဝင်ထိုင်ရင်း အပြင်မှာ ရပ်ကျန်နေသော လပြည့်အား. . .

"ကိုလပြည့်လည်း လာလေ. . . ကျွန်မပြန်ပို့ပေးမယ်"

"ကဲ. . ကိုလှသိန်း ကျေးဇူးပဲဗျာ. . သွားပြီ"

"အေး. . အေး. ."

(၂၈)လမ်းက ထွက်လာပြီး နေရီရီက တစ်ခုခုနှင့် ဧည့်ခံဖို့ ဖိတ်သော်လည်း လပြည့် ဆိုင်ကို အကြောင်းပြကာ ငြင်းခဲ့သည်။



www.burmeseclassic.com

www.burmeseclassic.com



ကျွေးလည်း သွားတစ်ချောင်းနဲ့ပြီး ကွဲနေသော နှုတ်ခမ်းအတွင်းသားကြောင့် အစာမှမစားနိုင်မှာလည်း သေချာပါသည်။

သို့သော် ရင်ခုန်ခြင်း၊ ရင်ဖိုခြင်းတွေ ပြည့်စုံသော ထိုနေ့အားသူမရော သူပါ အမှတ်ရနေမှာ သေချာပါသည်။



www.burmeseclassic.com

www.burmeseclassic.com

ချစ်တွယ်ရာမှာ
အာညာသာရကာ နေကြာကွာစိ
ပြောဘိစကား
"ပွဲစားပင်လော ကွက်စိတ်လော" ဟု
ဝေးမောမေးရ အပြုံးရှာနှင့်
ရွှရွှဆန်းဆန်း ပန်းသွင်သီကုံး
ထုံးဖွဲ့သင်ဆို ယဉ်သလို
သူ့ကိုမြင်လျှင်
ရင်လွှယ်စကား နှုံကြားထဲညပ်
တဆတ်ဆတ်တုန် နှလုံးခုန်မြန်
သက်ရှူသံပြင်း အိုးနင်းခွက်နင်း
ပုဆိုးတက်နင်း ကွင်းလုံးပုံမှ
ယောင်နထွက်လာ စကားတစ်လွှာတဲ့
"ချစ်လိုက်တာ ပလုတ်တုတ်ရယ်"
(ဖြစ်ပုံ...ဖြစ်ပုံ)



www.burmeseclassic.com

www.burmeseclassic.com



# အခန်း(ရှစ်)

ဒီနေ့တော့ ကိုထွန်းကြည်တို့ မလာကြ။ မိုးက မနက်ခင်းကတည်းက အုံ့မှောင်ပြီး သည်းကြီးမည်းကြီးပဲ ရွာတော့မလိုလိုနှင့် နေ့လယ်ခင်းရောက်မှ တိမ်တွေ ခွာပြီးပြီး နေတောင် ခပ်ကျဲကျဲလေး ထွက်လာသည်။ လပြည့် စာအုပ်အခင်းပေါ် အုပ်ဆိုင်းထားသော ပလတ်စတစ်အား ခွာယူပြီး ခေါက်သိမ်းလိုက်၏။

"ကိုလပြည့်. ."

ခေါ်သံကြောင့် လှမ်းကြည့်လိုက်တော့ သူ့စာအုပ်အခင်းရှေ့က နေရီရီအား အပြုံးလင်းလင်းလေးတွေနှင့် တွေ့လိုက်ရတာ စိတ်ထဲ



www.burmeseclassic.com

www.burmeseclassic.com



ဒိန်းခနဲ ပြည့်သွားသည်။

"မနေရီရီ. ."

"ဆိုင်သိမ်းခဲ့ပါလားဟင်. . . ကျွန်မတို့ တစ်နေရာ သွားရအောင်၊ ဩော်. . ဆောရီး. . ဒီနေ့ ရောင်းကောင်းရဲ့လား"

"အဟင်းဟင်း. . . ဈေးဦးကို မပေါက်သေးတာ"

"ဒါဆိုလည်း ကျွန်မ ဈေးဦးဖောက်ပါ့မယ်၊ မမအတွက် ကောင်းနိုးရာရာ စာအုပ်သုံးလေးအုပ်လောက် ရွေးပေးပါလား၊ မမက ကဗျာဆရာမ စာကြမ်းပိုးနော်"

"ဟုတ်လား. . . မသဒ္ဒါက ကဗျာဆရာမလား"

"အင်း. ."

လပြည့် စာအုပ်တစ်ချို့ကို ရွေးချယ်ကာ ပေးလိုက်သည်။

"ဒါ. . ဘယ်လောက်ပေးရမလဲ"

"မပေးပါနဲ့. . . ကျွန်တော်လက်ဆောင်ပေးတာပါ"

"အို. . မဟုတ်တာ. . ဈေးဦးဖောက်ပါမယ်ဆိုမှ. ."

ပြောရင်းနှင့် သူမက စာအုပ်အဖုံးထောင့်မှာ ဈေးနှုန်း တိတ်နှင့် ကပ်ကာ ရေးထားသော တန်ဖိုးငွေတွေ ကြည့်ပြီး. . .

"လေးအုပ်ဆိုတော့ အားလုံးရှစ်ထောင်ပေါ့"

သူမ လက်ပွေ့အိတ်ထဲမှ တစ်ထောင်တန်ရှစ်ရွက် ထုတ်ကာ ပေးသည်။ သူလည်း အားနာနာနှင့် ယူလိုက်ရလေသည်။

"ကဲ. . . ဈေးဦးပေါက်ပြီ မဟုတ်လား၊ ဆိုင်သိမ်းတော့"

"ဗျာ. ."

အဖြစ်အပျက်က ဝတ္ထုဆန်ဆန် ရုပ်ရှင်ဆန်ဆန် ဖြစ်သွားခဲ့သည်။ တစ်ခါတစ်ရံ လူ့ဘဝဖြစ်စဉ်သည် ဝတ္ထုတွေ လိုက်မမီအောင်ကို



www.burmeseclassic.com

www.burmeseclassic.com



ထူးဆန်းတိုက်ဆိုင်စွာပင် ဖြစ်တတ်ကြောင်း၊ သို့သော်. . . ထိုအဖြစ်အပျက်များပေါ်မှာ မှီငြည်ကာ ရုပ်ရှင်တွေဝတ္ထုတွေ ဖြစ်လာကြောင်း သူ၏စာအုပ်ဖောက်သည် စာရေးဆရာ ရုပ်ရှင်ဒါရိုက်တာ ကိုထွန်းထွန်းက ပြောဆိုညည်းတွားတာ ကြားသိခဲ့ရဖူးသည်။

ယခုလည်း နေရီရီနှင့်သူ စတင်ဆုံတွေ့မှုက ပုံသေနည်း ဆန်သော ဇာတ်လမ်းဇာတ်ကွက်နှင့် တူလှသည်။ သေချာတာက တကယ်ဖြစ်သွားခဲ့သည့် အဖြစ်အပျက်တစ်ခု။ တစ်ကြိမ်၊ နှစ်ကြိမ်၊ သုံးကြိမ်မြောက်မှာ အထက်က ဖော်ပြခဲ့သည့်အတိုင်း သည်းထိတ်ရင်ဖိုပြဿနာ တစ်ခုနှစ်ခု အတူရင်ဆိုင်ခဲ့ကြသည်။ လေးကြိမ်မြောက် ဆုံတွေ့မှုက ထိုထက် ပိုနေပြီလားတောင် မဆိုနိုင်၊ သူ့အတွက်တော့ ပိုရုံမက လျှံတောင် လျှံကျနေချေပြီ။ ဆိုင်သိမ်းပြီး သူမ ခေါ်ဆောင်ရာသို့ လိုက်ပါလာခဲ့သည်။



ဂမုန်းပွင့်သို့ ခေါ်သွားပြီး သူနှင့် လိုက်ဖက်မည့် အဝတ်အစားများအား သူမကိုယ်တိုင် ရွေးချယ်ဝယ်ယူသည်မှာ ဖိနပ်တစ်စုံ ဦးထုပ်

www.burmeseclassic.com



အဆုံး သူမကိုယ်တိုင် ရွေးချယ်ဝယ်ယူသည်။ ထို့မှ. . . ရွှေဘဲသို့ သွား ထာ စားသောက်ကြသည်။ သူ့အတွက် သူရောက်နေသော ရောက်ခဲ့ သောနေရာတွေကို ပြန်တွေးကာ နေမိမင်းကြီး မာတလိနတ်သား ခေါ် ဆောင်ရာသို့ လိုက်ပါကြည့်ရှုခွင့်ရသောအဖြစ်ကို အမှတ်ရမိသည်။ နေမိမင်းကြီးကတော့ သံဝေဂ ရသွားသည်။ သူကတော့ သံယောဇဉ် ရသွားပါသည်။ လှပဖော်ရွေသော ထက်မြက်သွက်လက်သော ဘယ်သူ့သဘော ဘာပဲရှိရှိ ကိုယ့်သဘော ရှေ့ဆောင်ဖြစ်ပြီး ဖြစ်ချင် တာကို ဖြစ်အောင်လုပ်တတ်သည့် ဖွတ်တရွတ်စရိုက် ရှိသော၊

တိမ်းညွတ်မက်မူးဖွယ်ရာ ကိုယ်သင်းနံ့လေးကို ပိုင်ဆိုင်သော ထိုသူမနှင့် အတူတွဲကာ သွားလာဝယ်ခြမ်း စားသောက်ရသည့် တဒင် မှာ လပြည့်လို အနုတ်စုတ်ဂုတ်စုတ်အတွက် အညတရဘဝကို ဖုန်ခါခွင့် ရလိုက်သော အိပ်မက်ပင်။

တကယ်. . . အိပ်မက်ဆိုလည်း တစ်သက်လုံး တစ်ရက်မှ မလွတ်အောင် မက်လိုက်ချင်တော့သည်။

"ကိုလပြည့်. . "

သူမခေါ်သံကြောင့် အတွေးပြတ်ကာ မော့ကြည့်သည်။

"ကျွန်မကို အကူအညီတစ်ခုလောက် ထပ်ပေးပါဦး"

"အင်း. . . ပြောလေ"

ထို့နောက် သူမက မင်္ဂလာဖိတ်စာတစ်စောင် ထုတ်ပြသည်။ သူ ယူကြည့်လိုက်တော့ သတို့သား၊ သတို့သမီးက ကျော်ဇေယျနှင့် ခင်မာလာသိန်း၊ ထိုနှစ်ယောက်လုံး သူ တစ်ယောက်မှ မသိ၊ မင်္ဂလာ နေရာကလည်း စင်ထရယ်ဟိုတယ်ဖြစ်၍ သူနှင့် လားလားမှ မသက် ဆိုင်သလို တစ်ချက်ကြည့်ကာ ပြန်ပေးလိုက်သည်။



www.burmeseclassic.com

www.burmeseclassic.com



သူရင်းနှီးသော ဖိတ်စာအတော်များများ ကာလာကြည်သိန်းမှာ ဖိတ်စာရိုက်ပြီး အမြဲဆုံးခန်းမ မွှာရုံလောက်၊ အနိမ့်ဆုံး သတို့သမီးမိဘအိမ်လောက်မှာ ဆောင်နှင်းကြသော မင်္ဂလာဖိတ်စာသာ မြင်ဖူးရှုခဲ့သည်ကိုး။

"အဲ့ဒီထဲက ကျော်ဇေယျဆိုတာတော့ ရှင်သိမှာပေါ့"

"ဟင်. . . မသိပါလား မနေရိရိ"

"ရှင်နဲ့ ဟိုတစ်နေ့က (၂၈)လမ်းထဲမှာ ထိုးကြကြိတ်ကြတဲ့သူလေ. . . ကျွန်မနဲ့ ကွာရှင်းထားတဲ့လူ"

"ဩော်. ."

ဒီတော့မှ သူသဘောပေါက်သလို ခေါင်းတစ်ချက်နှစ်ချက်ညိတ်ပြပြီး သွားကြားညပ်နေသော အသားစကို လျှာလေးနှင့် မသိမသာ ထိုးထုတ်ကာ ဆက်နားထောင်နေလိုက်သည်။

"သူ. . ကျွန်မကို ရွဲ့ပြီး ဖိတ်စာလာပို့တာလေ၊ အဲ့ဒီတော့ ကျွန်မကလည်း စောင်းပြီး မင်္ဂလာအခမ်းအနားကို တက်ပြီး ဝမ်းသာအားရ ချီးမြှင့်ချင်တယ်၊ အဲ့ဒီနေ့ ကိုလပြည့် ကျွန်မနဲ့ အဖော်လိုက်ခဲ့ပေးပါလား"

သူ မျက်မှောင်တစ်ချက် ကုတ်သွားလို့ သူမလန့်ဖျပ်ပြီး သူ့ကို လှမ်းကြည့်သည်။ ဒါကို သူသိသည်။ သူငြင်းလိုက်ရင် သူမ ဘာဖြစ်မလဲ၊ ဘာပြောမလဲဆိုတာကိုပါ မဆီမဆိုင် ထည့်တွေးရင်း ဟိုပုဂ္ဂိုလ် လူကြားသူကြားထဲ သူ့ကို ထိုးလားကြိတ်လား လုပ်ဦးမလားဟု စဉ်းစားမိလာသည်။

ကြောက်လို့တော့ မဟုတ်။ ရှက်တာဖြစ်သည်။ ဒီခေတ် ရန်ဖြစ်ရတဲ့အလုပ်လောက် ရှက်စရာကောင်းတာမရှိ၊ ဘာကြောင့်လဲ ဆေးရှင်

www.burmeseclassic.com



မိန်းမကိစ္စကြောင့်ဆို ပိုတောင် ရှက်ဖို့ကောင်းသေးသည်။ ပြဿနာက မလိုက်လို့ မကောင်းတော့တဲ့ အခြေအနေကြီး။ အဝတ်အစားတွေ ဝယ်ပေး၊ အစားအသောက်ကောင်းတွေ ဝယ်ကျွေး၍ ငြင်းရမှာ အားနာ မိတာထက် သူမကို မသိဆိုးဝါးစွာ ငြိတွယ်နေချင်သော သူ့နှလုံးသားကို အားနာနေခြင်းဖြစ်သည်။ သေချာသည်။ ငြင်းလိုက်လျှင် သူမမျက်နှာလေး လက္ကယ်ညနီးနီး ဖြစ်သွားမည်။

ကဲကွာ. . . ရန်ဖြစ်ကာမှဖြစ်ရော၊ သူ့မျက်နှာတော့ အညှိုးမခံနိုင်ဘူးဟု ဆုံးဖြတ်ကာ. . .

"အင်း. . . လိုက်ပေးမယ်လေ. . ဘယ်နေ့လဲ"

ဒီတော့မှ နေရီရီမျက်နှာလေး လင်းလက်လာပြီး ပြုံးရယ်ကာ

"ကျေးဇူးပဲ. . . လာမယ့် Sunday လေ၊ ကိုလပြည့် အိမ်လိပ်စာ ပေးခဲ့၊ ကျွန်မလာခေါ်မယ်"

"အာ. . . ကျွန်တော်တို့ရပ်ကွက်က ကားဝင်ဖို့ ခက်တယ် မနေရီရီရဲ့"

အမှန်တော့ သူ၏နုံချာမှုကို ထပ်ပြီးမမြင်စေချင်တော့၍ တမင်ပြောလိုက်ခြင်းဖြစ်သည်။

ကားက ပြည်ထောင်စုတံတားကြီးကနေ ပတ်ဆင်းပြီး ညာ ကားဂိတ်ဖက်မှ ရပ်ကွက်ထဲ ချိုးဝင်သောလမ်းက အဖြောင့်ကြီး။

"ရတယ်. . . ဘယ်လောက်ခက်ခက် ကျွန်မရောက်အောင် လာနိုင်တယ်၊ လိပ်စာသာ မှန်အောင်ပေး"

နေရီရီစိတ်ကို သူသဘောပေါက်နေပြီဖြစ်၍ ဆက်ငြင်းသည်း မထူး၊ ထို့ကြောင့် ကား ဝင်လမ်းထွက်လမ်း သာအောင် သေချာ လမ်းညွှန်ချရေးပြီးပြလိုက်ရတော့သည်။



www.burmeseclassic.com

www.burmeseclassic.com



"ဟင်. . . ဒါနဲ့ စောစောက ပြောတော့ ကားဝင်ရခက်တယ် ဆို"

"ကျွန်တော့်အိမ်က ဆင်းရဲတော့ ညည့်သည်ညည့်ခံရ ခက်လို့ပါ"

နေရီရီ အဓိပ္ပါယ်ပါသော အပြုံးတစ်ခုကို ပြုံးလိုက်ပြီးမှ. . .

"အရင်တုန်းကတော့ ကျွန်မ နည်းနည်းကြီးကျယ်တယ်၊ ကျောင်းတုန်းကဆို ဆင်းရဲတဲ့အတန်းဖော်မျိုးဆို သိပ်ပြီးအပေါင်းအသင်း မလုပ်ချင်ဘူး၊ အိမ်ထောင်ကျတော့လည်း သိန်းကို သောင်းနဲ့ ချီပြီး ချမ်းသာတဲ့မျိုးရိုးက ပေါက်ဖွားတဲ့ ကျော်ဇေယျလိုလူမျိုးကို လက်ထပ်ခဲ့တယ်. . .

အဲ့သလို ကြွယ်ဝပြီး အဆင့်မြင့်တဲ့ဘဝမှာ ကျွန်မ ရလိုက်တဲ့ ရလာဒ်က လူမှုရေး ဖောက်ပြန်မှုကို ခါးစည်းခံလိုက်ရတဲ့ မိန်းမ တစ်ယောက်ရဲ့ဒုက္ခ၊ သာယာချမ်းမြေ့မှု မရှိတဲ့ အိမ်ထောင်သည်ဘဝကို ကိုယ်ဝန်အရင့်အမာကြီးနဲ့ ဖြတ်သန်းခဲ့ရတဲ့ဒုက္ခ၊ လူမှုရေးမရှိ မိတ်ဆွေ စစ် မရှိ အထီးကျန်ဆန်မှုသက်သက်ပဲ ရှိနေတဲ့ ငြီးငွေ့ဖွယ်ရာ ဒုက္ခတွေ ပဲ တသီတပိုးကြီး ရလိုက်တာပါ။ သည်နောက်ပိုင်းတော့ ကျွန်မ အမြင့် ကြောက်တဲ့ရောဂါ ရလာသလိုပါပဲ. . .

အဟင်း. . ဟင်း. . တအားချမ်းသာပြီး တအားလူရည်သန့် တာကို မြင်လေ ကိုယ့်ရဲ့အတိတ်ခါးခါးကို မြင်ရလေပဲလေ. . . ဒါနဲ့ ကိုလပြည့်တို့က မိသားစု များလား"

"ကျွန်တော်တစ်ယောက်တည်းပါပဲ"

"ဩော်. . . မိဘတွေကရော. ."

"အမေကတော့ ကျွန်တော်ငယ်ငယ်ကလေးထဲက ဆုံးခဲ့တာပါ အဖေကတော့ ကျွန်တော်ကျောင်းပြီးတဲ့နှစ်မှာပဲ ဆုံးသွားတယ်"



www.burmeseclassic.com

www.burmeseclassic.com



"အင်း. . . ဒါဆို ရှင်လည်း အထီးကျန်ဆန်တဲ့ဒုက္ခကို ရင်ဆိုင်နေရမှာပဲနော်"

"မနေရီရီနဲ့ နှိုင်းစာရင်တော့ ကျွန်တော်က တကယ့်ကို အထီးကျန်အစစ်ပဲ"

"ဘာဖြစ်လို့လဲ. ."

"ကျွန်တော်က ယောကျ်ားလေ"

သူမ တစ်ချက်တွေသွားပြီးမှ သဘောပေါက်ကာ ရယ်တော့သည်။

"ကိုလပြည့်လည်း နောက်တတ်တယ်. . ကဲ. . ပြန်ကြမယ်၊ အခု ဆိုင်ပြန်ဖွင့်မှာလား"

"ပြန်တော့မယ်. . . ဒီအိတ်တွေအထုပ်တွေ မြင်လို့ ဘေးကလူတွေ လပြည့် ခွဲပေါက်တယ်ထင်ပြီး စပ်စုနေဦးမယ်"

"ဒါဆို ဟိုနေ့ကျရင် မျက်စိမလည်ရအောင် ဒီနေ့ အိမ်အထိ လိုက်ပို့ပေးမယ်"

"ဟာ. . . အားနာစရာကြီးဗျာ"

သူမ ပြုံးရုံသာ ပြုံးနေတာ ကျသင့်ငွေ ရှင်းလိုက်သည်။

ဆိုင်က ပြန်ထွက်လာပြီး ကားပေါ် ရောက်မှ. . .

"ကျွန်မပြောရမှာတော့ မရဲဘူး။ ဒါပေမယ့် ကိုလပြည့် ကူညီနိုင်မယ် ထင်တာပဲ"

"အင်း. . ပြောလေ"

"ဟို. . ဟိုလေ. . ဘယ်လိုပြောရမလဲ၊ အဲ့ဒီနေ့မှာ ကိုလပြည့်က ကျွန်မ. . ကျွန်မ. . အမျိုးသားတစ်ယောက်ပုံစံမျိုး. . လိုက်. . လိုက်လာပေးရမှာဆိုတော့. . ."



www.burmeseclassic.com

www.burmeseclassic.com



သူမ ဘယ်လိုခံစားရမည်တော့မသိ။ လပြည့် တော်တော် ရှက်သွားသည်။ သူမမျက်နှာကို ငေးကြည့်မိသောအကြည့်ကိုပါ လွဲယူပစ်ပြီး ပြန်မကြည့်ရဲတော့သလို ဟိုဟိုဒီဒီ လျှောက်ကြည့်ရင်း. . .

"အင်း. . ရ. . ရပါတယ်. . မနေရီရီ"

ထိုအခိုက် သူမထံမှ ခိခနဲ ရယ်သံတစ်ချက် ထွက်လာ၍ သူ ယောင်နန ပြန်လှည့်ကြည့်မိသည်။ သူမ ရယ်တော့၏။ အမှန်တော့ သူမလည်း ရှက်ရယ်,ရယ်ပုံရပါသည်။ သူလည်း အူတူတူနှင့် လိုက်ရယ် ဖြစ်တော့. . . မဆိုးပါဘူး၊ ရယ်လိုက်တော့လည်း ပေါ့ပေါ့ပါးပါး ဖြစ်သွားသား။ ဒါကြောင့် လူကြီးတွေ ရှက်လျှင် ရယ်တာဖြစ်လိမ့်မည်။

"ကျွန်မရှက်ဖို့လည်း ထားပါဦးလား ကိုလပြည့်ရယ်. . . ခိခိခိ. . အဟင်းဟင်း"

"အေးဗျာ. . . ကျွန်တော် နည်းနည်းလွန်သွားသလား မသိဘူး နော"

ရယ်ကြသေးတော့၏။

ရယ်ရင်းနှင့် သူ့ရင်ထဲ ကြည်နူးခြင်း၊ ရင်ခုန်ခြင်းတို့ ပေါင်းစုညွတ်နူးလာကာ တနင်္ဂနွေ တစ်ရက်တည်း မဟုတ်ဘဲ တစ်သက်လုံး သူမ၏အမျိုးသားအဖြစ် ဖြစ်ချင်စိတ်တွေ ရင်နှင့် မဆံ့အောင် ရှိနေလေတော့၏။

၅ ၅ ၅ ၅



www.burmeseclassic.com

www.burmeseclassic.com



**တစ်**လမ်းလုံးတော့ အပာုတ်သား. . . ထွေရာလေးပါး ပြောဆိုကြ၊ ရယ်မောကြနှင့် တစ်ခါတစ်ခါ ကိုယ့်ကိုယ်ကို ဘယ်အခြေအနေရောက်နေမှန်း မသိတော့ချင်အောင် မေ့မေ့သွားသေးသည်။

သေချာတာကတော့ ဇီးသီးသည် ကိုဖျိုင်းတော့ မဖြစ်သေး။ သူမလည်း ထို့အတူ၊ စတွေ့တာစ နေရီရီနှင့် ယခုနေရီရီ ဘယ်လိုမှ နှိုင်းယှဉ်ကြည့်လို့ မရအောင်ကို လွတ်လပ်ပေါ့ပါးကာနေသည်။

သို့သော် သူ့အိမ်ရှေ့ ကားရပ်ပြီး ကားပေါ်က ဆင်းမှ အပနား တို့အိမ်က အသံဗလံများကြောင့် သူမ အနည်းငယ် တွန့်ကာ ကားပေါ် တောင် ပြန်တက်ထိုင်တော့မလိုဖြစ်သွားသည်။

ခြောက်လက်မ စပီကာနှင့် ဆောင်းဘောက်နှစ်လုံးထဲက အသံတွေ အက်ကွဲထွက်လာအောင် ကုလားသီချင်းဖွင့်ထားပြီး အပနား မိန်းမနှင့် အပနားညီမတို့ အသံကုန်ဟစ်ကာ စကားများ ရန်ဖြစ်နေကြ



www.burmeseclassic.com

www.burmeseclassic.com



သည်။ ကိုယ်နားမလည်သော ဘာသာစကားနှင့် ဖြစ်သော်လည်း အော်ဟစ်ဆူပူမှုက လူမျိုးမရွေး၊ ဘာသာမရွေး နားလည်လွယ်သော ဘာသာဗေဒတစ်ခုဖြစ်ပါသည်။ ထို့ကြောင့် တွန့်ရွံ့နေသောသူမအား လပြည့်နှစ်သိမ့်စကားဆိုကာ အိမ်ပေါ် ခဏဝင်ထိုင်ဖို့ ဖိတ်ခေါ်ရ၏။

"ဒါ. . ကျွန်တော့်ရပ်ကွက်ရဲ့အချိုမြိန်ဆုံးသံစဉ်လေ၊ ကျွန်တော့်အတွက်တော့ ကုလားကား ကြည့်တဲ့အိမ်က ကြားရတဲ့အသံနဲ့ သီချင်းဖွင့်လို့ ကြားရတဲ့အသံဟာ ရန်ဖြစ်တဲ့အသံနဲ့ အတူတူပဲလို့ ခံစားမိလို့ ရိုးနေပါပြီ၊ လာလေ. . ရောက်မှတော့ ခဏလောက် ဝင်ထိုင်လိုက်ပါဦး"

"ဟုတ်. . ဟုတ်ကဲ့ရှင့်. ."

တံခါးသော့ဖွင့်၍ တက်သွားသော လပြည့်နောက်မှ သူမလိုက်တက်လာပြီး အိမ်ရှေ့ဧည့်ခန်းထဲ ခင်းထားသော ထန်းလက်ထိုင်ခုံတွေမှာ ဝင်ထိုင်လိုက်သည်။ ဧည့်ခန်းလေးထဲ ဘုရားစင်၊ စာအုပ်စင်နှင့် သူမထိုင်သောခုံတွေအားလုံး ကြီးကျယ်ခမ်းနားမှု မရှိသော်လည်း သပ်ရပ်ရှင်းသန့်ကာနေသည်။ ဘုရားပန်းတွေက လဲထားတာ ကြာသေးပုံ မပေါ်သဖြင့် ပွင့်လန်းကာ သပ္ပါယ်ကြည်ညိုဖွယ်ရာပင် ကောင်းသေးတော့၏။

လပြည့် အိမ်ထဲ ဝင်သွားပြီး ခဏကြာတော့ ကော်ဖီဘန်းနှင့် ရေနွေးအိုး ကိုင်ကာ ပြန်ထွက်လာသည်။

"ကော်ဖီလေးတော့ သောက်သွားပါဦးနော်"

"ကျေးဇူးပဲ. . . ကျွန်မ ကော်ဖီကြိုက်တယ်၊ ကိုလပြည့် တို့ဘာသာ ချက်စားတာပဲလား"

"အင်း. . . ဆိုင်စားကတော့များပါတယ်၊ ကိုယ့်ဘာသာလည်း



www.burmeseclassic.com

www.burmeseclassic.com



ချက်စားဖြစ်တယ်"

"အဟင်းဟင်း. . . ကျွန်မ ထမင်းဟင်း မချက်တတ်ဘူး"

"ကျွန်တော်ချက်ကျွေးရမလား"

"ရှင်. ."

သူမထံမှ အိုးတိုးအန်းတန်း အမူအရာကို မြင်လိုက်မှ လပြည့်သူ့စကားတစ်ခွန်း၏ခရီးအဆုံးကို လှမ်းမြင်လိုက်ရပြီး ကြက်သီးမွေးညင်း ထသွားကာ. . .

"ကျွန်တော်က ဝါသနာပါတယ် မနေရီရီရဲ့၊ အိမ်မှာ ဟင်းချက်နည်းစာအုပ်တွေ ရှိတယ်၊ ကျွန်တော် အဲ့ဒါကို ကြည့်ချက်ပြီး ကိုယ်လည်းစား၊ ဘေးအိမ်တွေကိုလည်း စားမြည်းလိုက်ဝေပေးတာ၊ သူတို့က အစွလာမ်ဘာသာတွေဆိုတော့ ကျွန်တော့်ဟင်းကို မစားကြဘူး၊ ဒါပေမယ့်. . . ကောင်းတယ်လို့ ပြောကြတယ်"

"ဟင်းမစားဘဲနဲ့ ဘယ်လိုကောင်းတာလဲ"

"အားနာပြီး ပြောပေးတာလေ. . . အဟဲဟဲ"

သူမ ခိခနဲ ရယ်ပြီး တစ်ဖက်လှည့်ကာ ပခုံးလေးတွန့်၊ ခေါင်းလေး ငုံ့ကာ ထပ်ရယ်သည်။

"ကျေးဇူးပဲ. . . ကျွန်မ အဲ့သလို ပေါ့ပေါ့ပါးပါး မရယ်ဖြစ်တာ ဘယ်လောက်တောင် ကြာခဲ့ပြီလဲ မသိဘူး၊ ဩော်. . . မေ့နေလိုက်တာ၊ တနင်္ဂနွေနေ့ကိစ္စ ပြီးရင် အိမ်က သားတော်မောင်ကိစ္စ လိုက်ရှင်းပေးဦး"

"ဗျာ. . . ဘာကိစ္စလဲ မနေရီရီ"

"ရှင် သူ့ကို ရေခဲပိုးမျှင်နဲ့ ရက်ထားတဲ့ ကိုယ်ကျပ်အင်္ကျီ ပေးမယ်လို့ ပြောထားတယ်ဆို၊ အဲ့ဒီအင်္ကျီက ကျည်ဆန်မတိုးဘူးဆိုလို့ သူလိုချင်တယ်တဲ့၊ အဲ့ဒါ ရှင့်ဆီကို လိုက်ပို့ခိုင်းဖို့ တဂျီဂျီ ပူဆာနေတယ်"



www.burmeseclassic.com

www.burmeseclassic.com



လပြည့် အတော့်ကို စဉ်းစားယူရပြီးမှ သတိရသွားတော ရယ်ပါသည်။

"ဒုက္ခပဲ. . . ကလေးကို ညာပြောသလို ဖြစ်တော့မှာပဲ၊ အဲ့ဒီတုန်းက ဟိုအနုကြမ်းစီးတဲ့ကောင်က သေနတ်အတုကြီးနဲ့ ခြိမ်းခြောက်တာကို ကျွန်တော်ကာကွယ်လိုက်နိုင်တယ် မဟုတ်လား၊ ဒါပေမယ့် သားငယ်က အဲ့ဒီသေနတ်ကို အရမ်းကြောက်သွားတယ်၊ ရဲတွေလက်ထဲက သေနတ်ကိုပါ ကြောက်နေလို့ ကျွန်တော် စိတ်ဓါတ်မြှင့်တင်ရေး လုပ်ပေးလိုက်မိတာ. . ဩော်. . ဟုတ်ပါရဲ့"

"မသိဘူး. . . ရှင့်ဘာသာ ကျေနပ်အောင်သာ လုပ်ပေးလိုက်တော့"

"အင်းပါဗျာ. . . ကျွန်တော်လည်း သားငယ်နဲ့ တစ်ခါလောက်တွေ့ချင်ပါသေးတယ်"

"ဗျို့. . ရာအိမ်မှူး. . ရာအိမ်မှူး ကိုလပြည့် ရှိလားဗျ"

အိမ်ရှေ့က ခေါ်သံကြောင့် သူရော နေရီရီပါ လှမ်းကြည့်လိုက်တော့ ရပ်ကွက်ဥက္ကဋ္ဌ ဦးချန်ဒရား၊ ထို့ကြောင့် လပြည့် အိမ်ပေါက်ဝထွက်ပြီး. . .

"ရှိတယ် ဥက္ကဋ္ဌ. . လာလေဗျာ."

ဦးချန်ဒရား သုတ်သီးသုတ်ပြာ ဝင်လာပြီး အိမ်ပေါ်မှာ နေရီရီရှိနေတာ တွေ့မှ ကိုယ်ရှိန်သတ်ပြီး ခုံလွတ်တစ်လုံးမှာ ဝင်ထိုင်သည်။ ထို့နောက် ခါးကြားထဲက လက်ကိုင်ပုဝါ ဆွဲထုတ်၍ နဖူးပေါ်က ချွေးသီးတွေအား ဘေးတိုက်သုတ်ချပြီး. . .

"ခင်ဗျားအပိုင်ထဲမှာ ပြဿနာဖြစ်ပြန်ပြီ. . . ညနေ(၆)နာရီမှာ ရုံးဖွင့်မယ်၊ အဲ့ဒီအချိန်ကျမှ လာရှင်းလို့ ပြောတာလည်း မရဘူး အခု



www.burmeseclassic.com

www.burmeseclassic.com



ရှင်းပေးချည်း လုပ်နေတယ်"

"ဘာပြဿနာလဲ ဥက္ကဋ္ဌ"

"ခါတွန်နီ သရဲပူးတဲ့ညက (၂)လမ်းထဲက ဟာရှင့်အိမ်မှာ ပြင်ဖို့လာပို့ထားတဲ့ (၁၄)လက်မ ဆိုနီတီဗွီတစ်လုံး အခိုးခံလိုက်ရတယ်၊ တီဗွီက (၃)လမ်းထဲက အဘိုင်ရဲ့တီဗွီ၊ အဲ့ဒါ အဘိုင်က ဟာရှင့်ဆီမှာ အလျော်တောင်းတယ်၊ ဟာရှင်က (၃၄)လမ်းထဲက ကိုခင်ဇော်နှင့်ညီများဆိုင်မှာ တီဗွီပြင်နေတာ မဟုတ်လား၊ အဲ့ဒီကနေ ဆိုနီအပျက်တစ်လုံးယူပြီး အလျော်ပေးလိုက်တယ်၊ အဲ့ဒါကို အဘိုင်က မကျေနပ်လို့ ဟာရှင့်ကို ငါ့ဆီမှာ လာတိုင်တယ်"

"ဩော်. . ဒါများ ဥက္ကဋ္ဌရယ်. . "

"နေဦး. . . မပြီးသေးဘူး အခိုးခံရတဲ့ တီဗွီက (၈)လမ်းထဲက ဒေါ်ခါတမာ အိမ်မှာ ရှိနေတာ အဘိုင့်သားက တွေ့လာတယ်၊ မေးကြည့်တော့ ဟာရှင်က တန်တယ် ဝယ်ထားလိုက်ပါဆိုပြီး လူလွှတ်ရောင်းခိုင်းလို့ ဒေါ်ခါတမာက ဝယ်ထားလိုက်တာတဲ့၊ အဲ့ဒါကို ဟာရှင်သိသွားတော့ ဒေါ်ခါတမာကို သူခိုးလက်ခံဆိုပြီး ငါ့ကို ပစ္စည်းသိမ်းပေးဖို့လာပြောတယ်၊ သူရောင်းခိုင်းတာ မဟုတ်ဘူး၊ ခါတ်သိသူခိုး လာခိုးပြီး သူ့နာမည်ကို လုပ်စားသွားတာလို့ ဆိုတယ်၊ အဲ့ဒါကို ရှင်းပေးရမယ်တဲ့ကွာ. . ပြဿနာ. . ပြဿနာ. . "

ဒီတစ်ခါတော့ လပြည့် ခေါင်းတွေ ကုတ်ပြီး ဘာပြောရမှန်းမသိအောင်ဖြစ်သွားသည်။ နေရီရီလည်း နားထောင်ရင်း ဦးနှောက်ခြောက်သွားပုံရပါသည်။

"ကျွန်မ ပြန်တော့မယ်"

"အင်း. . . အားနာလိုက်တာ မနေရီရီရယ်"



www.burmeseclassic.com

www.burmeseclassic.com



"ရပါတယ်. . . ကိုလပြည့် ပြဿနာပဲ အဆင်ပြေအောင် ရှင်း ပေးလိုက်ပါ"

လပြည့် သူမကို ခြံဝအထိ လိုက်ပို့ပေးခိုက် အပနားတို့အိမ်ပေါ် မှ သမီးယောက်မနှစ်ယောက် လုံးထွေးသတ်ပုတ်ရင်း အိမ်ပေါ်မှ ထွက် ကျကာ မြေကြီးပေါ် ရောက်လာသည်။ တစ်ယောက်က လုံချည်တောင် ပါမလာ။ နေရီရီ မျက်လုံးပြူးကာ ကြောင်ကြည့်နေသဖြင့် လပြည့်က ပြန်ဖို့ သတိပေးပြီး ကားကို မောင်းထွက်ခိုင်းလိုက်လေသည်။ သူမကား လေး ထွက်သွားမှပင် လပြည့် အိမ်ရှေ့တိုင်ကီထဲက ရေတစ်ပုံး ခပ်ယူ လာပြီး မြင်နေရသော မည်းမည်းလုံးလုံးကြီး ဝုန်းခနဲ လောင်းပက်လိုက် တော့၏။



www.burmeseclassic.com

www.burmeseclassic.com

တစ်ခါတုန်းက...ဆရာဝန်တစ်ယောက်ဆီကို
ထူးဆန်းတဲ့လူတစ်ယောက် ရောက်လာတယ်။
"ဆရာ ကျွန်တော် ရည်းစားစကား မပြောတတ်လို့
လျှာပြတ်လဲချင်လို့ပါ" တဲ့။
ဆရာဝန်ဟာ အပြုံးမပျက်ဘဲ လူနာကို
ကုထုံးလမ်းညွှန် ပေးလိုက်တယ်။
"စိတ်မပူပါနဲ့ ကျွန်တော်လည်း ခင်ဗျားလို ဖြစ်ဖူးတယ်၊
ခုတော့ မိန်းမရပြီး ကလေးတောင် ရနေပါပြီ၊ လုပ်ရမယ့်
လေ့ကျင့်ခန်းက မိန်းကလေးမြင်ရင် လျှာကို လိပ်ထားပါ၊
စိတ်က သူ့အလိုလို ရှိတ်လာပါလိမ့်မယ်" တဲ့။
လူနာဝမ်းသာပြီး အကြံပြုခ ပေးပြီး ပြန်သွားတယ်။
လူနာပြန်သွားမှ ဆရာဝန်လည်း သူ့အိတ်ကပ်ထဲက စာရွက်
တစ်ရွက် ထုတ်ကြည့်ပြီး ပြုံးလိုက်တယ်။
(တော်သေးတယ်...ငါလည်း အရှုံးလက်မှတ် ရထားဖူးလို့
ဒီလူနာကို ကောင်းကောင်းဂရုစိုက်လိုက်နိုင်တယ်)



www.burmeseclassic.com

www.burmeseclassic.com



# အခန်း(ကိုး)

ဖိတ်စာဖတ်ပြီး တောက်ခေါက်သံကြောင့် သဒ္ဒါ စာဖတ်နေရာမှ အထိတ်တလန့် လှည့်ကြည့်သည်။

"ဘာဖြစ်တာလဲ ညီမလေး"

"ကျော်ဇေယျလေ. . . ညီမလေးကို သက်သက်လာပြီး အရှုပ်လုပ်တာ၊ အရှက်ကို မရှိဘူး"

နေရီရီ စူပွပွ လုပ်ကာ ပြောရင်းက သူမအခန်းထဲ ဝင်သွားပြီး ဖိတ်စာတစ်စောင် ယူကာ ထွက်လာသည်။ ထို့နောက် စားပွဲပေါ်၌ ရှိနေသော သဒ္ဒါ့နာမည်နှင့် လာပို့ထားသော ဖိတ်စာနှင့် ယှဉ်တွဲတိုက်ကာ



www.burmeseclassic.com

www.burmeseclassic.com



သဒ္ဒါ့ထံ ပေးလိုက်သည်။

"အဲ့ဒီမှာ မမကြည့်လိုက်လေ၊ ဟိုကျက်သရေတုံးဖိတ်စာနဲ့ မမဖိတ်စာက မင်္ဂလာနေရာ၊ နေ့ရက်၊ အချိန်အားလုံး အတူတူပဲ. . ."

"နေပါဦး. . . မမကြည့်ပါဦးမယ်"

သဒ္ဒါ ဖတ်လက်စ စာအုပ်ကို ချပြီး ဖိတ်စာနှစ်စောင် တိုက်စစ်ကြည့်လိုက်သည်။ ထို့နောက် သဒ္ဒါက သူမဖုန်းကို ဖွင့်ကာ ခေါ်လိုက်ပါသည်။

"ဟဲလို မီမီ. . . ငါပါ သဒ္ဒါပါ"

". . . . . . . . . . ."

"အေးဟယ်. . . မင်္ဂလာဆောင်ကိစ္စ မေးချင်လို့၊ စင်ထရယ်မှာ နင်တို့နဲ့ တစ်ချိန်တည်း ယှူမယ့် တခြားအခမ်းအနားရော ရှိလားလို့ မေးချင်တာလေ"

". . . . . . . . . ."

"ဟုတ်လား. . . အိုခေ၊ ကျေးဇူးကွယ် ဒါပဲနော်"

သဒ္ဒါ ဖုန်းပိတ်ပြီးမှ ပြုံးလိုက်ကာ. . .

"ကျော်ဇေယျ လာနောက်သွားတာပဲ"

"ဟုတ်တယ်မလား. . . ဘာတဲ့လဲ"

"မမသူငယ်ချင်းက စင်ထရယ်ကို ညပိုင်းအတွက်ပါ ပုဒ်ပြတ်ငှားထားတာတဲ့၊ သူတို့ကလွဲလို့ တခြားအစီအစဉ် ဘာမှမရှိဘူးတဲ့၊ အဟင်း. . . ဟင်း"

"သေနာကျ သေနာကောင်ကြီး. . . တွေ့မှ လည်ပင်းလိမ်ချိုးပစ်ဦးမယ်"

"အို. . . ညီမလေးရယ်၊ မဟုတ်တော့ ပိုမကောင်းဘူးလား။



www.burmeseclassic.com

www.burmeseclassic.com



ဟုတ်နေရင် မခံချင်စိတ်နဲ့ လက်ဖွဲ့နေရဦးမယ်၊ ခုတော့ သက်သာတာ ပေါ့"

"မကောင်းဘူး မမရဲ့၊ ညီမလေး အစီအစဉ်တွေအားလုံး လုပ်ပြီးထားပြီ"

"ဟဲ့. . . ဘာအစီအစဉ်လဲ"

သူမ လွှတ်ခနဲ ပြောမိပြီးမှ လွန်သွားသောစကားအတွက် ပြန်နှုတ်ရ ခက်ကာ အိုးတိုးအတနှင့် ဖိတ်စာနှစ်စောင်လုံးကို ယူကာ သူမအခန်းထဲ ပြန်ဝင်သွားလေသည်။

မမသဒ္ဒါ ဘာတွေ တွေးနေမလဲ၊ သူမစိတ်ထဲ ဒေါသလည်းဖြစ်၊ ရှက်ရွံ့စိတ်ကလည်း ကတုန်ကယင် ဖြစ်နိုင်လွန်းနေ၍ ခုတင်ပေါ် ပစ်လှဲကာ ခေါင်းရင်းစားပွဲပေါ်က ဖုန်းကို လှမ်းယူလိုက်သည်။

လပြည့်ဆီ ဖုန်းနှင့် လှမ်းပြောရင် ကောင်းမလား၊ ထို့နောက် လပြည့် ဖုန်းနံပါတ် ပေးထားတာ သတိမရသဖြင့် ဖုန်းပြန်ချထား လိုက်ကာ ဖက်လုံးဆွဲ၍ မျက်နှာဝှက်ကာ အိပ်ပစ်လိုက်တော့သည်။

ထမင်းစားပြီးစ အချိန်ဖြစ်၍ နေရီရီ အလွယ်တကူပင် အိပ်ပျော်သွားခဲ့သည်။

နေ့လည်(၂)နာရီလောက် ပြန်နိုးလာတော့ အိပ်မှုန်ထ ရီဝေဝေ ခံစားမှုက ဤစိတ်ထဲမှာ ရှင်းလင်းနေသဖြင့် ရေမိုးချိုးပြီး သားကို ကျောင်းကြိုမည်ဟု ဆုံးဖြတ်ကာ ပြင်ဆင်လေသည်။

သဒ္ဒါ ခြံထဲ ရှိနေခိုက် ခြံရှေ့တံခါးဝက ခေါ်သံကြောင့် သဒ္ဒါ ဗိုးချဲလေးကို တွန်းကာ သွားကြည့်သည်။

ကော်လာတုံးအဖြူ နက်ပြာရောင် အကွက်စိပ် ညည်ချော လုံချည်နှင့် သပ်ရပ်ရည်မွန်သော လူငယ်လေးတစ်ယောက်ဟု အတွဲ



www.burmeseclassic.com

www.burmeseclassic.com



ခတ်မိပြီး သေချာကြည့်မှ လပြည့်ဖြစ်မှန်း မှတ်မိသွားကာ. . .

"ဩော်. . . ကိုလပြည့်"

"ဟုတ်ကဲ့ မသဒ္ဒါ၊ မနေရီရီ ရှိလားခင်ဗျာ"

"ရှိတယ်. . . သူ့သား ကျောင်းကြိုသွားဖို့ ပြင်နေတယ်လေ၊ ခဏလေးနော်. . . ကျွန်မ ခြံတံခါး ဖွင့်ပေးမယ်"

ထို့နောက် သဒ္ဒါက ခြံအတွင်းဘက်ရှိ သော့သိမ်းသော ဘုရားမှ သော့ကို ယူကာ သော့ဖွင့်ပေးသည်။ ဒါကိုကြည့်ပြီး လပြည့် စိတ်ထဲ တရှဏာသက်မိသည်။

လှပတင့်တယ်သော ရုပ်ရည်လေးနှင့် မစွမ်းမသန် ဖြစ်နေရရှာသော သဒ္ဒါကို ဟိုတစ်ခါ ကားပေါ်မှာ အတူဆုံခဲ့စဉ်က ဒီလိုဘဝမျိုး ရှိလိမ့်မည်ဟု လုံးဝထင်မထားခဲ့။

"ဝင်လေ ကိုလပြည့်"

"ဟုတ်ကဲ့ခင်ဗျာ. . . ဟို. . မသဒ္ဒါရဲ့ ဗိုးချဲကို ကျွန်တော် တွန်းလာမယ်နော်"

"အို. . . မဟုတ်တာ၊ သဒ္ဒါ ဒီလိုပဲ သွားနေကျပါ. . . ရပါတယ်"

"ကျွန်တော့်အတွက် အပန်းမကြီးပါဘူးဗျာ"

ထို့နောက် လပြည့်က စက္ကူအိတ်နှင့် သပ်ရပ်စွာ ထည့်ယူလာသော စာအုပ်တွေကို သဒ္ဒါလက်ထဲ ထည့်ပေးလိုက်ရင်း. . .

"ဒါ မသဒ္ဒါ ဖတ်ဖို့ ယူလာတာ"

"ဟုတ်လား. . . ကျေးဇူးပဲ"

သဒ္ဒါ စာအုပ်တွေ ဝမ်းသာအားရ ထုတ်ယူကြည့်နေတုန်းမှာပဲ လပြည့်က ဗိုးချဲကို အသာအယာပင် တွန်းယူလာခဲ့သည်။ ဒါကို သား



www.burmeseclassic.com

www.burmeseclassic.com



ကျောင်းကြိုဖို့ ထွက်လာသော နေရီရီ လှမ်းမြင်ပြီး အံ့အားသင့်သွားသည်။ မမသဒ္ဒါ၏ဝိုးခဲ့အား တွန်းပေးနေသည့် လပြည့်ကိုပင် စိတ်ထဲ တစ်မျိုးကြီး ဖြစ်သွားမိသည်။

သို့သော် ချက်ချင်းပင် စိတ်ကို ပြုပြင်နိုင်ကာ ပြုံးရွှင်စွာ နှုတ်ဆက်လိုက်ပါသည်။

"ကိုလပြည့်ပါလား"

"ဟုတ်ကဲ့ မနေရီရီ၊ ဒီမှာ သားငယ်ကို အနှစ်တစ်ထောင် ရေခဲပိုးမျှင်နဲ့ ရက်လုပ်ထားတဲ့ ကိုယ်ကြပ်အင်္ကျီ လာပို့တာလေ"

"ဟုတ်လား. . . ဘယ်မှာလဲ၊ နေရီရီ့ကို ပြပါဦး"

ပြောရင်း လပြည့် သှမ်းပေးသော စက္ကူအိတ်ထဲ ချောင်းကြည့်ပြီး နှိုက်ယူကာ ဖြန့်ကြည့်လိုက်သည်။ လပြည့်က. . .

"ကလေးကို ညာသလို ဖြစ်မှာစိုးလို့၊ ဒါက တရုတ်က လုပ်တဲ့ ကလေးဝတ် ကျည်ကာအင်္ကျီလေ၊ တော်တော်ကို ရှာရှာဖွေဖွေ ရှာပြီး ဝယ်လာရတာ"

"ဩော်. . . ဒုက္ခပါပဲ၊ ဘယ်လောက်ပေးရလဲဟင်"

"ရပါတယ်. . . သားငယ်ကို ကျွန်တော် ပေးချင်လို့ပါ၊ အဲ့ဒီထဲမှာ ကော်စေ့နဲ့ ပစ်တဲ့ သေနတ်တောင် ပါသေးတယ်"

"အင်း. . . ကိုလပြည့်ကတော့ ကျွန်မသားကို လူကြမ်းစိတ်ကြမ်းဖြစ်အောင် လုပ်တော့မယ်ထင်တယ်"

"ဒါပေမယ့် သူ့စိတ်ထဲက ကြောက်စိတ်ကို ဖယ်ရှားပစ်သင့်တယ်၊ မဟုတ်ရင် ယောကျ်ားတစ်ယောက်အတွက် အဲ့ဒီစိတ်တ[illegible]မကောင်းဘူး"

"ကောင်းပါပြီရှင်. . . ကဲ. . . ကျွန်မ ကလေးသွားကြိုမယ်လို့




www.burmeseclassic.com

www.burmeseclassic.com



အိမ်က စောင့်မလား လိုက်ခဲ့မလား”

“အင်း. . . လိုက်ခဲ့မယ်လေ”



လပြည့် လိုက်မယ်ဆိုမှ သူမစိတ်ထဲ မသိမသာလေး ကျေနပ်မှု ဖြစ်ခြင်းအတွက် သူမဘာသာ ရှက်သွေးကာ ကားဆီ လျှောက်လာခဲ့သည်။

ငါ ဘာဖြစ်နေတာလဲ၊ သူနေခဲ့တော့ရော ဘာဖြစ်လဲ၊ ဒုက္ခပဲ၊ ငါ. . ငါ. . သူ့ကိုများ။

ထိုအတွေးက သူမစိတ်ကို ပို၍တင်းကျပ်သွားစေကာ ဂီယာ မဖြုတ် ကလပ်ချ်မနင်းပဲ ကားစက်နှိုးမိသည်အထိ အယောင်ယောင် အမှားမှား ဖြစ်ကုန်သည်။

ဝန်ခံရလျှင်တော့ လပြည့်ကို သူမ စိတ်သာယာမိတာ အမှန် ပင်၊ ဒီနေ့လို သပ်ရပ်ရိုးရှင်းစွာ မြင်လိုက်ရတော့ သူမစိတ်ကို ပို၍လှုပ် ခတ်သွားစေသည်။

ဆွဲဆောင်မှု ရှိသည်ဟု ဆိုရမည်၊ စတွေ့ကတည်းက အနည်း



www.burmeseclassic.com

www.burmeseclassic.com



ငယ် ထူးဆန်းသော စရိုက်နှင့် စတင် လွှမ်းမိုးခြင်း ခံလိုက်ရတာတို့တ ထက်မြက်သော သူမ၏စိတ်ခွန်အားတွေ လပြည့်ရှေ့မှာ တုံးအ ခဲ့တာ သေချာသွားသည်။

မိန်းမလို မိန်းမရ နိုင်လွန်းသော ကျော်ဇေယျ၏စရိုက်နှင့် ယှဉ်ကြည့်ပြီး လပြည့်၏ ယောက်ျားပီသစွာ ရိုးသားကြွံခိုင်သော စိတ် ဓါတ်အား အထင်းသား မြင်ယောင်လာရသည်။

ပြီးတော့ ခွင့်လွှတ်သည်းခံပြီး လိုအပ်လျှင် ရဲရင့်ပြတ်သား သော အမူအကျင့်မျိုး။

သူမ ရင်ဖိုစွာ ပင့်သက်တစ်ချက် ရှိုက်သွင်းရင်း ကားကို ဘတ် ဆုတ်ကာ ခြံလမ်းပေါ် ကွေ့တင်လိုက်သည်။

လပြည့်က မမသဒ္ဒါအား ယဉ်ကျေးစွာနှုတ်ဆက်ပြီး သူမ ကား ရှိရာ လျှောက်လာခဲ့သည်။

လမ်းပေါ် ပုံမှန်အရှိန်ကလေးနှင့် မောင်းလာပြီးမှ နေရီရီက. .

"ကိုလပြည့်ကို အားနာနာနဲ့ပဲ ပြောရဦးမယ်"

"အင်း. . . ပြော"

"တနင်္ဂနွေနေ့ အစီအစဉ် မဖြစ်တော့ဘူး၊ ဖိတ်စာက အင်ကြီး လေ၊ ကျော်ဇေယျ အရှက်မရှိတဲ့စရိုက်နဲ့ ကျွန်မကို အရှက်ခွဲဖို့ ကြံစည် လိုက်တာ"

"ဟင်. . . အဲ့ဒါဆို အဝတ်အစားတွေက"

"အဟင်းဟင်း. . . ကိုလပြည့် ဝတ်လိုက်ပေါ့၊ ကျွန်မရဲ့ လက် ဆောင်လို့ပဲ သဘောထားလိုက်လေ"

လပြည့် ဘာပြန်ပြောရမှန်း မသိအောင်ပင် ဖြစ်သွားခိုက် သူမ က နာရီတစ်ချက်ကြည့်ပြီး. . .



www.burmeseclassic.com

www.burmeseclassic.com



"သားတော သုံးနာရီခွဲမှ လွှတ်မှာဆိုတော့ အချိန်ရသေးတယ်၊ အအေးဆိုင်ဖြစ်ဖြစ် ထိုင်ကြမလား"

"ကျွန်တော် အအေးမကြိုက်ဘူး မနေရီရီရဲ့၊ လက်ဖက်ရည်တော့ ကြိုက်တယ်"

"ဒါဆို လက်ဖက်ရည်ဆိုင် ထိုင်လေ၊ ကျွန်မက ကော်ဖီသောက်တာပေါ့"

"ကောင်းသားပဲ"

သူမ ရွေးချယ်သောဆိုင်မှာပင် ထိုင်ဖြစ်ကြပါသည်။

စားပွဲထိုးလေးက လက်ဖက်ရည်နှင့် ကော်ဖီကို သူတို့နှစ်ဦးအတွက် နေရာမှားကာ ချထားခဲ့၍ လပြည့် ပြန်ရွှေ့လဲလှယ်ပေးရင်း. .

"မနေရီရီ အိမ်ထောင်မပြုတော့ဘူးလား"

လပြည့်၏ရုတ်တရက် အမေးစကားကြောင့် နေရီရီ မျက်လုံးလေး ဝိုင်းသွားပြီးမှ ဣန္ဒြေရရလေး ပြုံးကာ. . .

"ဘာဖြစ်လို့ မေးတာလဲဟင်"

"ဩော်. . . စိုင်းထီးဆိုင်ရဲ့သီချင်းထဲမှာတောင် ထည့်ဆိုထားတယ် မဟုတ်လား၊ တံခွန်မရှိတဲ့ရထား၊ လင်မရှိတဲ့မိန်းမဆိုတာ မတင့်တယ် မပြည့်စုံဘူးတဲ့၊ ပြီးတော့ သားယောကျ်ားလေးအတွက် စံနမူနာယူစရာ ဖခင်ကောင်းတို့ စရိုက်လက္ခဏာ၊ ဒါတွေ လိုအပ်မယ်လေ. . . အဲဒါကြောင့်ပါ"

"နေပါဦး. . . ကျွန်မကိုတော့ မေးပြီး ကိုလပြည့်ကရော ဘာလို့ အိမ်ထောင်မပြုသေးတာလဲ"

"အကြိုက်မတွေ့သေးလို့"

"ခုထက်ထိကို မတွေ့သေးတာလား"



www.burmeseclassic.com

www.burmeseclassic.com



လပြည့် ပြောဖို့ ချိတုံ့ချတုံ ဖြစ်နေခြင်းအား သူမ မရိပ်မိအောင် အပြုံးနှင့် ကာကွယ်ပြီး လက်ဖက်ရည်တစ်ငုံလောက် ယူသောက်သည်။ ပြီးမှ. . .

"ခုတော့ တွေ့ပါပြီ၊ မပြောရဲလို့ ဒီအတိုင်း ကြည့်နေရတာ"

သူမ ရင်ထဲ ဖိုခနဲဖြစ်ပြီး ချက်ချင်းပင် တခိခိ ရယ်၍. . .

"သတ္တိနည်းလိုက်တာ၊ ဘယ်သူလဲ. . . ကျွန်မ ပြောပေးမယ်လေ"

"တကယ်လား"

"တကယ်ပေါ့"

BURMESE CLASSIC

"အမှန်တော့ ကျွန်တော် သတ္တိရှိပါတယ်၊ လွတ်လပ်တဲ့ ယောကျ်ားတစ်ယောက်အနေနဲ့ သဘာဝတရားအတိုင်း လွတ်လပ်တဲ့ မိန်းမတစ်ယောက်ကို ချစ်မိကြိုက်မိတာ အပြစ်ကျူးလွန်တာ မဟုတ်ပါဘူး၊ သဘာဝအတိုင်း ရိုးသားစွာ ပြုမူမိတာပါ။ အဲ့ဒါကို မနေရီရီ လက်ခံလား"

နေရီရီ တွေးဆသလို ခဏငြိမ်သွားပြီးမှ ခေါင်းညိတ်ပြသည်။

"ကောင်းပြီဗျာ. . . ကျွန်တော့်အနေနဲ့ ကျွန်တော်ချစ်တဲ့ မိန်းမတစ်ယောက်ကို ချစ်တယ်လို့ ဖွင့်ပြောဖို့ အနည်းဆုံး ခင်မင်ရင်းနှီးမှုကိုတော့ အခွင့်ကောင်း ယူရမှာပဲ မဟုတ်ဘူးလား၊ မခင်ဘဲ မရင်းနှီးဘဲ ပြောရင် ဘယ်အဆင်ပြေချောမွေ့တော့မလဲ မဟုတ်ဘူးလားဗျာ"

"အင်းပေါ့"

"အဲ့ဒီအယူအဆဟာ ရိုးသားရဲ့လား မနေရီရီ"

"မရိုးသားစရာ ဘာရှိလဲ. . . ရှင်းနေတာပဲဟာ"

"ဒါဆို မနေရီရီကို ကျွန်တော်ချစ်တယ်"



www.burmeseclassic.com

www.burmeseclassic.com



"ရှင်. . ."

သူ့အတွက်တော့ ပြောပြီးသားစကား အမှားဖြစ်လျှင် သမ္မတအိုဘားမားလို နှင်းဆီဥယျာဉ်ထဲ ခေါ်ပြီး ဘီယာတိုက် နှစ်သိမ့်ပေးဖို့ အခွင့်အရေး မရှိမှန်း သိသော်လည်း ဒီနေ့ စကားပြောမည်ဟု ဆုံးဖြတ်ပြီးမှ သူမထံ ရောက်လာခဲ့ခြင်းဖြစ်၍ လုံးဝနောင်တမရသူတစ်ယောက်လို လက်ဖက်ရည်ကိုသာ ငုံ့သောက်နေမိသည်။

နေရီရီကတော့ ရင်တွေ တဒိန်းဒိန်း ခုန်ကာ ထိုင်နေရာက ထပြေးချင်စိတ်ကို မနည်းမျိုသိပ်နေရသည်။

ဘုရားရေ. . . တကယ့် လူလည်ကြီး။

ငါ့ကို စကားလုံးတွေနဲ့ သက်သေထူ အပိုင်ချုပ်ပြီးမှ ရည်းစားစကားပြောတာ၊ သူမ ရှက်ပြာကာ တွေးပြီး ဒေါသတောင် ထွက်ချင်လာမိသည်။

BURMESE CLASSIC

ထိုအခိုက်မှာပင် လပြည့် လက်ဖက်ရည် ငုံ့သောက်နေရာမှ မော်ကြည့်ပြီး ပြုံးသဖြင့် သူမ၏နှလုံးသွေးများ နွေးဖြာကုန်ကာ လိုက်ရယ်မိသွားသည်။

ရယ်မိခြင်းကိုလည်း ဒေါသထွက်ပါသည်။ သို့သော် ထိုမကျေနပ်မှု ရှက်ရွံ့မှု ဒေါသဖြစ်မှုတွေထဲ ကြည်နူးမှု တစ်ချို့က ကန့်လန့်ကန့်လန့်နှင့် ပါလာ၍ သူမ ဆက်ပြီးမထိုင်ရဲတော့ဘဲ ကျသင့်ငွေကို ထရှင်းတော့၏။

ထို့နောက် ဆိုင်ရှေ့သို့ တစ်ယောက်တည်း ကြိုထွက်နှင့်ကာ ကားထဲ ဝင်ထိုင်နေ၍ လပြည့် ချက်ချင်း ထလိုက်မသွားပဲ ကုန်အောင် သောက်မသွားသော သူမကော်ဖီပန်းကန်ကို ယူကာ ထိုင်သောက်နေလိုက်သည်။



www.burmeseclassic.com

www.burmeseclassic.com





BURMESE CLASSIC

ကော်ဖီပါ ကုန်သွားမှ စားပွဲမှ ထကာ ကားဆီ လျှောက်လာခဲ့လေသည်။ လပြည့် ကားထဲ ဝင်ထိုင်ပြီးသည်နှင့် သူမ ချက်ချင်းပင် မောင်းထွက်လာခဲ့သည်။ ဆိုင်နှင့် အတော်ဝေးဝေးကို ရောက်လာမှ . .

"ရှင် ဘာလုပ်တာလဲ"

"ဗျာ. . . ကျွန်တော် ဘာလုပ်လို့လဲ"

"ဘာလို့ ကော်ဖီပန်းကန်ကို ယူသောက်တာလဲ၊ သူများတွေ လှမ်းကြည့်နေတာ မရှက်ဘူးလား"

"မရှက်ပါဘူး. . . အဲ့ဒါ ကျွန်တော့်ရဲ့ချစ်ခြင်းမေတ္တာတရားကို သက်သေထူလိုက်တာ၊ ဒါကို ရွံစရာ ရှက်စရာလို့ ထင်တဲ့ယောကျ်ားတာ တစ်ခုလပ် မိန်းမတစ်ယောက်ကို ချစ်ခင်ဖို့ မထိုက်တန်တဲ့သူပဲ"

"ဟင်. . . ဘာဆိုင်လဲ"

"ဆိုင်ပါသော်ကော မနေရီရှိ ကျွန်တော် မနေရီရီကို ချစ်နေမှ တော့ သူများသောက်ပြီးသား မသောက်ချင်ဘူးဆိုရင် သဘာဝ ကျပါ



www.burmeseclassic.com

www.burmeseclassic.com



မလား"

"သွား. . . ဘယ်သူက အတင်းသောက်ခိုင်းနေလို့လဲ"

"လပြည့်လေ. . . လပြည့်ဆိုတဲ့ကောင်ပေါ့"

သူမ ခပ်တည်တည် လုပ်နေရာမှ မအောင့်အည်းနိုင်သလို ခိခနဲ အသံထွက်လာကာ ရယ်တော့သည်။

"ကျွန်တော်တို့ လက်ထပ်ကြမယ်နော်"

"ဟာ. . . ဒီလူကြီး လွန်လာပြီနော်"

"ဘာပဲဖြစ်ဖြစ် ချစ်တယ်ဗျာ"

"တဲ. . ."

ထိုကဲက အပြုံးနှင့် ကဲလိုက်ကြောင်း လပြည့် မြင်လိုက် ကြား လိုက်ရ၍ ဒီနေ့တော့ ဒီလောက်နှင့်ပင် ကျေနပ်မည် ဆုံးဖြတ်ကာ နေပစ်လိုက်ပါသည်။ နောက်နေ့ပေါင်းများစွာအတွက် ချန်ထားရဦး မည်။

BURMESE CLASSIC

WaiHZar



www.burmeseclassic.com